The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 34 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 7 , 2015



## သဘာဝဘေးအန္တရာယ်ရဲ့ နောက်ဆက်တွဲရန်သူ

| မယ်သီတာ | ၂၀

ကုမ္ပဏီများ၏လုပ်ဆောင်မှု အခြေအနေများအား သိရှိရန်အတွက် ကြေညာချက် ထုတ်ပြန်ထားခြင်း ဖြစ်သည်ဟု ဆို ၃

မြန်မာ့ဆန်ဈေးကွက်တွင် ဆန်ချောဈေးပြန်ငြိမ်သွားသော်လည်း ဆန်ကြမ်းဈေး ဆက်လက်မြင့်တက် ၄

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဈေးကွက်ကို ထောက်လှမ်းစောင့်ကြည့်ရှုလျက်ရှိ ၂၅

## စားသုံးသူကာကွယ်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး



၁၄


MSW
မောင်စိန်ဝင်း နှင့် ညီများ
စက် နှင့် စက်ကိရိယာပစ္စည်းရောင်းဝယ်ရေး
ပစ္စည်းအစစ်အမှန်များကိုသာ ဈေးနှုန်းမှန်ကန်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးနေပါသည်
ဆိုင် (၁) ➤ အမှတ်(၁၈၃)၊ ၈၃လမ်း၊ ၂၆ × ၂၇လမ်းကြား၊ မန္တလေးမြို့။ 02-36258, 36238, 39197, 09-91014796
ဆိုင် (၂) ➤ အမှတ်(၂၁၄)၊ ၂၇လမ်း၊ ၈၂ × ၈၃ကြား၊ မန္တလေးမြို့။ 02-24023, 09-91017573
ခြံ ➤ အကွက်(၁၅၅)၊ ၈၁လမ်း၊ ၂၁ × ၂၂လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ 02-71036
Email : MSW@mptmail.net.mm,d80nikon2001233@gmail.com
WWW.mswmyanmar.com




# နေပြည်တော်နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲများကျင်းပ

ဩဂုတ်လ ၃၁ ရက်နေ့ ဝ၈း၃ဝ နာရီတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တောင်ကြီးဟိုတယ်၌ လည်းကောင်း၊ စက်တင်ဘာလ ၃ ရက်နေ့ နံနက် ဝ၉း၀၀ နာရီ အချိန်တွင် နေပြည်တော်ရှိ Royal ACE Hotel ၌ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် USAID (The United States Agency for International Development) တို့ ပူးပေါင်း၍ "Protecting Consumer Rights in Myanmar: Effectively Implementing on the New Law on Consumer Protection and International Perspectives" ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုဆွေးနွေးပွဲများသည် မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်များအတွက် USAID နှင့်ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက်နှင့် စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲများဖြစ်ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ် မေလတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ဆွေးနွေးပွဲများအား ရည်ရွယ်ချက် (၆) ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းရည်ရွယ်ချက်များမှာ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ ကျွမ်းကျင်သူများထံမှ နိုင်ငံတကာ စားသုံးသူကာကွယ်ရေးဆိုင်ရာ ရှုထောင့်အမြင်များကို လေ့လာသင်ယူနိုင်စေရန်၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စားသုံးသူများ၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်ရေးအတွက် အစိုးရဝန်ထမ်းများနှင့် ပြည်သူလူထုကို အသိပညာဖြန့်ဝေပေးရန်၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသိပညာဗဟုသုတများ ရရှိစေရန်၊ စားသုံးသူအကာအကွယ်ပေးရေး နယ်ပယ်တွင် အစိုးရဝန်ထမ်းများနှင့် ပြည်သူလူထုပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဗဟုသုတနှင့် အတွေ့အကြုံများရရှိစေရန်၊ အာဆီယံစီးပွားရေး အသိုက်အဝန်းတည်ထောင်ရာတွင် စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍ၌ အာဆီယံနိုင်ငံများနှင့်အတူ ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ၂၀၁၅ အလွန် အာဆီယံ စားသုံးသူကာကွယ်ရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် အရင်းအမြစ် တည်ဆောက်သည့်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်စေရန်တို့ ဖြစ်ပါသည်။

တောင်ကြီးမြို့ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က လည်းကောင်း၊ USAID မှ Mission Economist ဖြစ်သူ Mr. Daniel Swift ကအလည်းကောင်း အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်၊ ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ USAID မှတာဝန်ရှိသူများ၊ ကုန်သည်အသင်းများနှင့် အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ထုတ်လုပ်သူနှင့် စားသုံးသူကိုယ်စားလှယ်များ၊ စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြပါသည်။

နေပြည်တော် ဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးကလည်းကောင်း USAID မှ Mission Economist ဖြစ်သူ Mr. Daniel Swift ကလည်းကောင်း အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်များ၊ ကုန်သည်အသင်းများနှင့် အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ဦး တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကုမ္ပဏီများ၏လုပ်ဆောင်မှု အခြေအနေများအား သိရှိရန်အတွက် ကြေညာချက် ထုတ်ပြန်ထားခြင်းဖြစ်သည်ဟု ဆို

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီများ မှတ်ပုံတင်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများအား မှတ်ပုံတင်သက်တမ်းကျန်ရှိသည်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည်ဖြစ်စေ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)ရန်ကုန်၊ နေပြည်တော်ရုံး၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ မွန်ပြည်နယ်ဦးစီးမှူးရုံးတို့သို့ စက်တင်ဘာလ ၁၄ ရက်နေ့ နောက်ဆုံးထား၍အကြောင်းကြားပေးရန်နှင့် အကြောင်းကြားခြင်းမပြုပါက ကုမ္ပဏီများအက်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည်။

ထိုကြေညာချက်သည် လုပ်ငန်းများဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအရေအတွက် မည်မျှရှိသည်ကိုသိရှိစေရန်အတွက်သာ ဖြစ်ကြောင်း၊ အချို့သောကုမ္ပဏီများမှာ စာရင်းတွင် အမည်ဖော်ထားသော်လည်း လုပ်ငန်းများ လုပ်ဆောင်နေခြင်းမရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် စက်တင်ဘာလ ၁၄ ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၊ ရန်ကုန်၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ အကြောင်းကြားပေးရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ အကြောင်းကြားရာတွင် လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ ဖက်စ် (သို့မဟုတ်) အီးမေးလ် (သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့ကြရန်သာဖြစ်ကြောင်း၊ အကြောင်းကြားလာခြင်းမရှိသည့်ကုမ္ပဏီများအား ကုမ္ပဏီစာရင်းမှ ပယ်ဖျက်မည်ဖြစ်သည့်အတွက် လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေသည့်ကုမ္ပဏီများအနေဖြင့် အကြောင်းကြားပေးစေလိုကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

မယ်သီတာ

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.34 Monday September 7 2015

# မြန်မာ့ဆန်စျေးကွက်တွင် ဆန်ချောစျေးပြန်ငြိမ်သွားသော်လည်း ဆန်ကြမ်းစျေး ဆက်လက်မြင့်တက်

ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်စျေးကွက်မှာ စက်တင်ဘာလ ၄ ရက်နေ့ စျေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၈၅၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၇၀၀၀ ကျပ်စျေးတို့ဖြင့် စျေးငြိမ်နေသော်လည်း နယ်စုံပေါ်ဆန်းထိပ်စ ၃၈၀၀၀ ကျပ်၊ မြောင်းမြ/ပုသိမ်ပေါ်ဆန်း လတ်စ ၃၉၅၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၄၈၅၀၀ ကျပ်မှ ၅၀၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း စျေးဆက် ကျလာတာတွေ့ရပါတယ်။

ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဆန်ချောများ ပုံမှန်ဝင်ရောက်နေသော်လည်း ယခင်ရေကြီးခဲ့စဉ်က စိုးရိမ်စိတ်ကြောင့် နှစ်လစာလောက်ဝယ်ထားကြလို့ ဆန်ချောအဝယ်တွေအေးပြီး စျေးကျရတာဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စတစ်အိတ် ကို ၂၂၀၀၀ ကျပ်၊ ထိပ်စ ၂၄၀၀၀ ကျပ်၊ နွေဆန်ရှယ် စျေးနှုန်း ၂၂၈၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်၊ မိုးသုခ ၂၄၅၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်၊ မီး ကောက် ၂၆၀၀၀ ကျပ်မှ ၂၇၀၀၀၊ ဆင်းသွယ်လတ် ၂၆၀၀၀ ကျပ်မှ ၂၈၀၀၀ ကျပ် အသီးသီးဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၁၀၀၀ ကျပ်မှ ၁၈၀၀ ကျပ်အထိ စျေးဆက်လက်မြင့်တက်သွားတာ တွေ့ရပါ တယ်။

စက်တင်ဘာ ၁၅ ရက်နောက်ပိုင်း ပြည်ပသို့ဆန်ပြန်လည်တင်ပို့ခွင့်ပြုမည်ဆိုတဲ့ သတင်းကြောင့် စပါး/ဆန်လက်ဝယ်ရှိသူများက တက်စျေးမျှော်ကာစျေးထိန်းလျက်ရှိသလို ဆန်ကြမ်းအဝင်နည်းချိန် အဝယ်လိုက်နေလို့ စျေးဆက်တက်ရတာဖြစ်ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်ချောတွေပုံမှန်ဝင်နေသော်လည်း ဆန်ကြမ်းအဝင်ပါးနေတယ်လို့ ကုန်စည်ဒိုင်စျေးကွက်မှ သိရပါတယ်။

ရန်ကုန်စျေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် တစ်အိတ် (၁၀၈) ပေါင်ကို ၂၀၀၀၀ ကျပ် ခန့်ရှိနေပြီး ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့်စျေးတက်ကာ အဝယ်လိုက်နေတယ်လို့ ဆန်စျေးကွက်မှ သိရှိရပြီး ဆန်ကြမ်း ဆန်ကွဲတစ်အိတ်လျှင် ၈၀၀ ကျပ်ခန့် စျေးတက်နေကြောင်း သိရှိရပါတယ်။

တရုတ်လိုင်း-မူဆယ် ဆန်စျေးကွက်မှာတော့ မူဆယ်ရောက်ပြီးသား ဆန်လက်ကျန်လျော့ပါးသွားပြီး ပြည်တွင်းဆန်စျေးများမြင့်တက်လာသော်လည်း တရုတ်ကုန်သည်များကစျေးလိုက်တိုးမပေးဘဲ ဩဂုတ်လ ၁၄ ရက်နေ့ပေါက်စျေးနှုန်းအတိုင်းသာ ဝယ်ယူနေကြပါတယ်။ ဒါကြောင့် မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည်များ အလာကျဲသွားကာ ယခင်လိုင်စင် လက်ကျန် ဆန်အနည်းငယ်ကိုသာ အရောင်းအဝယ်ရှိတော့ကြောင်း စက်တင်ဘာ ၄ ရက်နေ့ မူဆယ်ရှိ ဆန်စျေးနှုန်းမှာ ဧည့်မထ ၅ မှတ် တစ်အိတ်ကို ၁၄၂-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် ၁၃၅-၁၃၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၅-၁၃၀ ယွမ်၊ ငစိန် ၅ မှတ် ၁၃၇-၁၃၉ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၆-၁၃၀ ယွမ် အသီးသီးရှိနေပြီး စက်တင်ဘာ ၄ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၉၈ ကျပ် ခန့်ရှိတယ်လို့ မူဆယ်ဆန်စျေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လ ၂၈ ရက်နေ့ထိ တန်ချိန် ၆၇၈၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော်ရရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၀၁၁၇၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၂ သန်းကျော် ဖိုးပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ရေဘေးကြောင့် ပြည်ပဆန်တင်ပို့ခွင့်ရပ်နားထားရာမှ စက်တင်ဘာလလယ်တွင် ပြန်လည်တင်ပို့ခွင့်ပြုမည်ဆိုသည့် သတင်းကြောင့် ဆန်ကြမ်းများစျေးတက်ခဲ့သလို တက်ရိပ်ပြလျက်ရှိနေပါတယ်။

မြန်မာနိုင်ငံတွင် လတ်တလော ကြုံတွေ့နေရသည့် ရေဘေးကြောင့် ဆန်ပြည်ပတင်ပို့ခွင့်ကို ရပ်ဆိုင်းထားခဲ့သော်လည်း ပြည်တွင်းစားသုံးသူများမှာ ဆန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကိုခံစားနေရကြောင်း၊ ပြည်ပတင်ပို့ခွင့်ကို မပိတ်ဘဲ ဆက်လက်တင်ပို့ခွင့်ပြုပါက မြန်မာ့ဆန်ကို အဓိကဝယ်ယူနေသည့် ဖောက်သည်ဖြစ်သည့် တရုတ်ဆန်ကုန်သည်များက ၎င်းတို့ဝယ်နေကျပုံစံအတိုင်းသာဝယ်ယူမည်ဖြစ်ပါကြောင်း၊ ယခုအခါတွင် ဆန်ပြန်လည်တင်ပို့ခွင့်ပြုမည်ဆိုသော်လည်း တရုတ်ဆန်ကုန်သည်များအနေဖြင့် မြန်မာ့ဆန်အားစျေးပိုပေး၍ ဝယ်ယူမည်မဟုတ်ကြောင်း၊ အကယ်၍ မြန်မာ့ဆန်စျေးကိုမြှင့်တင်၍ရောင်းချမည်ဆိုပါကလည်း မြန်မာ့ဆန်ထက် အရည်အသွေးပိုကောင်းပြီး စျေးနှုန်းနှင့် သယ်ယူခသက်သာမည့် ဗီယက်နမ်ဆန်ဘက်လှည့်ဝယ်သွားမည်ဖြစ်သောကြောင့် ပြည်တွင်းဆန်စျေးများ ယခုလောက်တက်မသွား နိုင်ကြောင်း မူဆယ်ဆန်စျေးကွက်အတွင်းရှိ ကုန်သည်အချို့ က သုံးသပ်ပြောကြားခဲ့ကြောင်း သိရပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၃-၉-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဥ်ချက် | ယခင် | ယခု | နှိုင်းယှဥ်ချက် | ယခင် | ယခု | နှိုင်းယှဥ်ချက် | ယခင် | ယခု | နှိုင်းယှဥ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၇ | ၃၇၆ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၉ | ၃၆၈ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၆၀ | ၃၆၅ | △ | ၃၂၅ | ၃၁၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၉ | ၃၅၈ | ▽ | ၃၁၀ | ၃၂၀ | △ | ၃၃၅ | ၃၄၀ | △ | ၂၉၅ | ၂၉၀ | ▽ |
| ပေါင်းဆန် | ၃၆၅ | ၃၅၅ | ▽ | - | - | - | ၃၅၅ | ၃၅၅ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၃-၉-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဥ်ချက် | ယခင် | ယခု | နှိုင်းယှဥ်ချက် | ယခင် | ယခု | နှိုင်းယှဥ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၅ | ၅၃၀ | △ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၀ | ၅၀၀ | △ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၄-၉-၂၀၁၅) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဥ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဥ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဥ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဥ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၄၀၀၀ | △ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၀၆၀ | □ | ၂၃၀၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၄၉၅၀ | △ | ၂၁၀၀၀ | △ | ၇၇၀၀ | △ | ၃၄၀၀၀ | △ |
| ရွှေဘို | ၅၃၀၀ | ▽ | ၂၁၀၀၀ | ▽ | ၁၃၄၀၀ | △ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၈၂၀၀ | △ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၈၅၀ | □ | ၂၂၀၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၃၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၀၅၀၀ | □ | ၈၂၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၅၅၀၀ | △ | ၂၅၀၀၀ | △ | - | - | ၄၁၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

# ဟသ်ာတဆန်စျေးကွက် ရေကြီးချိန်အရောင်းသွက်ရာမှ ယခုလက်ရှိမှာ စျေးကျဆင်း အရောင်းအဝယ်အေး

ဟသ်ာတမြို့ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာန၊ ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ ဦးလှိုင်ထွဋ်နဲ့အဖွဲ့က ဟသ်ာတမြို့ပေါ်ရှိဆန်အရောင်းအဝယ် ဖောက်ကားမှု များပြားပြီး ဆန်ကြီး နှစ်ဆိုင်ဖြစ်သော ဦးတင်ရီပိုင် နေလဆန်ဆိုင်နဲ့ ဦးထူးထူးပိုင် ထူးထူးဆန်ဆိုင်သို့ သွားရောက်၍ ဆန်စျေးကွက်အခြေအနေများကို မေးမြန်းခဲ့ပါတယ်။

ထိုသို့သွားရောက်မေးမြန်းခဲ့ရာတွင် ဟသ်ာတမြို့ ရေကြောင်းဆိုင်ခန်းရှိ နေလ ဆန်ဆိုင်ပိုင်ရှင် ဦးတင်ရီရဲ့ သားကိုဖိုးခွားမှ ပြောကြားရာ ရေကြီးချိန်မိမိတို့ဆန်ဆိုင်သို့ မြို့ပေါ်ရှိ ဆန်စက်များအပြင် ပုသိမ်၊ ရှားခဲ၊ အထောင်၊ ကွင်းကောက်ဘက်မှ ဆန်များဝင်ရောက်ပြီး ၎င်းကာလမှာ အရောင်းသွက်တဲ့ အလတ်စ ရွှေဝါထွန်း၊ ရွှေဝါဆန်း ဆန်တစ်အိတ်ကို ၂၀၀၀၀ ကျပ်စျေးနှုန်းဖြင့် တစ်နေ့ကို အိတ်ရေ ၄၀၊ ၅၀ မှ ၁၀၀၊ ၁၅၀ အထိ အရောင်းအဝယ်ပုံမှန်ရှိကြောင်း၊ ယခုအခါ မြို့ပေါ် စားသုံးသူ အဝယ်သာရှိပြီး ရွှေဝါထွန်း၊ ရွှေဝါဆန်း တစ်အိတ်ကို ၁၉၅၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်အထိ စျေးကျလာပြီး နယ်မှ အဝင်မရှိတော့ကြောင်း၊ ဆန်မဝယ်ဘဲ ဖွဲနဲ့ ဆန်ကွဲသာ ဝယ်ကြကြောင်း၊ ဖွဲနုပေါင် ၇၀ တစ်အိတ်ကို ၉၀၀၀ ကျပ်နဲ့ B ၂၃၄ တစ်အိတ်ကို ၁၄၆၀၀ ကျပ်စျေးဖြင့် ရောင်းရကြောင်း စျေးမှာ တဖြည်းဖြည်းကျနေပြီး ဆန်မှာ တစ်နေ့ကို ၁၀ အိတ်၊ ၁၅ အိတ်သာ ရောင်းရကြောင်း၊ အချို့သော လောဘတကြီး ဆန်ဝယ်ထားသူများ ရှုံးနေကြကြောင်း ပြောပါတယ်။

ဆက်လက်၍ ဘူတာကုန်ရုံလမ်းရှိ ဦးထူးထူးပိုင် ထူးထူးဆန်ဆိုင်သို့ သွားရောက်မေးမြန်းခဲ့ရာ ရေကြီးချိန် အလှူဆန်ကာလမှာ အနိမ့်စ ရွှေဝါထွန်း၊ ရွှေဝါဆန်း တစ်အိတ်ကို ၁၇၀၀၀ ကျပ်၊ ပုသိမ်ဆန် တစ်အိတ် ၂၂၅၀၀ ကျပ်စျေးနဲ့ ဝယ်ယူပြီး တစ်အိတ်ကို ၅၀၀ ကျပ်သာ အမြတ်တင်၍ ရောင်းချချိန် အရောင်းအဝယ်ကောင်းပြီး တစ်နေ့ကို အိတ်ရေ ၁၀၀ အိတ်၊ ၁၂၅ အိတ်ခန့် ရောင်းချရကြောင်း၊ ယခုအခါ ရွှေဝါထွန်း တစ်အိတ်ကို ၁၉၀၀၀ ကျပ်၊ အချွန် (ဧည့်မထလုံးသွယ်) တစ်အိတ်ကို ၂၅၅၀၀ ကျပ်ဖြင့် စျေးကြီးပေးဝယ်နေရပြီး ဆန်တစ်အိတ်ကို ၅၀၀ ကျပ်သာ အမြတ်တင်ရောင်းချသော်လည်း အိတ်ရေ ၂၀၊ ၃၀ သာ ရောင်းချရမှုရှိကြောင်း ၎င်းကပြောပါတယ်။

ဟသ်ာတမြို့ဝန်းကျင် ရေနစ်မြုပ်သော တစ်ဖက်ကမ်းမှ ရွာများနဲ့ အင်ပူ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ စျေးကွက်တွင် ယခင်အလှူဆန်ဝယ်ယူမှုလျော့နည်းသွားချိန် အရောင်းအဝယ်လည်း အေးလျက်ရှိပြီး ၎င်းရွာများတွင် ရေဘေးအတွက် လှူဒါန်းထားသော ဆန်များ အလုံအလောက်ရရှိထားပြီး ယခင်လက်လီဝယ်ယူစားသုံးနေသော ပြည်သူများမှာ အလှူဆန် ၁၊ ၂ အိတ် ခန့်ရရှိကာ ဆန်ဖူလုံမှုရှိနေသည့်အတွက် ကောက်စောပေါ်ချိန်အထိ အရောင်းအဝယ်အေးသွားနိုင်ကြောင်း ဦးထူးထူးက ဆက်လက်ပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၉-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၀၂ | ၂၃၇၉ | ▲ | ၂၄၈၃ | ၂၄၁၇ | ▼ | ၂၅၁၀ | - | - | - | - | - |
| ၂ | ပဲစင်းငုံ | - | - | - | ၂၅၈၃ | ၂၅၀၀ | ▼ | ၂၅၀၀ | - | - | - | - | - |
| ၃ | ပဲတီစိမ်း | ၂၀၆၅ | ၂၁၀၀ | ▲ | ၁၃၉၆ | - | - | ၁၇၈၉ | - | - | ၁၅၈၀ | ၁၃၇၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၆၀ | ▲ | - | - | - | - | - | - | ၁၅၁၀ | ၁၅၁၀ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၂၆၅ | ၁၂၈၀ | ▲ | ၁၁၆၇ | - | - | - | - | - | ၁၁၆၀ | ၁၁၆၀ | ■ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၂၀ | ■ | ၉၀၇ | ၁၀၁၃ | ▲ | ၈၈၄ | - | - | ၇၉၀ | ၇၉၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၉-၂၀၁၅ ဒေါ်လာ/တန်


| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇/၈ | ၃/၉ | ပြောင်းလဲမှု | ၂၇/၈ | ၃/၉ | ပြောင်းလဲမှု | ၂၇/၈ | ၃/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၂၀ | ၁၁၃၀ | ▲ | ၁၁၉၆ | ၁၁၇၈ | ▼ | ၁၂၁၁ | ၁၁၃၃ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၅၀ | ၁၄၀၀ | ▲ | ၁၄၆၁ | ၁၄၅၀ | ▼ | ၁၄၃၈ | ၁၄၄၂ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၈၇၈ | ၉၆၆ | ▲ | ၉၈၄ | ၁၀၅၇ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၇၂ | ၇၇၄ | ▲ | ၇၃၄ | ၇၄၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၂.၈.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၉.၈.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၂၉.၈.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၀၂၃၈ | ၉၂၁၀ | ၃၅၄၂၂၃ |
| ပဲတီစိမ်း | ၇၉၆ | ၅၂၁၇ | ၈၉၂၁၇ |
| ပဲစင်းငုံ | ၅၄၇၀ | ၂၁၂၈ | ၁၀၆၁၂၉ |
| ကုလားပဲ | ၂၇၂ | ၄၈ | ၂၃၀၂၇ |
| ပဲလွန်းဖြူ | ၁၉၁ | ၁၈၉ | ၁၀၆၂၉ |
| မြေထောက်ပဲ | ၈၉ | ၄၈ | ၁၀၄၅၁ |



## အရောင်းအဝယ်သွက်တဲ့ စစ်ကိုင်းပဲတီစိမ်း

ပဲတီစိမ်းသီးနှံအသစ်များ မုံရွာကုန်စည်ဒိုင်သို့ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ဆားလင်းကြီး မြို့နယ်များမှ တစ်ရက်ပျမ်းမျှ တင်း၂၀၀၊ ၃၀၀ခန့် ဝင်ရောက်လျက်ရှိရာ အရည်အသွေး အသင့်အတင့် ကောင်းကြောင်း ကုန်သည်တစ်ဦးမှ ပြောပါတယ်။

ပဲတီစိမ်းအသစ်များထွက်ပေါ်လာပြီဖြစ်၍ လှောင်လက်များက အဟောင်းများကို ထုတ်ရောင်းနေကြလို့ ဈေးလှုပ်နေပြီး၊ Export (တရုတ်) ဝယ်လက်ရှိ၍ မန္တလေးဝယ်လက် အဆွဲရှိကာ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်အသွယ်ဆုံး သီးနှံမှာ ပဲတီစိမ်းသီးနှံဖြစ်ပြီး တစ်ရက်ပျမ်းမျှ တင်း ၅၀၀ကျော် အရောင်းအဝယ်ဖြစ်ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ဩဂုတ်လအတွင်း ပဲတီစိမ်းတစ်တင်း ပေါက်ဈေး အနိမ့်၊ အမြင့်ဈေးမှာ ၃၃၀၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်ဈေးဖြစ်ပေါ်ခဲ့ပြီး၊ စက်တင်ဘာလဆန်းမှာ ၃၄၀၀၀ ကျပ်သို့ ကျခဲ့သော်လည်း အရောင်းအဝယ်ကတော့ သွက်နေဆဲလို့ သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ကုလားပဲဈေးပြန်ကျပေမယ့် ယခင်နှစ်ဈေးထက်နှစ်ဆခန့်ပိုရ

စက်တင်ဘာလဆန်းအတွင်း ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံ အနည်းငယ်ဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲများရှိတဲ့အတွက် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ခွဲစက်သမားများအဓိကထား ဝယ်ယူကြတာကြောင့် တစ်ရက်အိတ် ၄၀၀ ကျော်ထိ ဝယ်ယူမှုရှိကာ ဒေသတွင်း ဝယ်လက်သာတဲ့ပဲများထဲမှ ပဲကြီးသီးနှံထက် ပိုအရောင်းအဝယ်သွက်ခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးနှုန်းမှာ ယခင်လကုန်ဈေးထက် ပြန်လျော့သွားလို့ တစ်တင်း ၃၀၅၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်အတွင်း ကုလားပဲသီးနှံဈေးကောင်းခဲ့တဲ့ နှစ်လို့ဆိုရမှာဖြစ်ပါတယ်။ ယခင်နှစ်က စက်တင်ဘာလအတွင်း ကုလားပဲသီးနှံတစ်တင်း ပေါက်ဈေးမှာ ၁၄၀၀၀ ကျပ်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ်ထက် နှစ်ဆပိုရနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင် စက်တင်ဘာလဆန်း ပဲဈေးကွက် တက်ဈေးဖြစ်ပေမယ့် ရောင်းလက်အေး



မုံရွာကုန်စည်ဒိုင် စက်တင်ဘာလဆန်းပဲဈေးကွက်မှာ ဝယ်လိုအားကောင်းတဲ့ ပဲတွေက လက်ကျန်နည်းနေပြီး လက်ကျန်များတဲ့ပဲတွေ ဝယ်လိုအားပျော့နေတဲ့အတွက် အရောင်းအဝယ်ဖြစ်မှု အေးနေတယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

မတ်ပဲ၊ ငုံနီ၊ ကုလားပဲ စတဲ့ Export ဝယ်လိုအားရှိတဲ့ ပဲတွေက ယခုတစ်ပတ်မှာလည်း အမြင့်ဈေးများဖွင့်ပြီး ဝယ်လိုအားရှိပေမယ့် ဒိုင်ကုန်သည်တွေထံ လက်ကျန်မရှိသလောက်နည်းလို့ အရောင်းအဝယ်နေ့စဉ် မဖြစ်ခဲ့ဘူးလို့ ဆိုပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲအဟောင်း တစ်တင်း ၄၉၀၀၀ ကျပ်နဲ့ ချောင်းဦးနယ်က လာတဲ့မတ်ပဲအသစ်က တစ်တင်း ၄၅၀၀၀ ကျပ် ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက် အိတ် ၅၀၊ ၁၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ငုံနီဈေးကွက်မှာတော့ ရောင်းလိုအားမရှိသလောက် ရှားသွားကာ တစ်တင်း ၅၁၀၀၀ ကျပ်အထိ ဈေးပေါက်ခဲ့ပေမယ့် လက်ကားအဆင့် အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် စိမ်းကြီးဈေးကွက်အနေနဲ့ ချောင်းဦး၊ မြောင်၊ ရေဦးစတဲ့နယ်တွေက မိုးပဲတီအသစ် ဝင်နေပေမယ့် ပဲအရည်အသွေးညံ့လို့ သိပ်မရောင်းရဘူးလို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ အရည်အသွေးကောင်းတဲ့ ပဲက ပေါက်ဈေးအနေနဲ့ ယခင်တစ် ပတ်က ဈေးအတိုင်း တစ်တင်း ၃၄၀၀၀ ကျပ်နဲ့ တစ်ရက် အိတ် ၃၀၀၊ ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

ပြည်တွင်းသုံးပဲတွေ ဈေးငြိမ်နေခဲ့ရာ ပဲကြီးတစ်တင်း ၃၃၅၀၀ ကျပ်၊ ထောပတ်ပဲ တစ်တင်း ၁၆၅၀၀ ကျပ်၊ စွန်တာနီ တစ်တင်း ၁၇၀၀၀ကျပ်၊ ကသဲ တစ်တင်း ၁၇၅၀၀ ကျပ်နဲ့ ပဲနီလုံးကြား တစ်တင်း ၁၇၇၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်မျိုး အိတ်ရာဂဏန်းမျှသာ အရောင်းအဝယ် ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် စီပီပြောင်းဖူးစေ့ ဈေးကွက်အနေနဲ့ အသစ်တစ်တင်း ၁၀၅၀၀ ကျပ်နဲ့ အဟောင်းတစ်တင်း ၁၁၀၀၀ ကျပ်ဈေးမှာ ဆက်လက်မာနေပြီး တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်နေကာ ရေဝင်ဒေသများမှာ စိုက်ခဲ့ကြတဲ့ ပြောင်းခင်းတွေ ရေဝင်ပေမယ့် မပျက်စီးဘဲ အဖူးရင့်လို့ ဈေးကွက်ထဲဝင်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲနီပြား ယခုနှစ်ဈေးနှုန်းနဲ့ ယခင်နှစ်ကာလတူဈေး ကွာခြားမှုမရှိ

ပြည်ပဲဈေးကွက်မှာ ဒေသတွင်း ဝယ်လက်သာရှိပြီး လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့ ပဲများထဲမှာ ပဲနီပြားသီးနှံဟာ တစ်ခါတစ်ရံလက်ကားသမားများပါ အဝယ်ရှိလာလို့အိတ် ၅၀ မှ ၁၀၀ ကျော်ထိ အရောင်းအဝယ် သွက်ခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဩဂုတ်လလယ်မှစလို့ ဈေးမြင့်လာခဲ့ပြီး ယခုအချိန်ထိ ၎င်းဈေးအတိုင်း ဆက်လက်အရောင်း အဝယ်ဖြစ်နေခဲ့ပါတယ်။

ယခင်နှစ်က စက်တင်ဘာလဆန်း ဈေးမှာလည်း တစ်တင်း ၂၁၅၀၀ ကျပ်သာရရှိခဲ့တဲ့အတွက် ပဲနီပြားသီးနှံဈေးဟာ ယခုနှစ်အတွင်း အခြားပဲများကဲ့သို့ ဈေးမြင့်တက်လာခြင်းမရှိဘဲ ယခင်နှစ်ဈေးနှင့်ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ သိပ်ကွာခြားမှုမရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ်ဈေးကောင်းလာသော်လည်း လက်ကျန်နည်းလို့ အရောင်းအဝယ်အေးခဲ့

ယခု စက်တင်ဘာလဆန်းတွင် ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်နေသော ပဲများထဲမှာ ဘိုကိတ်ပဲသီးနှံဟာ လက်ကျန်မရှိသလောက်ဖြစ်ခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း အေးသွားတာကြောင့် အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာတော့ တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် တက်ဈေးနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခင်လဆန်းရက်က တစ်တင်း ၁၈၀၀၀ ကျပ်သာရရှိခဲ့ပြီး လလယ်မှစ၍ ဈေးမြင့်တက်လာခဲ့ကာ လကုန်ရက်မှာတော့ အခြားပဲများနည်းတူ လဆန်းရက်ထက် ဈေးပိုရလာခဲ့ပြီး ယခုစက်တင်ဘာလဆန်းမှာလည်း ၎င်းဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် အိတ်အရေအတွက် နည်းသွားပြီဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ဈေးကွက်အတွင်းနှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းအခြေအနေများ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိကအရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများအနက် ပြည်ပဝယ်လိုအားများသော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ ဈေးမြင့်တက်လျက်ရှိရာ ပဲစင်းငုံသီးနှံက ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေတာကို တွေ့ရပါတယ်။ နှစ်စဉ်ဈေးကောင်းရလျက်ရှိသော ပဲတီစိမ်းသီးနှံမှာ ယခုနှစ်အတွင်း ၎င်းပဲများနှင့်ယှဉ်ရင်တော့ ဈေးနည်းနေခဲ့ပါတယ်။ ဇွန်လမှစ၍ မတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ ကျပ်လေးသောင်းမှစမြင့်တက်လာခဲ့ရာ ဇူလိုင်လမှာတော့ ပဲစင်းငုံသီးနှံက မတ်ပဲထက်ဈေးပိုရလာသလို ဩဂုတ်လ အတွင်းမှာလည်း မတ်ပဲထက်ဈေးဆက်ပိုနေခဲ့တာကို တွေ့ရပါတယ်။ နှစ်အလိုက် ကာလတူဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများကို လေ့လာရာမှာတော့ အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ်-

| ပဲအမျိုးအစား | ၂၀၁၃ ဩဂုတ် | | ၂၀၁၄ ဩဂုတ် | | ၂၀၁၅ ဩဂုတ် | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၄၄၀၀ | ၁၆၂၀၀ | ၂၇၃၀၀ | ၂၈၆၀၀ | ၄၁၀၀၀ | ၄၈၅၀၀ |
| ပဲတီစိမ်း | ၁၆၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၃၂၉၀၀ | ၃၂၀၀၀ | ၃၇၀၀၀ |
| ပဲစင်းငုံ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၁၉၀၀ | ၂၃၄၀၀ | ၄၂၅၀၀ | ၅၃၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၃၅၀၀၀ | ၃၇၅၀၀ | ၂၄၉၀၀ | ၂၅၅၀၀ | ၂၇၅၀၀ | ၃၅၅၀၀ |
| ပဲကြီး (ကမ်းနား) | ၃၄၀၀၀ | ၃၅၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၆၅၀၀ | ၃၃၀၀၀ |
| ပဲပုပ် | ၂၂၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၆၅၀၀ | ၁၇၅၀၀ |
| ကုလားပဲ | ၁၇၆၀၀ | ၁၈၂၀၀ | ၁၄၁၀၀ | ၁၄၅၀၀ | ၂၈၀၀၀ | ၃၁၇၀၀ |

နှစ်အလိုက်ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများကို လေ့လာရာ၌ ၂၀၁၃ ခုနှစ်အတွင်းမှာ မတ်ပဲဈေးက အလွန်နည်းခဲ့တာကို တွေ့ရပြီး ၂၀၁၄ မှာတော့ ယခင်နှစ်ထက်ပိုလာကာ ၂၀၁၅ ဩဂုတ်လမှာတော့ ဈေးသိသိသာသာ ကောင်းလာခဲ့ပါတယ်။ ၂၀၁၃ ဩဂုတ်လအတွင်း နိမ့်ဈေးတစ်တင်း ၁၄၄၀၀ ကျပ်နဲ့ အမြင့်ဈေး တစ်တင်း၁၆၂၀၀ ကျပ်သာရရှိပြီး ၂၀၁၄ မှာတော့ နိမ့်ဈေး တစ်တင်း ၂၇၃၀၀ ကျပ်မှ အမြင့်ဈေး ၂၈၆၀၀ ကျပ် ခန့်ဖြင့် ယခင်နှစ်ကထက် တစ်တင်း ကျပ်တစ်သောင်းခန့် ပိုရလာခဲ့ပါတယ်။ ယခုနှစ်မှာတော့ မတ်ပဲဈေးနှုန်းဟာ ပဲပေါ်စအချိန်မှစ၍ ယခင်နှစ်က ဈေးကိုရရှိခဲ့ကာ တဖြည်းဖြည်း မြင့်တက်လာခဲ့တဲ့အတွက် ဩဂုတ်လမှာတော့ အနိမ့်ဈေး တစ်တင်း ၄၀၃၀၀ ကျပ်မှ အမြင့်ဈေးနှုန်း တစ်တင်း ၄၁၅၀၀ ကျပ်ထိ ရရှိလာခဲ့ပါတယ်။ ဝယ်လက်ကတော့ ရန်ကုန်အဝယ်ရှိလို့ နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ အဝင်ပါးပေမယ့် ပဲလက်ကျန်များ ရှိလို့ လိုသလောက် ရောင်းဝယ်နိုင်ခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ၂၀၁၃ ခုနှစ် အတွင်းသာ ဈေးအေးခဲ့ပြီး ၂၀၁၄ နှင့် ၂၀၁၅ မှာတော့ ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ အတွင်း ပြည်ပဝယ်လိုအားရှိသော မတ်ပဲ၊ ပဲစင်းငုံသီးနှံမှာလည်း ဈေးအေးခဲ့တဲ့အတွက် ၎င်းပဲများနှင့် ပဲတီစိမ်းဈေးက သိပ်မကွာခြားဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၃ခုနှစ် ဩဂုတ်လအတွင်း တစ်တင်း ၁၆၀၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ထိသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ တစ်တင်း ၃၀၀၀၀ ကျပ်မှ ၃၂၉၀၀ ကျပ်ထိ ဈေးမြင့်ရလာကာ ၎င်းနှစ်မှာ မတ်ပဲနှင့် ပဲစင်းငုံဈေးထက်လည်း ပဲတီစိမ်းသီးနှံဈေးပိုရနေခဲ့ပြီး ၂၀၁၅ မှာတော့ ပဲတီစိမ်းသီးနှံဈေးဟာ တစ်တင်း ၃၂၀၀၀ ကျပ်မှ ၃၇၀၀၀ ကျပ် ရရှိခဲ့သော်လည်း မတ်ပဲနဲ့ ပဲစင်းငုံ သီးနှံများထက် ဈေးလျော့နည်းနေခဲ့ကြောင်း သိရပါတယ်။

မန္တလေးဝယ်လက်ကတော့ ပြည်ပဝယ်ယူမှုအပေါ် မူတည်၍အရောင်းအဝယ်ဖြစ်ခဲ့ကြတာကြောင့် ဩဂုတ်လအတွင်းမှာ နေ့စဉ်အိတ် ၃၀၀ မှ ၄၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ သုံးနှစ်တာကာလအတွင်း နှိုင်းယှဉ်ချက်အရ ယခုနှစ်မှာ ဈေးအမြင့်ဆုံး စံချိန်တင်နေသလို ပဲဈေးကွက်မှာလည်း ဈေးအမြင့်ဆုံးအရောင်းအဝယ်ဖြစ်နေတဲ့ ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ပြည်ပဝယ်လက်ပဲအားလုံး ဈေးအေးတဲ့အတွက် ပဲစင်းငုံဈေးမှာ တစ်တင်း ၁၇၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်သာ ဩဂုတ်လအတွင်း ရရှိခဲ့ပါတယ်။

၂၀၁၄ ဩဂုတ်လမှာတော့ ယခင်နှစ်ထက် ဈေးပိုလာသော်လည်း မတ်ပဲဈေးထက်ဈေး လျော့နည်းခဲ့ကာ တစ်တင်း ၂၁၉၀၀ ကျပ်မှ ၂၃၄၀၀ ကျပ်ရရှိလာခဲ့ပါတယ်။ ယခု ၂၀၁၅ ခုနှစ်အတွင်းမှာတော့ မတ်ပဲဈေးထက်လည်း ဈေးပိုလာပြီး တစ်တင်း ၄၂၅၀၀ ကျပ်မှ ၅၃၀၀၀ ကျပ်ထိ ဈေးကောင်း ရလျက်ရှိနေခဲ့ပြီး ပြည်ပဲဈေးကွက်မှာတော့ ပဲလက်ကျန်အနည်းငယ်သာရှိသလို ရန်ကုန်ဝယ်လက်မှ ပြည်ပ ဝယ်လိုအားရှိမှုအပေါ် ဝယ်ယူတဲ့အတွက် ရက်ခြားအရောင်းအဝယ်ဖြစ်သည့်အခါတွင် အိတ် ၃၀၀ ကျော် ရောင်းချရကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့သော ပဲကြီးသီးနှံကတော့ ပြည်ပဝယ်လိုအားရှိသော ပဲများနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ ၂၀၁၃ ခုနှစ်မှာ ဈေးကောင်းနေပြီး နောက်နှစ်များမှာ တဖြည်းဖြည်း ဈေးလျော့အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ ဩဂုတ်လအတွင်း ပဲဈေးကွက်မှာ ပဲကြီးဈေး အမြင့်ဆုံးရနေပြီး (ရွှေကျွန်း) တစ်တင်း ၃၅၈၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ထိ ရရှိခဲ့သလို (ကမ်းနား) ပဲမှာ တစ်တင်း ၃၃၀၀၀ ကျပ်မှ ၃၄၀၀၀ ကျပ်ရရှိခဲ့ပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရနေခဲ့ပါတယ်။

၂၀၁၄ မှာတော့ ပဲကြီးဈေးနှုန်းဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။ ၎င်းနှစ်မှာတော့ ပြည်ပဝယ်လက်ရှိတဲ့ ပဲများနည်းတူ ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး (ရွှေကျွန်း) တစ်တင်း ၂၄၉၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၅၀၀ ကျပ်မှ ၂၂၉၀၀ ကျပ်နဲ့ ယခင်နှစ်ထက် ဈေးလျော့နည်းကျဆင်းသွားခဲ့ပါတယ်။ ၂၀၁၅ ဩဂုတ်လမှာလည်း ယခင်နှစ်က ဈေးနဲ့ သိပ်မကွာခြားဘဲ (ရွှေကျွန်း) တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၆၅၀၀ ကျပ်ဖြင့်သာ ဒေသအတွင်း ပဲလှော်ဖိုသမားများ အဓိကထားဝယ်ယူခဲ့တဲ့အတွက် ယခုလအတွင်း တစ်ရက်အိတ် ၃၀၀ နဲ့ ၃၅၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲပုပ်သီးနှံကတော့ ပဲဈေးကွက်တွင် ဈေးအတက်အကျသိပ်မဖြစ်ဘဲ နှစ်စဉ် ရောင်းဝယ်ခဲ့ကြတာကို တွေ့ရပါတယ်။ သို့သော်လည်း ၂၀၁၃ ဩဂုတ်လနဲ့ ၂၀၁၄ ဩဂုတ်လများတွင် ပဲတစ်တင်း ၂၀၀၀၀ ကျပ်တစ်ပတ်လည်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်မှာတော့ တစ်နှစ်တာလုံး ဈေးအေးခဲ့တာကြောင့် ဩဂုတ်လအတွင်းမှာ တစ်တင်း ၁၆၀၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်သာ ဈေးကွက်အတွင်းမှာလည်း ဈေးအေးခဲ့တဲ့ပဲဖြစ်ခဲ့ပြီး ယခုကာလများတွင် ပဲလက်ကျန်လည်းနည်းသွားပြီဖြစ်တဲ့အတွက် လက်လီသမားလောက်သာ အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲသီးနှံကတော့ နှစ်စဉ် ဈေးအေးခဲ့ရာမှ ယခု ဩဂုတ်လမှာ တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၇၅၀၀ကျပ်ထိ ရှေ့နှစ်များကထက် ဈေးပိုရလာခဲ့ပါတယ်။ နှစ်စဉ် ပဲများ၏ ကာလတူအချိန် ဈေးနှုန်းများအရ ကုလားပဲသီးနှံဟာ ၂၀၁၃ နှင့် ၂၀၁၄ ဩဂုတ်လအတွင်းမှာ အခြားပဲများနဲ့နှိုင်းယှဉ်ရာတွင် ဈေးအနိမ့်ဆုံးရခဲ့တာကို တွေ့ရပြီး ယခုနှစ်မှာတော့ ကုလားပဲဈေးမြင့်လာတဲ့အတွက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံဈေးများကို မမီပေမယ့် ပဲပုပ်သီးနှံထက်ဈေးပိုလာကာ ပဲကြီးသီးနှံနှင့် အပြိုင်ဈေးရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုလားပဲ ဈေးကောင်းရ

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလဆန်း ပဲဈေးကွက်မှာ Export ဝယ်လက်အချို့ အနည်းငယ်ဝယ်ယူခဲ့သလို ဒေသတွင်း ပဲခွဲစက်၊ ကြာဆံစက်နဲ့ပဲလက်လီဝယ်လိုအားကောင်းနေဆဲဖြစ်တဲ့အတွက် ကုလားပဲဈေးဆက်လက်မာနေခဲ့ရာ ထိုင်ဝမ်တစ်တင်း ၂၉၈၀၀ ကျပ်၊ V2 တစ်တင်း ၂၉၂၀၀ ကျပ်နဲ့ 929 ကုလားပဲတစ်တင်း ၃၀၀၀၀ ကျပ်အသီးသီး အမြင့်ဆုံးပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဆောင်းရာသီက ကုလားပဲစိုက်ပျိုးမှု အနည်းငယ်လျော့ခြင်း၊ ရာသီဥတုကြောင့် အထွက်နည်းခြင်း၊ ယခုနှစ်မှာ ပဲဝင်ရောက်မှု ဒိုင်မှာတည်ငြိမ်ခဲ့လို့ ပေါ်ကာစကာလထက် တဖြည်းဖြည်း ဈေးမြင့်လာခဲ့ရာမှ ထိုင်ဝမ်ကုလားပဲ တစ်တင်း ၁၅၈၀၀ ကျပ်မှ မေလမှာ ၂၂၀၀၀ ကျပ်နဲ့ စက်တင်ဘာလဆန်းမှာ ၂၉၈၀၀ ကျပ်သို့လည်းကောင်း၊ V2 မှာ ပေါ်ကာစ တစ်တင်း ၁၇၃၀၀ ကျပ်၊ မေလမှာ ၂၂၀၀၀ ကျပ်နဲ့ ယခု ၂၉၂၀၀ ကျပ်သို့လည်းကောင်း၊ 929 ကုလားပဲမှာ ပေါ်ကာစ တစ်တင်း ၁၆၇၀၀ ကျပ်၊ မေလမှာ ၂၁၉၀၀ ကျပ်နဲ့ စက်တင်ဘာလဆန်းမှာ ၃၀၀၀၀ ကျပ်အသီးသီး ဈေးမြောက်ခဲ့တာ တွေ့ရပါတယ်။

အခုလိုဈေးကောင်းရလို့ ပဲစိုက်တောင်သူကြီးတွေ ရောင်းလိုအားပေါ်ပေါက်လာတာမို့ မျိုးအတွက်ချန်ကာ မုံရွာပွဲရုံတွေဆီ အပ်နှံရောင်းချမှုတွေရှိခဲ့လို့ တစ်ရက်ကုလားပဲမျိုးစုံ အိတ် ၄၀၀ မှ ၅၀၀ ကြား ပုံမှန်အရောင်း အဝယ်ဖြစ်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်ကသိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**



## ပြည်ပဲတီစိမ်းဈေးပြန်မြင့်လာပြီး ဝယ်လက်ပုံမှန်ရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေသော်လည်း ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံကတော့ ဈေးဆက်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်ရှိသော်လည်း အိတ်အနည်းငယ်သာ ဝင်ရောက်ပြီး လက်ကျန်လည်းရှိတဲ့အတွက် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကာ မန္တလေးဝယ်လက်မှာ အဝယ်ရှိလို့ အိတ် ၁၅၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ၃၇၅၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်ထိ ယခင်တစ်ပတ်ထက် တစ်တင်း နှစ်ထောင်ကျော်မြင့်တက်လာခဲ့ပါတယ်။

ဩဂုတ်လဆန်းရက်တွင် ပဲတီစိမ်း တစ်တင်း ၄၀၀၀၀ ကျပ်ထိ ဈေးကောင်းခဲ့ပြီး လကုန်ရက်မှာ ဈေးပြန်လျော့ပေမယ့် ယခုစက်တင်ဘာလဆန်းမှာတော့ ဈေးပြန်မြင့်လာ သော်လည်း ဩဂုတ်လဆန်းဈေးကို မမီခဲ့သေးတာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း



### ချင်း ၁၇ တန်ကျော်တင်ပို့

ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း ချင်း ၁၇ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ချင်း ၄၈ တန်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ၃၁ တန်ကျော်တင်ပို့ မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၁၄၈၃ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မောင်တောစခန်းမှ ချင်းစိုတင်ပို့

မြန်မာ့ချင်းစိုကို အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကို ပုံမှန်တင်ပို့လျက်ရှိပါတယ်။ ဩဂုတ်လ နောက်ဆုံးပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂၇၅၀၀ တန်ဖိုးရှိတဲ့ ချင်းစို တန် ၅၀ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊ စစ်တွေနဲ့ မောင်တော ကုန်သွယ်ရေးစခန်း သုံးခုမှ ချင်းစို ၅၇ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ချင်းစိုတင်ပို့မှုမှာ မောင်တောစခန်းတစ်ခုသာ ရှိခဲ့တာတွေ့ရပါတယ်။ ဩဂုတ်လအတွင်းနယ်စပ်စခန်းတွေကနေ ချင်းစို ၁၁၃ တန်ခွဲနဲ့ မူဆယ်စခန်းမှ ချင်းခြောက် ၁၈ တန်ခွဲ တင်ပို့ခဲ့ တယ်လို့ သိရပါတယ်။ မြန်မာ့ချင်းကို အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်မှ ဝယ်လိုအားများပြားရခြင်းမှာ အိန္ဒိယတွင် ချင်းဈေး မြင့်တက်နေတာကြောင့်ဖြစ်ပါတယ်။ **မော်မော်အောင်**

### ရှမ်းချင်းသစ်များဈေးကွက်သို့ စဝင်

အရင်တစ်ပတ်ကထွက်လာတဲ့ချင်းက ဒီတစ်ပတ်မှာလည်း အဝင် များလာပါတယ်။ အရင်ချင်း ဥမ ကလည်း လက်ကျန်အတော်ရှိပြီး အခုအသစ်ဝင်လာတဲ့ ချင်းတက်တွေကြောင့် ဈေးကွက်မှာ ချင်းလက်ကျန်တွေ အတော်များနေပါတယ်။ ပြည်ပတင်ပို့မှုမရှိပေမယ့် ဒီတစ်ပတ်မှာတော့ လှောင်လက်တွေဖြစ်တဲ့ ရန်ကုန်၊ စစ်တွေဝယ်လက်တွေက လှောင်ဖို့အတွက် ဝယ်ယူနေတာကြောင့် ရောင်းအားကလည်း အနည်းငယ်ပြန်ကောင်းပါတယ်။

ချင်းသစ်တွေကလည်း ရေနစ်မြုပ်မှုကြောင့် အချိန်မတိုင်မီ တူးရတာဖြစ်လို့ အနုတွေသာ ရှိနေပါသေးတယ်။ ဒီလကုန်ပြီးခန့်မှသာ အရင့်တွေက ဈေးကွက်ကို ရောက်လာမှာဖြစ်ပါတယ်။ အောင်ပန်းဈေးကွက်မှ ချင်းပိဿာချိန်ပေါင်း ခုနစ်သောင်းနှစ်ထောင်ခန့် တစ်ပတ်တွင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်းဈေးကတော့ တစ်ပိဿာကို ၂၀၀၀ ကျပ်မှ ၂၂၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းဥမတွေ အဝင်ပါးနေတယ်လို့ သိရပါတယ်။ လောလောဆယ်မှာလည်း အရောင်းအဝယ်က အေးနေပါတယ်။ ချင်းဥမ တွေလက်ကျန်ရှိနေပေမယ့် လက်လီရော လက်ကားပါ အရောင်းမရှိ ဘူးလို့ သိရပါတယ်။ အခုတစ်ပတ်ဟိုပုံးဈေးကွက်မှာ ချင်းဥမက တစ်ပိဿာ ၈၅၀ ကျပ်၊ ချင်းခြောက်က တစ်ပိဿာ ၃၀၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက် ဈေးငြိမ်

ယခုတစ်ပတ်တွင် အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင် အိတ် ၃၀၀ ခန့် ဝင်ရောက်ပြီး၊ ယခင်အပတ်ကထက် အဝင်များလာတာတွေ့ရပါတယ်။ ယခုအချိန်က ချင်းအသစ်များ ထွက်ချိန် မဟုတ်သော်လည်း မိုးများလို့ ချင်းတက်တွေအပင်ပုပ်ပြီး အရွက်တွေဝါလာတာကြောင့် စောစောစီးစီးပဲ ဖော်ရတယ်လို့သိရပါတယ်။

အရင်နှစ်တွေက ချင်းတက်တွေကို အောက်တိုဘာလဆန်းပိုင်းများမှ ဖော်လေ့ရှိပြီး၊ ယခုနှစ်စော၍ ဖော်ဖြစ်ကြောင်းသိရှိရပါတယ်။ အဝင်များပေမယ့်ဈေးနှုန်းမှာ ကျမသွားဘဲ ဈေးနှုန်းတည်ငြိမ်စွာနဲ့ အရောင်းအဝယ်လုပ်လျက်ရှိကြောင်း၊ ဈေးနှုန်းမှာ ချင်းတစ်ပိဿာ ကျပ် ၁၀၀၀၊ ၁၂၀၀ ကြားမှာရှိပြီး အရောင်းအဝယ် အေးနေပါတယ်။ ဈေးကွက်အတွင်း တစ်နေ့ပိဿာချိန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ကို ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀ ခန့် တင်ပို့မှုရှိတယ်လို့သိရ ပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## နနွင်း

### နနွင်းတင်ပို့မှု လျော့နည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း နနွင်း ၃၆ ဒသမ ၅၃၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ်လ ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်းမှာတော့ မလေးရှားနဲ့ စင်ကာပူနိုင်ငံများကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်းတင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### နနွင်းတက်ကို မူဆယ်စခန်းမှသာတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ ၄၇၂၀၀ တန်ဖိုးရှိတဲ့ နနွင်းတက် ၆၁ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၄၃ တန်ခွဲနဲ့ စစ်တွေမှ ၄ တန် တင်ပိုခဲ့ပေမယ့် ယခုတစ်ပတ်ရဲ့ နနွင်းတက် တင်ပို့မှုကိုကြည့်လျှင် မူဆယ်စခန်းတစ်ခုတည်းက တင်ပို့ခဲ့ပေမယ့် နနွင်းပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လ တစ်လလုံး နယ်စပ်စခန်းတွေမှ နနွင်းတက် ၂၃၄ တန်ခွဲထိ တင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတက်ကို တစ်ဖက်နိုင်ငံတွေမှာ ပရဆေးဖော်ဖို့နဲ့ အမှုန့်ပြုလုပ်ဖို့သာ ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေတာလို့ ကုန်စည်ဒိုင်တွေကတစ်ဆင့် သိရပါတယ်။ နနွင်းခါးကတော့ ဈေးချိုလို့ နည်းနည်းစီပဲ အဝယ်ရှိနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ဟိုပုံးနနွင်းဈေးကွက်မှာ မူဆယ်ဝယ်လက်အဝယ်များ

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ချင်း၊ နနွင်းဈေးကွက်က အောင်ပန်းမှာရှိသလို တောင်ပိုင်းဖြစ်တဲ့ ဟိုပုံးမှာလည်း ဈေးကွက်တစ်ခုရှိပါတယ်။ ဟိုပုံး၊ ဆီဆိုင်၊ နောင်မွန်၊ နမ့်ခုတ်စတဲ့ မြို့တွေကထွက်တဲ့ နနွင်း၊ ချင်းတွေက ဟိုပုံးဈေးကွက်ကို အများဆုံးဝင်ပါတယ်။ ဟိုပုံးဈေးကွက်ကိုဝင်တဲ့ နနွင်းနဲ့ ချင်းက အောင်ပန်းဈေးကွက်ကိုဝင်တဲ့ ချင်း၊ နနွင်းတွေထက် အရည်အသွေးပိုကောင်းတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်က ပစ္စည်းတွေကို အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်က ဝယ်ယူမှုများပြီး ဟိုပုံးနနွင်းကိုတော့ တရုတ်ပြည်အတွက် မူဆယ်ဝယ်လက် တွေက အဝယ်များပါတယ်။ ဒီတစ်ပတ်လည်း အောင်ပန်းဈေးကွက်မှာ ရာသီဥတုကြောင့် လမ်းပျက်ပြီး သွားလာရခက်ခဲလို့ ပုံမှန်ဝယ်လက်တွေက အဝယ်ရပ်နေပေမယ့် ဟိုပုံးဈေးကွက်မှာတော့ မူဆယ်ဝယ်လက်တွေ ဝယ်ယူလို့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

မူဆယ်ဝယ်လက်တွေက တစ်ပတ်အတွင်းမှာ ဟိုပုံးနနွင်းကို ပိဿာချိန်ပေါင်း နှစ်သောင်းခန့် ဝယ်ယူသွား ပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို ၁၈၅၀ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။ အောင်ပန်းနနွင်းကတော့ တစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၁၈၀၀ ကျပ်ဈေးနဲ့ ဈေးငြိမ်လျက်ရှိတယ်လို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## မန်ကျည်း

### မန်ကျည်း ၂၇၃ တန် တင်ပို့နိုင်ခဲ့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မန်ကျည်း ၂၈၃ တန်ကို ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း ဘင်္ဂလားဒေ့ရှ်သို့ ၉၂ တန်နဲ့ စင်ကာပူသို့ ၁၉၁ တန်တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်မှာ မန်ကျည်း ၄၉ တန် ကျော်သာတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ် ပတ်မှာ ၂၃၄ တန်ကျော် တင်ပို့မှုပိုခဲ့ပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ ကန် ဒေါ်လာ ၆၄၄၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## ကြက်သွန်နီ

### ဩဂုတ်လအတွင်း ပြည်ပသို့ ကြက်သွန်နီ တန်ချိန် သုံးထောင်ကျော်တင်ပို့

ဩဂုတ်လ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၅၀၉၇ တန်ဖိုးရှိကြက်သွန်နီ တန် ၅၀ နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၆၀၂၇၃ တန်ဖိုးရှိ ကြက်သွန်နီ ၈၇၆ တန်ကိုလည်းကောင်း၊ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၉၀၆၂ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၅၀ ကိုလည်းကောင်း အသီးသီးတင်ပို့မှုရှိခဲ့ပါတယ်။

ဩဂုတ်လ တစ်လလုံး ပြည်ပနိုင်ငံများသို့ ကြက်သွန်နီ တန်ချိန် ၃၅၀၀ ခန့်တင်ပို့ခဲ့သလို တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ကြက်သွန်ဖြူ တန် ၂၀၀၊ စစ်တွေမှ ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်ဖြူ ၆ တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ဘုရင့်နောင် ကုန်စည်ဒိုင်ရဲ့ ဩဂုတ်လ နောက်ဆုံးပတ်တွင် ကြက်သွန်နီ (ရှယ်/လတ်ကြီး/လတ်သန့်) တစ်ပိဿာကို ၅၇၅ ကျပ်မှ ၁၀၅၀ ကျပ်၊ ကြက်သွန်ဖြူ (အဟောင်း/အသစ်/အလတ်)တစ်ပိဿာကို ၂၅၂၅ ကျပ်မှ ၂၆၅၀ ကျပ် ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။ စခန်းစုံမှ ဩဂုတ်လအတွင်း ကြက်သွန်နီ ၃၄၈၅ တန်ကျော်၊ တာချီလိတ်မှ ကြက်သွန်ဖြူ တန် ၂၀၀ နဲ့ စစ်တွေမှ ကြက်သွန်ဖြူ ၆ တန်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## လဲမှို့

### မောင်တောစခန်းမှ လဲမှို့ကီလို နှစ်သောင်းတင်ပို့

ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်တာကာလအတွင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောစခန်းမှ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၇၀၀၀ ဒေါ်လာတန်ဖိုးရှိ လဲမှို့(အစေ့ပါ) ကီလို ၂၀၀၀၀ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်ထက် လဲမှို့(အစေ့ပါ) ကီလို ၃၅၂၉ ကျော်လျော့နည်းခဲ့ပါတယ်။လဲမှို့များကို မန္တလေးတိုင်း၊ ရမည်းသင်းဒေသများမှ အထွက်များတယ်လို့သိရပါတယ်။ အသီးခြောက် တစ်တင်းကိုခွဲပါက လဲမှို့လေးပိဿာခန့် ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ခန့်ရသဖြင့် အချို့တောင်သူများက အသီးများကို ခွဲရောင်းချကြောင်း သိရပါတယ်။ လဲမှို့ပင်များစိုက်ပျိုးထားခြင်းဖြင့် တောင်သူများအနေဖြင့် ပေါင်းမသင် မြေဆွစရာမလိုဘဲ အပိုဝင်ငွေ ရရှိကြတယ်လို့ သိရပါတယ်။ **မြင့်မြင့်မာ**

# ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများကို အပြည့်အဝဆွဲဆောင်လျက်ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံ

| သိန်းမြင့်ဝေ |

## ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ

ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) သည် ရေရှည်စီးပွားရေးတိုးတက်မှု၏ သော့ချက်ကျသောမဏ္ဍိုင်တစ်ခုဖြစ်ပါသည်။ FDI က ငွေကြေးမဟုတ်သော ကောင်းကျိုးများကို ပေးစွမ်းပါသည်။ အထူးသဖြင့် အပေါင်းလက္ခဏာဆောင်သော ဖိတ်လျှံ အကျိုးသက်ရောက်မှုများ (Positive Spillovers) ကို ဖြစ်စေပါသည်။ ဥပမာအားဖြင့် အရင်းအနှီး၊ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ခြင်းနှင့် နည်းပညာ၊ အသိပညာလွှဲပြောင်းခြင်းတို့ကို ဖြစ်စေပါသည်။ ထို့ပြင် FDI က ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင် တိုးတက်ရရှိ မှုကိုလည်း ဖြစ်စေပါသည်။ ဤသို့သော ကောင်းကျိုးများကြောင့် အင်ဒိုနီးရှားနိုင်ငံသည် FDI ပိုမိုများပြား ရေးကိုသာမက ပိုမိုကောင်းမွန်သည့် FDI ဖြစ်ထွန်းလာရေးကိုလည်းဆောင်ရွက်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် အလုပ်လက်မဲ့ဖြစ်မှု ကိုလျော့ကျစေမှု နှင့် ဆင်းရဲနွမ်းပါးမှုကို နည်းပါးစေသည့် ပိုမိုကောင်း မွန်သော FDI ရရှိရေးကို လုပ်ဆောင်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် အထက်ပါ ရည်မှန်းချက်များကို ရရှိပြည့်စုံစေနိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ စီးပွားရေးအခြေခံများ အားကောင်းပြီး နိုင်းယှဉ်အားသာချက်လည်းရှိပါသည်။ စီးပွားရေး အခြေအနေ (Business Climate) တိုးတက်ကောင်း မွန်လျက်ရှိပါသည်။ သို့ရာတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများရင်းနှီးမြှုပ်နှံမှု ကောင်းကျိုးရရှိရေးအတွက် သတင်းအချက်အလက်များကိုပြည့်ဆည်းပေးရန်လိုအပ်နေဆဲ ဖြစ်ပါသည်။

ဤလိုအပ်ချက်ဖြစ်သော သတင်းအချက်အလက်များကို အင်ဒို နီးရှားရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းရေးအဖွဲ့ (Indonesia Investment Coordination Board-BKPM) က စရိတ်သက်သာစွာဖြင့် ဖြည့်ဆည်း ပေးပါသည်။ BKPM သည် တိုင်းပြည်၏ စီးပွားရေးပေါ်လစီတွင် ၎င်း၏အရေးပါမှုကို ပြန်လည်တည်ဆောက်ရန် အတွက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အကောင်အထည်ဖော်လျက်ရှိသော ပြုပြင်ပြောင်းလဲမှုများမှာ ဝန်ကြီးဌာနအဆင့် လုပ်ဆောင်လည်ပတ်နိုင်စွမ်းကို အထောက်အကူပြုရန်၊ ဒေသဆိုင်ရာရုံးများ၊ ပြည်ပတွင်ရှိသောရုံးများနှင့် ပိုမို ချိတ်ဆက် ဆောင်ရွက်ရန်၊ FDI ဆိုင်ရာသတ်မှတ်ချက် ဘောင်များထားရှိရန်နှင့် BKPM ၏ စွမ်းရည်ဖွံ့ဖြိုး တိုးတက်စေရန်ဖြစ်ပါသည်။ အဆိုပါ ပြောင်းလဲမှုများ၏ ရည်ရွယ်ချက်မှာ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ကြား ပေါင်းကူးပေးပါသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော ပြည်ပမှရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသေချာမှု (Certainty)၊ ရှေ့နောက်ညီညွတ်မှု နှင့်ယုံကြည်စိတ်ချရမှု (Credibility) တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ပေးရန်လည်း ရည်ရွယ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခွင့်အလမ်းများအဖြစ် သဘာဝသယံဇာတပေါများခြင်း၊ ပြည်တွင်းစားသုံးသူ တိုးပွားနေခြင်း၊ တည်ငြိမ်သော ဒီမိုကရေစီနိုင်ငံရေး အခြေအနေ၊ တည်ငြိမ်သော ငွေရေးကြေးရေးစနစ် စသည်တို့ဖြစ်ကြပါသည်။ ထို့ပြင် နိုင်ငံပေါင်း ၁၈၃ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဆောင်ရာတွင် လွယ်ကူမှုအခြေ အနေကို ဇယား (၁)ဖြင့် ဖော်ပြထားသည်။ ဇယား(၁)တွင် စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် လွယ်ကူမှုအခြေ အနေများအဖြစ် အခွန်ပေးဆောင်ရာတွင် လွယ်ကူအဆင်ပြေခြင်း၊ လုပ်ငန်းရပ်ဆိုင်း ခြင်းနှင့်လုပ်ငန်း စတင်ခြင်းတို့တွင် လွယ်ကူအဆင်ပြေခြင်း စသည် ဖြင့်နှိုင်းယှဉ်ဖော်ပြထားသည်။ ထို့အတူ နိုင်ငံပေါင်း ၁၃၃ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံ ၏ ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်မှု အခြေအနေကိုလည်း ဇယား(၂)တွင် ဖော်ပြထားသည်။

ဇယား (၁) **အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် လွယ်ကူမှုအခြေအနေ**

| လုပ်ငန်းလုပ်ဆောင်ရမှု လွယ်ကူခြင်း | အိန္ဒိယ | အင်ဒိုနီးရှား | မလေးရှား | ဖိလစ်ပိုင် | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|---|
| (၁၈၃ နိုင်ငံအနက်) | ၁၃၃ | ၁၂၂ | ၂၃ | ၁၄၄ | ၁၂ | ၉၃ |
| အခွန်ပေးဆောင်ခြင်း | ၁၆၉ | ၁၂၆ | ၂၄ | ၁၃၅ | ၈၈ | ၁၄၇ |
| လုပ်ငန်းရပ်ဆိုင်းခြင်း | ၁၃၈ | ၁၄၂ | ၅၇ | ၁၅၃ | ၄၈ | ၁၂၇ |
| လုပ်ငန်းရှင်ကို ကာကွယ်ခြင်း | ၄၁ | ၄၁ | ၄ | ၁၃၂ | ၁၂ | ၁၇၂ |
| ပိုင်ဆိုင်မှုကို မှတ်ပုံ တင်ခြင်း | ၁၃၄ | ၉၅ | ၈၆ | ၁၀၂ | ၆ | ၄၀ |
| စာချုပ်ကို လိုက်နာစေခြင်း | ၁၈၂ | ၁၄၆ | ၅၉ | ၁၁၈ | ၂၄ | ၃၂ |
| လုပ်သားများအသုံးပြုခြင်း | ၁၀၄ | ၁၄၉ | ၆၁ | ၁၁၅ | ၅၂ | ၁၀၃ |
| လုပ်ငန်းစတင်ခြင်း | ၁၆၉ | ၁၆၁ | ၈၈ | ၁၆၂ | ၅၅ | ၁၁၆ |

Source: IFC

ဇယား (၂) **အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်မှု အခြေအနေ**

| ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်မှု | အိန္ဒိယ | အင်ဒိုနီးရှား | မလေးရှား | ဖိလစ်ပိုင် | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|---|
| (၁၃၃ နိုင်ငံအနက်) | ၄၉ | ၅၄ | ၂၄ | ၈၇ | ၃၆ | ၇၅ |
| အဖွဲ့အစည်းများ၏အရည်အသွေး | ၅၄ | ၅၈ | ၄၃ | ၁၁၃ | ၆၀ | ၆၃ |
| အခြေခံအဆောက်အအုံ၏ ။ ။ | ၇၆ | ၈၄ | ၂၆ | ၉၈ | ၄၀ | ၉၄ |
| မက္ကရိုစီးပွားရေးတည်ငြိမ်မှု | ၉၆ | ၅၂ | ၄၂ | ၇၆ | ၂၂ | ၁၁၂ |
| FDI အပေါ် rule၏သက်ရောက်မှု | ၄၅ | ၄၁ | ၄၃ | ၉၇ | ၄၄ | ၂၇ |
| လုပ်သားဈေးကွက်စွမ်းဆောင်ရည် | ၈၃ | ၇၅ | ၃၁ | ၁၁၃ | ၂၅ | ၃၈ |
| ငွေကြေးဈေးကွက်ခေတ်မီခြင်း | ၁၆ | ၆၁ | ၆ | ၉၃ | ၄၉ | ၈၂ |
| ဆန်းသစ်တီထွင်မှုအတွက်စွမ်းရည် | ၇၅ | ၄၄ | ၂၅ | ၇၀ | ၅၉ | ၃၃ |

Source: World Economic Forum

အင်ဒိုနီးရှားနိုင်ငံသည် FDI ကို ဆွဲဆောင်ရာတွင် အရေအတွက်တိုးပွားရေးသာမက အရည်အသွေးရှိသည့် FDI များ ပိုမိုရရှိရေးကို အလေးထားဆောင်ရွက်ပါသည်။ အရည်အသွေး ရှိသည့် FDI သို့မဟုတ် Quality FDI သည် အောက်ပါရည်ရွယ်ချက်သုံးမျိုးရရှိရေးအတွက် အရေးပါ ပါသည်။

(က) အလုပ်လက်မဲ့ ကျဆင်းရေး

(ခ) ဆင်းရဲမှုလျော့ကျရေး

(ဂ) လူမှုရေးကောင်းကျိုး (social welfare) တိုးတက်ရေး

ဖော်ပြပါ ရည်ရွယ်ချက်များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာကျသည့် ရည်ရွယ်ချက်များဖြစ်ပါသည်။ အင်ဒိုနီးရှားသည် မက္ကရိုစီးပွားရေးညွှန်းကိန်းများအရမိမိ နှင့်တန်းတူနိုင်ငံများထက် တိုးတက်မှု နောက်ကျလျက်ရှိပါသည်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံသည် နယ်ပယ်များစွာတွင် FDI ကို ဆွဲဆောင်နိုင်သည့် နေရာဖြစ်ပါသည်။ သဘာဝသယံဇာတပေါများခြင်း၊ အလုပ်လုပ်နိုင်အသက်အရွယ်များပြားခြင်း၊ ပထဝီဝင်အနေအထား အရမဟာဗျူဟာကျခြင်းတို့က ရင်းနှီး မြှုပ်နှံသူများအတွက် ထူးခြားသည့်အခွင့်အလမ်း ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်း၏ အကျိုးဆက်များ

အရေးပါသောကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမရှိခြင်းက အခွင့်အလမ်းများဆုံးရှုံးစေပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးကို ထိထိရောက်ရောက် မဆောင်ရွက်ခြင်းကြောင့် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်ချိန်တွင် အကျိုးအမြတ်ကောင်းစွာမခံစားခဲ့ရပေ။ အခြေခံအဆောက်အအုံ ကဏ္ဍတွင် အသုံးစရိတ်သုံးစွဲမှုနည်းပါးခြင်း၊ သတင်းအချက်အလက်ရရှိမှုနှင့် သယ်ယူပို့ဆောင်မှုအားနည်းခြင်းတို့က ကုန်ထုတ်လုပ်မှုစွမ်းအား ကျဆင်းစေပါသည်။ ဆိပ်ကမ်းစွမ်းဆောင်ရည် ကျဆင်းခြင်းက ပို့ကုန်တင်ပို့မှုကို ကန့်သတ် ရာရောက်သကဲ့သို့ နိုင်ငံခြားဝင်ငွေ ရရှိမှုကိုလည်း လျော့နည်းစေသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ကျန်းမာရေး စောင့်ရှောက်မှု (Health Care) နှင့် ပညာရေး (Education) တို့ကို မြင့်တင်ခြင်းထက် လျှပ်စစ်နှင့်လောင်စာဈေးနှုန်းများ ထိန်းချုပ်ရာတွင် အသုံးစရိတ်ပိုမိုသုံးစွဲကြောင်း တွေ့ရှိရပါသည်။အဆိုပါအချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ဒေသတွင်း တန်းတူ နိုင်ငံများထက် နောက်ကျ လျက်ရှိပါသည်။ ထို့ပြင်ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းပိုင်းအားနည်းမှုများကိုလည်း တွေ့ရှိရပါသည်။

## ရင်းနှီးမြှုပ်နှံမှုကို အဓိကတိုးတက်စေနိုင်သောအချက်များ

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအခြေခံကောင်းများအဖြစ် အောက်ပါအချက်များကို တွေ့ရှိရပါသည်။

(က) ၂၀၀၉ ခုနှစ်တွင် နိုင်ငံ၏ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံရှိပြီး ၂၀၁၃ ခုနှစ်တွင် ဂျီဒီပီကန်ဒေါ်လာ ၈၃၈ ဘီလီယံကျော်ရှိခြင်း၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကာလအတွင်း စီးပွားရေးတိုးတက်မှု အားကောင်းခြင်း

(ခ) အာရှ-ပစိဖိတ်ဒေသအတွင်း ဘဏ္ဍာရေးဘက်ညီမှု (Fiscal Balance) တွင် အကောင်းဆုံးဖြစ်ခြင်း

(ဂ) ဈေးငွေ့ထုတ်ဈေးမှု အခြေအနေတည်ငြိမ်မှုရှိခြင်း

(ဃ) ကြွေးမြီနှင့် ဂျီဒီပီအချိုး ကျဆင်းခြင်း

(င) ကမ္ဘာ့ FDI အဆွဲဆောင်နိုင်ဆုံး ၁၀ နိုင်ငံစာရင်းတွင် ပါဝင်ခြင်း

(စ) အမည်ခံတစ်ဦးကျတိုင်းပြည်ဝင်ငွေသည် ၂၀၂၀ ပြည့်နှစ်တွင် လေးဆတိုးလာနိုင်ခြင်း

အင်ဒိုနီးရှားနိုင်ငံ၏ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု အခြေအနေများ (strong business climate) အဖြစ် အောက်ပါအချက်များကို တွေ့ရှိရပါသည်။

(က) ရင်းနှီးမြှုပ်နှံမှုဥပဒေက ရင်းနှီးမြှုပ်နှံသူအားလုံးကို တန်းတူ အခွင့်အရေးပေးခြင်းနှင့် အရင်းအနှီးအပေါ်မှ အမြတ်များကို ပြန်လည်ပေးပို့နိုင်ခြင်း

(ခ) ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့ရေးအတွက် One-door integrated service နှင့် National single window for investment တို့ကို တည်ထောင်ထားရှိခြင်း

(ဂ) ရင်းနှီးမြှုပ်နှံသူကို အကောင်းဆုံးကာကွယ်ပေးသည့် ၁၀ နိုင်ငံ တွင်ပါဝင်ခြင်း

သဘာဝသယံဇာတ ပေါကြွယ်ဝမှုနှင့် ပြည်တွင်းဈေးကွက် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရန်အတွက် ထင်ရှားသော ဈေးကွက်ဖြစ်ခြင်း(ဥပမာအားဖြင့်တောင်အာဖရိက၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့ထက် တွင်းထွက်သတ္တု ပေါများကြွယ်ဝခြင်း)

(ခ) ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းမွန်ခြင်း(အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်နိုင်ခြင်း)

(ဂ) ကမ္ဘာတွင် စတုတ္ထမြောက် လူဦးရေ အများဆုံးနိုင်ငံဖြစ်ခြင်း

(ဃ) စားသုံးသူယုံကြည်မှုညွှန်းကိန်းသည် နှစ်စဉ် ၁၀ ရာခိုင်နှုန်းတိုးတက်လျက်ရှိခြင်း

(င) ဝန်ဆောင်မှုကဏ္ဍ တိုးတက်ခြင်း

(စ) ပုဂ္ဂလိကစားသုံးမှုသည် ဂျီဒီပီ၏ ၇၀ ရာခိုင်နှုန်းရှိခြင်း

ကမ္ဘာလုံးဆိုင်ရာ အရှိန်အဝါ တိုးတက်လာမှုအခြေအနေများ အဖြစ် အောက်ပါအချက်များကို တွေ့ရှိရပါသည်။

(က) ASEAN ၏ ဦးဆောင်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ခြင်း၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက်ရှိခြင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း၏ အဓိကနိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ခြင်း

(ခ) အရှေ့တောင်အာရှနိုင်ငံများအနက် တစ်နိုင်ငံတည်းသော G-20 အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း

(ဂ) ၂၀၄၀ ပြည့်နှစ်တွင် G-7 အဖွဲ့ဝင် ဖြစ်လာနိုင်ခြင်း၊

(ဃ) ၂၀၁၆ ခုနှစ်တွင် ကိုရီးယားနိုင်ငံနှင့်လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ဂျပန် နိုင်ငံနှင့်လည်းကောင်း ရင်ပေါင်တန်းနိုင်ခြင်းတို့ဖြစ်ပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၃၀၂၈၅၅၃ တန်ဖိုးရှိဒီဇယ် ၄၆၆ ဒသမ ၄၃၄ တန်နဲ့ ကန်ဒေါ်လာ ၃၅၀၅၄၆၃၀ တန်ဖိုးရှိဓာတ်ဆီ ၅၀၅ ဒသမ ၁၈၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီကို မလေးရှားနဲ့ စင်ကာပူနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်မှာ ဒီဇယ် အဝင်မှာ တန် ၇၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၆ ကျော် အဝင် လျော့ခဲ့ပြီး ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၆၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ချိန် ၄၄၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာဩဂုတ် ၂၄ ရက်နေ့မှ ဩဂုတ် ၂၈ရက်အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေပြီး တောင်ကြီးမှာ ဒီဇယ် ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင်ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါဈေးငြိမ် နေတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၆၀ ကျပ်၊အောက်တိန်း (92)၇၁၀ကျပ်၊ အောက်တိန်း(95) ၈၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေ တဲ့ပီပါဈေးများမှာ ဩဂုတ် ၃၁ရက် ဓာတ်ဆီဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဝန်းကျင် ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဒီဇယ်ဈေးမှာ ဩဂုတ် ၃၁ ရက်မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရ ပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့် မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၇၃၅ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင် များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၃၁ ရက်မှာ ဒီဇယ်ဝယ် ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ် လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဩဂုတ် ၃၁ ရက်နေ့ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရ ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီ ၁၀၀၀ ကျပ် ဈေးကျခဲ့ပြီး ဒီဇယ်မှာ ဈေးအပြောင်းအလဲ သိပ်မရှိခဲ့ဘူးလို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန်အရောင်းအဝယ်ဖြစ်တယ် လို့သိရပါတယ်။ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီဈေးအနည်းငယ်ကျခဲ့ပြီး ဒီဇယ်မှာ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊အောက်တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါ တယ်။

**MIRT-DOT**

### Energy NYMEX 4-9-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.22 | -0.53 | -1.13 |
| Brent Crude Futr (USD/bbl) | 50.24 | -0.47 | -0.93 |
| Gasoline Rbob Fut (Cent/gal) | 142.34 | -1.37 | -0.95 |
| Natural Gas Futr (USD/MMBtu) | 2.70 | -0.02 | -0.84 |
| Heating Oil Futr (Cent/gal) | 160.93 | -0.95 | -0.59 |

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာ

ပြည်တွင်းငွေလဲနှုန်းများသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့ ရာမှ ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းများ မြင့်တက်ခဲ့သည့်နည်းတူ ပြည်တွင်း ငွေလဲနှုန်းများ မြင့်တက်လာရခြင်းဖြစ် ကြောင်းဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပုဂ္ဂလိကဘဏ်များတွင်လည်း အမေရိကန်ဒေါ်လာများကို အကန့် အသတ်ဖြင့်သာ ရောင်းချနေသည့်အချက်ကလည်း ငွေလဲနှုန်းများကို မြင့်တက် စေသည့်အချက်တစ်ချက်ပင်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ ဆို သည်။

“ပြည်တွင်းမှ သွင်းကုန်တွေက များလာတယ်။ ပို့ကုန်ပိုင်းက အားနည်းတယ်။ ခုလိုချိန်မှာ ငွေလဲနှုန်းက တက်နေမှာပဲ၊ ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲ နှုန်းကို နှစ်ရက်တစ်ကြိမ်လောက်တက်နေတော့ အပြင်ကငွေလဲနှုန်းက လိုက်တက် နေတာပါ။ ပုဂ္ဂလိကဘဏ်တွေကလည်း အကန့်အသတ်နဲ့ ရောင်းပေးနေတာတွေ ကြောင့် ဈေးတွေပြန်တက်သွားရတာပါ”ဟု ပြင်ပငွေလဲဈေးကွက်အတွင်း ရောင်း ဝယ်နေသူတစ်ဦးက ဆိုသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းသည် ဩဂုတ် ၃၁ရက်က ၁၂၇၃ကျပ်ဖြစ် ခဲ့သော်လည်း စက်တင်ဘာ ၂ ရက်နေ့တွင် ၁၂၇၅ ကျပ်ဖြစ်ခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၁၂၇၈ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။

ဩဂုတ်လ ၃၁ရက်နေ့က ရောင်းဈေး ၁၂၈၁ ကျပ်၊ ဝယ်ဈေး ၁၂၇၆ကျပ် ဖြစ်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့ ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၈၈ ကျပ်၊ ဝယ်ဈေး ၁၂၈၃ကျပ်သို့ မြင့်တက်ခဲ့သည်။

စက်တင်ဘာ ၃ ရက်နေ့တွင် ရောင်းဈေး ၁၂၈၄ ကျပ်၊ ဝယ်ဈေး ၁၂၇၉ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့ပြီး စက်တင်ဘာ ၄ရက်နေ့တွင် ရောင်းဈေး ၁၂၈၁ ကျပ်၊ ဝယ်ဈေး ၁၂၇၆ကျပ် သို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ငွေလဲနှုန်း မြင့်တက်မှုနှင့်အတူ မြန်မာ့ရွှေဈေး ပြန်လည်မြင့်တက်လာ



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း က ပြန်လည်ကျဆင်းခဲ့သည့် မြန်မာ့ ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန် လည်မြင့်တက်လာခဲ့ကြောင်း သိရ သည်။

ပြည်တွင်း ငွေလဲနှုန်းများမြင့်တက် ခဲ့မှုကြောင့် ပြည်တွင်းရွှေဈေးများမြင့် တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန် သည်အသိုင်းအဝိုင်းမှ ပြောကြားခဲ့ သည်။

ရွှေဈေးများ ပြန်လည် မြင့်တက် လာမှုကြောင့် ရွှေဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်လှုပ် လာခဲ့ကြောင်း သိရသည်။

“ဒေါ်လာဈေးပြန်တက်လာတော့ ရွှေဈေးလည်းပြန်တက်လာတယ်။ ပြီးခဲ့ တဲ့တစ်ပတ်က ပြန်ကျလာခဲ့ပေမယ့် ဒီ တစ်ပတ် ဈေးပြန်ဖွင့်ကတည်းက တက် ဈေးနဲ့ ဖွင့်ခဲ့တာ။ စက်တင်ဘာလ ၄ ရက်နေ့မှာ ဈေးပြန်ကျတယ်ဆိုပေမယ့် သိပ်ပြီးအကျကြီးတော့မဟုတ်ပါဘူး။ ဒီ အထဲမှာ အဝယ်ထက် အရောင်းက ပိုများလာတယ်။ ရောင်းတဲ့သူတွေ များ လာပေမယ့် ဈေးက အများကြီးကျ မသွားပါဘူး”ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဩဂုတ်လ ၂၉ ရက်နေ့က ကျပ် ၇၅၅၀၀၀ ရှိခဲ့ သော်လည်း ဩဂုတ်လ ၃၁ ရက်နေ့ ဈေးဖွင့်ချိန်တွင် ကျပ် ၇၆၅၅၀၀ ဖြင့် ဈေးဖွင့်ခဲ့သည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် ဆက်လက်မြင့်တက်ခဲ့ရာ ကျပ် ၇၇၁၀၀၀ သို့ ရောက်ရှိခဲ့သည်။ စက် တင်ဘာလ ၂ ရက်နေ့ ဈေးဖွင့်ချိန်တွင် ဆက်လက်မြင့်တက်ခဲ့ရာ ကျပ် ၇၇၂၀၀၀ သို့ ရောက်ရှိခဲ့သည်။

ထို့နောက် အနည်းငယ်ပြန်လည် ကျဆင်းခဲ့ရာ စက်တင်ဘာလ ၃ ရက် နေ့တွင် ကျပ် ၇၆၄၀၀၀ သို့ ရောက်ရှိခဲ့ သည်။ စက်တင်ဘာလ ၄ရက်နေ့တွင် ကျပ် ၇၆၂၅၀၀ သို့ ဆက်လက်ကျဆင်း ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ်လ ၃၁ ရက်နေ့တွင် ၁၁၃၄ ဒေါ်လာရှိခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့တွင် ၁၁၄၂ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ စက် တင်ဘာ လ ၃ ရက်နေ့တွင် ၁၁၃၂ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး စက်တင်ဘာ လ ၄ ရက်နေ့တွင် ၁၁၂၄ ဒေါ်လာသို့ ထပ်မံကျ ဆင်းခဲ့သည်။

### Currency Exchange Rate

September 4, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.43 |
| BDT | Bangladesh Taka | 77.80 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.36 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 66.38 |
| IDR | Indonesia Rupiahs | 14240.79 |
| JPY | Japan Yen | 119.53 |
| MYR | Malaysia | 4.26 |
| PKR | Pakistan Rupees | 104.18 |
| PHP | Philippines Pesos | 46.73 |
| RUB | Russia Rubles | 67.39 |
| SGD | Singapore Dollars | 1.42 |
| KRW | South Korea Won | 1193.06 |
| LKR | Sri Lanka Rupe | 136.56 |
| THB | Thailand Baht | 35.83 |
| GBP | United Kingdom Pounds | 0.66 |
| VND | Vietnam Dong | 22466.86 |

*Source : xe.com*

### World Gold Price

September, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 31 | 1132 | 1131 | 1132 |
| 1 | 1140 | 1139 | 1141 |
| 2 | 1139 | 1139 | 1139 |
| 3 | 1130 | 1130 | 1132 |
| 4 | 1123 | 1123 | 1123 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 31-8- 2015 | 764.50 | 764.20 |
| 1-9- 2015 | 771.00 | 771.00 |
| 2-9- 2015 | 772.00 | 771.60 |
| 3-9- 2015 | 764.00 | 763.70 |
| 4-9- 2015 | 763.00 | 762.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 31 | 6 .38 | 35.90 | 78.03 | 66.31 |
| 1 | 6. 37 | 35.72 | 77.64 | 66.26 |
| 2 | 6 36 | 35.73 | 77.75 | 66.19 |
| 3 | 6 .36 | 35.83 | 77.79 | 66.24 |
| 4 | 6.36 | 35.83 | 77.80 | 66.38 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 31-August | 14.54 | 1825.38 | 1589.28 | 5212.93 | 1005.00 |
| 1-September | 14.62 | 1811.04 | 1557.92 | 5182.46 | 101100 |
| 2-September | 14.60 | 1832.10 | 1581.89 | 5147.07 | 1007.00 |
| 3-September | 14.73 | 1856.29 | 1595.10 | 5221.22 | 1011.00 |
| 4-September | 14.81 | 1828.96 | 1624.45 | 5284.38 | 1005.00 |

Source:kitco.com

## ဘိလပ်မြေ

### ထိုင်းနိုင်ငံမှ ဘိလပ်မြေတန်ချိန် လေးသောင်းကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၅၅၄၈၇၅ ကျော်တန်ဖိုးရှိ ဘိလပ်မြေ ၄၃၀၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ထိုင်းနိုင်ငံမှသာ ဆင်ဘိလပ်မြေ ၄၃၅၀ တန်၊ စိန်ဘိလပ်မြေ ၆၁၀၀ တန်နဲ့ အခြားဘိလပ်မြေတန်ချိန် ၂၈၃၅၀ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ရှစ်သောင်းခြောက်ထောင်ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၃၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။



### ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းအဝယ်အေးနေ

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ ၄၃၀၂၅ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၈၆၁၉၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၄၃၁၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၄၆၀၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၇၁၆၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၄၄၃ တန် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ပြီး နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ် ပုံမှန်ရှိသလို ဈေးလည်းငြိမ်နေတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၆၁၀၀ကျပ်၊ စိန် ၆၀၀၀ ကျပ်၊အပါချီ ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အစိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက မိုးကာလ လုပ်ငန်းများနားလို့ အရောင်းပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း) က ၁၀၀ ကျပ် ဈေးမြင့်ခဲ့ပြီး ကြံ့(မြိုင်ကလေး) က ၁၅၀ ကျပ်၊ စိန်(ထိုင်း) က ၅၀ ကျပ် ဈေးမြင့်ခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၀၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ယိုးဒယား) ၇၂၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ကျပ်၊နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာအဝင်လျော့

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၄၃၆၉၀ တန်ဖိုးရှိ မြေဩဇာ ၄၀၀၉ ဒသမ ၆၅၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၄၇၅ ဒသမ ၆၅၄ တန်၊ အိန္ဒိယမှ ၂၂ တန်၊ အစ္စရေးမှ ၈၄ တန်၊ ရုရှားနိုင်ငံမှ ၁၀၉၂ တန်၊ စင်ကာပူနိုင်ငံမှ ၇၂ တန်၊ ထိုင်းနိုင်ငံမှ ၂၄၆ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀၀ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ တရုတ်နိုင်ငံမှ အများဆုံးဝင်လာခဲ့ပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစားများမှာ မဂ္ဂနီစီယမ်ဆာလဖိတ်၊ ကော့ပါးဆာလဖိတ်၊ ယူရီးယား၊ FOLIAR ကွန်ပေါင်း၊ NPK များ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၅၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၁၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာ အရောင်းအဝယ်ပုံမှန်သာရှိနေ

ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၄၀၀၉ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၅၃၀၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ချိန် ၁၁၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၅၄၂၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၀၇၄၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၃၀၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေဩဇာ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက ယခင်တစ်ပတ်လိုပဲ အရောင်းသွက်တယ်လို့ သိရပါတယ်။ နယ်အစွဲရှိသလို မြို့နားက စိုက်ခင်းတွေအတွက်ပါ အဝယ်ရှိနေတာကြောင့် ရောင်းအား ကောင်းနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ -အသေး၊ ကွန်ပေါင်း၁၅ ပတ်လည်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)က ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၄၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာကအရောင်းအေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၇၀၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၅၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၅၁၀၀ ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၃၄၀၀ ကျပ်၊ ယူရီးယား၃၈၅၀၀ ကျပ်၊ တီစူပါ ၂၆၅၀၀ ကျပ်၊ ပိုတက် ၂၆၅၀၀ကျပ်၊ တောင်သူမ ၁၅၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အနည်းငယ်သာ ရောင်းရတယ်လို့ သိရပါတယ်။ ဒီအချိန် သနပ်ဖက်အတွက် မြေဆီအသုံးရှိနေတာကြောင့် တီစူပါ ၁၀း၁၀း၅ မြေဩဇာကို အဝယ်များကြတယ်။ ဒါကြောင့်လည်း ဈေးက နည်းနည်းမြင့်လာတယ်။ ဒီတစ်ပတ်မှာယူရီးယားမြေဩဇာဈေးကျပြီး ကျန်မြေဩဇာများက ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၅၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅(တရုတ်) ၁၇၀၀၀ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၆၇၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၆၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့ တီစူပါက ဈေးနည်း နည်းမြင့်လာခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၄၅၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်)၂၁၈၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ၃၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ **သီတာဝင်း (DOT**

## နို့ဆီ/နို့မှုန့်

### မာရီဂိုးနို့ဆီနဲ့ နို့မှုန့်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ် ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၅၇၅၂၂ ဒသမ ၄၃ တန်ဖိုးရှိ နို့ဆီ ၁၇၄ ဒသမ ၁၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဝင်လာခဲ့ပါတယ်။ ဒီသီတင်းပတ်မှာ မာရီ ဂိုးနို့ဆီ တစ်မျိုးသာဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်မှာ တန်ချိန် ၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၇၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။နို့မှုန့်က မလေးရှားနိုင်ငံမှ ၂၄ ဒသမ ၈၅၄ တန်၊ နယ်သာလန်နိုင်ငံမှ ၁၂ ဒသမ ၅၄၅ တန်၊ နယူးဇီလန်မှ ၅၃ တန်နဲ့ စင်ကာပူမှ ၆ ဒသမ ၉၆၀ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ ကျော်အဝင်ပိုခဲ့ပါတယ်။

**MIRT (DOT)**

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၂/၈ မှ ၂၈/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၅/၈ မှ ၂၁/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅၅၁.၅၀ | ၃၇၁.၂၅ | (+) ၂၁၈၀.၂၅ |
| ၂။ | လွယ်ဂျယ် | ၅၀၆.၀၀ | ၃၅၂.၀၀ | (+) ၁၅၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၄၄၄.၀၀ | ၁၈၂၂.၀၀ | (+) ၆၂၂.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀၅.၀၀ | ၁၄၀၅.၀၀ | (+) ၁၆၀၀.၀၀ |
| ၆။ | မြဝတီ | ၉၄၀.၀၀ | ၅၀၄.၁၀ | (+) ၄၃၅.၉၀ |
| ၇။ | ကော့သောင်း | ၄၉၂၂.၅၀ | ၁၈၇၁.၀၀ | (+) ၃၀၅၁.၅၀ |
| ၈။ | မြိတ် ၂၄၈၀၀ | ၈၄၀.၀၀ | | (-) ၆၀၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၁၄၆၀၉.၀၀ | ၇၁၆၅.၃၅ | (+) ၇၄၄၃.၆၅ |

မြင့်မြင့်မာ MIRT (DCCA)

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၂/၈ မှ ၂၈/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၅/၈ မှ ၂၁/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၀၂၄.၄၀၀ | ၁၈၅၁၂.၉၅၀ | (-) ၅၄၈၈.၅၅၀ |
| ၂။ | လွယ်ဂျယ် | ၃၁၉.၅၀၀ | ၄၅၆.၀၀၀ | (-) ၁၃၆.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၀၀.၀၀၀ | ၁၀၇၉.၅၀၀ | (+) ၂၀.၅၀၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၉၀၈.၆၀၅ | ၄၆၅.၃၀၀ | (+) ၄၄၃.၃၀၅ |
| ၆။ | ကော့သောင်း | ၇၆.၀၀၀ | ၂၂၉.၅၀၀ | (-) ၁၅၃.၅၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | - | - | - |
| | စုစုပေါင်း | ၁၅၄၂၈.၅၀၅ | ၂၀၇၄၃.၂၅၀ | (-) ၅၃၁၄.၇၄၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/ပဲပုပ်

### နယ်စပ်မှ နှမ်းတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ သုညဒသမ ၀၂၃ သန်းဖိုးရှိ နှမ်းဖြူ ၁၈ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၉၁ သန်းဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၅၄ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၈၄၅ သန်းဖိုးရှိ နှမ်းဖြူ ၁၁၃ တန်နဲ့ ၅၅၃ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၆၀၈ တန်နဲ့ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) ၁၈ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်ကနေ နှမ်းတင်ပို့မှုတွေ လျော့ကျသွားတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူ တစ်တန်ကို ၁၇၈၃၁၆၇ ကျပ်မှ ယခုတစ်ပတ်တွင် ၁၇၅၀၀၄၉ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၀၈၁၉၇၂ ကျပ်မှ ၂၀၄၃၃၀၄ ကျပ်သို့ ဈေးများ ကျဆင်းသွားခဲ့ပါတယ်။ နယ်နှမ်းအစုံလည်း ဝင်လာပြီး တရုတ်ဘက်ကလည်း ဈေးချဝယ်တယ်။ အသစ်ကလည်း မဝင်၊ အဟောင်းကလည်း နည်းနေလို့ အရင်တုန်းက ဈေးကောင်းခဲ့တာ၊ အခုနှမ်းပေါ် လာပြီမို့ ဈေးသိပ်မပေးတော့ဘဲ နှမ်းဈေးတွေဆက်ပြီး အေးနေဦးမယ်လို့ ပွဲရုံလုပ်ငန်းရှင်တစ်ဦးထံက သတင်းရရှိပါတယ်။ ဩဂုတ်လ တစ်လလုံး တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန် ၄၉၀၅ တန်ခန့်ရှိတယ်လို့ နယ်စခန်းရဲ့ စာရင်းများအရ သိရပါတယ်။

**မော်မော်အောင်**

### လဆန်းရက်မှာ ပြည်ပဲပုပ် ဈေးပြန်မြင့်လာပြီး လက်လီသာအဝယ်ဖြစ်

ယခု စက်တင်ဘာလဆန်းမှာ ပြည်ပဲပုပ်သီးနှံဈေးပြန်မြင့်လာခဲ့လို့ တစ်တင်း ၁၇၅၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်ထိ ရရှိလာခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ယခုနှစ်တစ်နှစ်လုံး ဈေးငြိမ်နေခဲ့ပြီး ယခင်လမှစလို့ ဈေးပြောင်းလဲမှုများ ရှိလာခဲ့ပါတယ်။ လဆန်းရက်မှာ တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ရာမှ ဩဂုတ်လတတိယပတ်မှစလို့ ဈေးနှုန်းမြင့်တက်လာကာ တစ်တင်း ၁၇၅၀၀ ကျပ်ထိရရှိခဲ့ပြီး၊ လကုန်ရက်မှာ အရောင်းအဝယ်လည်းအေးခဲ့လို့ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့်သာ လက်လီသမားအချို့ ဝယ်ယူခဲ့ကြပါတယ်။ ယခုတစ်ပတ်မှာတော့ ဩဂုတ်လအတွင်း အမြင့်ဆုံးရခဲ့တဲ့ ဈေးထက်လည်း အနည်းငယ်ပိုလာပေမယ့် တစ်ရက် ၁၅ အိတ်ကျော်သာ အရောင်းအဝယ် ရှိခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

### ပြည်ဈေးကွက်မှာ နှမ်းဈေးပြန်မြင့်ပြီး မြေပဲဆန်ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေး အနည်းငယ်ကျပြီး နှမ်းဈေးပြန်တက်လာတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့လျှင် နှမ်းအိတ် ၇၀၀ ခန့်ဝင်ရောက်လျက်ရှိပါတယ်။ နှမ်းနက်ကို ဆောင်းပဲဝယ်လက်များကအဝယ်ရှိပြီး၊ နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိနေတာ တွေ့ရပါတယ်။ မိုးနှမ်းမှာ အရည်အသွေးမီ၍ ဝယ်လက်များက အကြိုက်တွေ့ သဖြင့် ဈေးပြန်မြင့်လာတာဖြစ်ပါတယ်။

မြေပဲဆန်ကို ရွှေတောင်၊ ကျီးသဲနဲ့ ဝက်ထီးကန်ဘက်မှ တစ်နေ့ အိတ် ၁၀၀၀ ခန့် ဝင်ရောက်သဖြင့် ဝင်ရောက်မှုများလာ၍ ဈေးအနည်းငယ်ကျလာတာဖြစ်ပါတယ်။ မြေပဲလုံးဆန်ကို မန္တလေးဝယ်လက်များက အဝယ်ရှိပြီး ဆီဆန်ကို ဆီစက်များက ဝယ်နေတာ တွေ့ရပါတယ်။ မြေပဲဆန်မှာ ဈေးကွက်တွင် လှိုင်လာသဖြင့် ဈေးအနည်းငယ်ကျလာပါတယ်။

မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာ ၂၄၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၉၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ နှမ်းနီ တစ်တင်း ၃၃၀၀၀ ကျပ်၊ ရိုးရိုး နှမ်းနက်တစ်တင်း ၅၃၀၀၀ ကျပ်နဲ့ စမုံနက်နှမ်းတစ်တင်း ၇၀၀၀၀ ကျပ်နဲ့ ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# စားအုန်းဆီဈေး ကျဆင်းနေရာမှ သီတင်းနှစ်ပတ်အတွင်း အမြင့်ဆုံးထိ ပြန်လည်မြင့်တက်

မလေးရှားနိုင်ငံသုံးငွေကြေး ရင်းဂစ်တန်ဖိုး ပိုမိုကျဆင်းလာခြင်းနဲ့ စက်တင်ဘာလ ၂ ရက်နေ့မှာ တစ်ရာခိုင်နှုန်းကျော်ကျဆင်းပြီးနောက် ဈေးချောင်နေချိန်မှာ ဈေးအကျကိုအခွင့်ကောင်းယူပြီး ကုန်သည်များက စားအုန်းဆီ အဝယ်လိုက်လာခြင်းစတဲ့ အကြောင်းများကြောင့် စက်တင်ဘာလ ၃ ရက်မှာ မလေးရှားစားအုန်းဆီရဲ့ ကြိုတင်ရောင်းချတဲ့ဈေးက ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ နိုဝင်ဘာအတွက် ချုပ်ဆိုတဲ့ စားအုန်းဆီအခြေခံစံထားနှုန်းက ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၀၃၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၂၈ )နှုန်းထိ ရောက်ရှိခဲ့ရာ ဩဂုတ်လ ၁၈ ရက်နောက်ပိုင်း အမြင့်ဆုံးဈေးဖြစ်ခဲ့ပါတယ်။ စက်တင်ဘာ ၃ ရက်နေ့ နံနက်ပိုင်းက စားအုန်းဆီဈေးက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၁၉၇၇ ရင်းဂစ်နှုန်းထိ ရောက်ရှိခဲ့ပါတယ်။

စက်တင်ဘာလ ၃ ရက်နေ့မှာ ရောင်းချခဲ့တဲ့စားအုန်းဆီ အတွဲက ၂၅ တန်ရှိ အတွဲ ၃၉၁၄၀ တွဲရှိခဲ့ရာ နေ့စဉ်ပုံမှန်ရောင်းချတဲ့ ပျမ်းမျှအတွဲ ၃၅၀၀၀ ထက်ပိုမိုနေတာကို တွေ့ရပါတယ်။

ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် စားအုန်းဆီဈေးနှုန်းတွေ မြင့်တက်လာစေခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဈေးချောင်လာတာကို အခွင့်ကောင်းယူပြီး ကုန်သည်တွေက ပိုမိုဝယ်ယူလာကြတဲ့အတွက် စားအုန်းဆီဈေးနှုန်းတွေ ပြန်လည်မြင့်တက်လာကြောင်း ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။

ရင်းဂစ်တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၄ ဒသမ ၂၄ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ယခုနှစ်အတွင်းမှာ ရင်းဂစ်ငွေကြေးက အာရှဒေသမှာ တန်ဖိုးကျဆင်းမှု အများဆုံးဖြစ်ပါတယ်။ ကိန်းဂဏန်းများကို အခြေခံတွက်ချက်မှုအရ စားအုန်းဆီဈေးက တစ်တန်ကို ၁၉၆၃ ရင်းဂစ်နှုန်းအတိုင်း ထိန်းထားနိုင်မယ့်လက္ခဏာရှိကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုကပြောပါတယ်။

အခြားစားသုံးဆီဈေးကွက်မှာ အမေရိကန်ပြည်ထောင်စုရဲ့ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ဈေးက အာရှဈေးကွက်မှာ ၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

စက်တင်ဘာ ၃ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုရဲ့ ရေနံစိမ်း သိုလှောင်လက်ကျန်မြင့်မားလာတဲ့အတွက် ရေနံစိမ်းဈေးနှုန်းတွေ ပြန်လည်ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဝေါစထရိဈေးကွက်မှာ အာရှရှယ်ယာဈေးနှုန်းတွေက နေ့အလိုက်တိုးတက်မှုနှုန်း ၂ ရာခိုင်နှုန်း ရှိခဲ့တဲ့အတွက် ရေနံဈေးနှုန်းတွေကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

ဟင်းရွက်ဆီကို ပြန်ပြည့်မြဲလောင်စာဆီထုတ်လုပ်ရာမှာ အသုံးပြုမှုပိုမိုများပြားလာတဲ့အတွက် စားအုန်းဆီဈေးနှုန်း အတက်အကျအပေါ်မှာ ရေနံစိမ်းဈေးနှုန်း အတက်အကျကလည်း အကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။ **ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၄-၉-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၄၅၀၀ | ၄၅၀၀ | □ | ၁၃၀၀ | ၁၃၃၀ | △ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၃၉၀ | ၁၄၂၀ | △ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၆၆၀၀ | ၆၀၀၀ | ▽ | ၃၉၀၀ | ၃၈၀၀ | ▽ | ၁၄၅၀ | ၁၄၉၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

**Source: mirt**

### စားအုန်းဆီဈေးနှုန်းများ (၁-၉-၂၀၁၅ မှ ၃-၉-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁-၉-၂၀၁၅ | ၅၆၅ |
| (၂) | ၂-၉-၂၀၁၅ | ၅၆၀ |
| (၃) | ၃-၉-၂၀၁၅ | ၅၆၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၄-၉-၂၀၁၅ US$/Ton

| အမျိုးအစား | ဩဂုတ်လစတုတ္ထပတ် | စက်တင်ဘာလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၉၈.၀၀ | ၄၆၂.၀၀ | ▽ |
| RBD P.Olein | ၅၁၅.၀၀ | ၄၈၄.၅၀ | ▽ |
| RBD P.Strarin | ၃၉၅.၅၀ | ၃၉၆.၀၀ | △ |

**Source: econ.mpob**

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၄- ၉ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၁၇၉.၈၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၂.၉၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၅.၉၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၇.၆၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၂.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၀၇.၄၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၄-၉-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၆၅ ဒေါ်လာ၊ FOB ၅၄၀ ဒေါ်လာနှင့် USD ဈေး ၁၂၇၈ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၄-၉-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၇၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့် သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ၌ SMEs လုပ်ငန်းများအတွက် ပြည်ပလုပ်သားယာယီသုံးစွဲခွင့်ပြုမည့် အစီအစဉ်သစ် တစ်ရပ်ချမှတ်

စင်ကာပူနိုင်ငံတွင် စီးပွားရေး စနစ်ပြန်လည်တည်ဆောက်ရာ၌ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အားအဟန့်အတားပြုလျက်ရှိသော လက်ရှိအလုပ်သမားမူဝါဒနှင့် လုပ်သားဈေးကွက်ကျပ်တည်းမှုတို့နှင့်ပတ်သက်၍ လုပ်ငန်းရှင်များထံမှသဘောထားမှတ်ချက်များအပေါ်တုံ့ပြန်မှုအဖြစ် ပြည်ပလုပ်သားယာယီ သုံးစွဲခွင့်အစီအစဉ်သစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းစင်ကာပူအလုပ်သမားဝန်ကြီးဌာနမှ ဩဂုတ်လ ၁၉ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ အလုပ်သမားမူဝါဒ မှာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများ၌ပြည်ပအလုပ်သမား အင်အားစုအပေါ် အမှီပြုလုပ်ကိုင်ရသည့်အနေအထားမှ စွမ်းဆောင်ရည်မြင့်မားသောပြည်တွင်းလုပ်သားအင်အား အနည်းငယ်ဖြင့် ကျစ်လျစ်ခိုင်မာသည့် စီးပွားရေးလုပ်ဆောင်မှုစနစ်သို့ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်ရာစီးပွားရေးလုပ်ငန်းများအနေဖြင့် အလုပ်အကိုင်နေရာများတွင်နိုင်ငံသားများနှင့် အမြဲတမ်းနေထိုင်ခွင့် လက်မှတ် (PR) ကိုင်ဆောင်သူများကိုဦးစားပေးခန့်ထားရပြီး ပြည်ပအလုပ်သမားများကိုခွဲတမ်းသတ်မှတ်ချက်ဖြင့် သာခန့်ထားခွင့် ရှိပါသည်။ လက်ရှိကာလတွင် ကုမ္ပဏီ၌ပြည်တွင်းလုပ်သားခန့်ထားမှုအပေါ် မူတည်၍ ကျွမ်းကျင်သူလက်မှတ် (S Pass) ကိုင်ဆောင်သည့် နိုင်ငံခြားသားဝန်ထမ်းများကိုခန့်ထားခွင့်ပြုသည့်ခွဲတမ်းမှာစုစုပေါင်းဝန်ထမ်းအင်အား၏ ၁၅ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်း အတွင်းသာရှိပါသည်။ ကုမ္ပဏီ၌သာမန်အလုပ်သမားပါမစ် (Work Permit) ကိုင်ဆောင် သူပြည်ပလုပ်သားအင်အားကို လျှော့ချမှုပြုပါက S Pass ကိုင်ဆောင်သူ နိုင်ငံခြားသားဝန်ထမ်း အင်အားကိုလည်း အချိုးကျလျှော့ချရမည်ဖြစ်သည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် လေလွင့်မှုအနည်းဆုံးဖြင့် လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Lean Enterprise Development (LED) Scheme) အရ ပြည်တွင်းဝန်ထမ်းအင်အားကို မကျိုင်ပြုလျက် လုပ်ငန်းဖွဲ့စည်းပုံပြောင်းလဲသည့် အကူးအပြောင်းကာလအတွင်း SMEs လုပ်ငန်းများအနေဖြင့်ပြည်ပလုပ်သားများအနက် အလုပ်သမားပါမစ်ကိုင်ဆောင်သူ အင်အားလျှော့ချသော်လည်း S Pass ဝန်ထမ်းအင်အားကို ယာယီဆက်လက်ထိန်းသိမ်းထားခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့အပြင် အနာဂတ်ကာလ၌ တာဝန်ပေးအပ်ရန် အတွက် ပြည်တွင်းရှိ ကျောင်းသားလူငယ်များကို ပိုလီတက္ကနစ်နှင့် အသက်မွေးဝမ်းကျောင်းသိပ္ပံတို့တွင် လေ့ကျင့်သင်ယူမှုအထောက် အပံ့များကိုပေးအပ်လျက်ရှိသော SMEs များသည် ၎င်းလူငယ်များ လုပ်ငန်းခွင်ဝင်ရောက်ခြင်းမပြုမီကာလအတွင်းလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရာတွင် လိုအပ်သော S Pass ကိုင်ဆောင်သူ ပြည်ပအလုပ်သမားများကို ယာယီခန့်ထားခွင့် ရရှိမည်ဖြစ်သည်။ အလားတူ မိမိလုပ်ငန်းခွင်ရှိ ပြည်တွင်းအလုပ်သမားများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်အတွက် နည်းပညာရပ်များကို သင်ကြားပို့ချမည့် ပြည်ပမှကျွမ်းကျင်သူပညာရှင်များအား ယာယီငှားရမ်းခန့်ထားခွင့်ကိုလည်းရရှိနိုင်မည်ဖြစ်သည်။

LED အစီအစဉ်နှင့်ပတ်သက်၍ စင်ကာပူနိုင်ငံအလုပ်သမားဝန်ကြီး Mr.Lim Swee Say ကယခုအစီအစဉ်မှာ ဂငယ်ကွေ့ချိုး၍ နောက်ကြောင်းပြန်လှည့်ခြင်းမဟုတ်ဘဲ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သည့် ကြားကာလအတွင်းနိုင်ငံခြားသား အလုပ်သမားငှားရမ်းနိုင်မှုကိုပိုမိုရရှိစေရန် စီစဉ်ပေးခြင်းမျှသာဖြစ်ကြောင်းပြောကြားပါသည်။ စင်ကာပူနိုင်ငံရှိအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အသင်းကလည်း ဤအစီအစဉ်သည် အသွင်ကူးပြောင်းသည့်ကာလအတွင်း ပြည်ပလုပ်သားငှားရမ်းခွင့် ရရှိစေမှုနှင့် အတူတီထွင်ဆန်းသစ်မှုနှင့် ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့် လုပ်ဆောင်လာစေရန် ကုမ္ပဏီလုပ်ငန်းများအား တွန်းအားပေးလိမ့်မည်ဖြစ်ကြောင်း၊ ယခုအစပြုဆောင်ရွက်မှုမှ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်း၊ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်း နှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်းပြောဆိုပါသည်။ SMEs လုပ်ငန်းများအနေဖြင့် ဤအစီအစဉ်မှ အခွင့်အရေးများကို ရယူဆောင်ရွက်ကြရန် အမျိုးသားကုန်သွယ်မှုအလုပ်သမားသမဂ္ဂ ကွန်ဂရက်က တိုက်တွန်းနှိုးဆော်ထားပါသည်။

စင်ကာပူနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသည် လေလွင့်မှုအနည်းဆုံးဖြင့် လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အား ယခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ နှစ်နှစ်တာကာလအထိ ကနဦးအကောင်အထည်ဖော် လုပ်ဆောင်မည်ဖြစ်သည်။ ဤအစီအစဉ်၌ပါဝင်လိုသည့် SMEs လုပ်ငန်းများသည် နှစ်နှစ်မှ သုံးနှစ်အထိအချိန်ကာလ အတွင်း လုပ်ငန်း အသွင်ကူးပြောင်းရေးဆောင်ရွက်မည့်အစီအမံများကိုဖော်ပြလျက် အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် ၎င်းစီမံချက်များအပေါ် နှစ်စဉ်စိစစ်သုံးသပ်မှုပြုမည်ဖြစ်ပြီးSMEs များအနေဖြင့် LED အစီအစဉ်ပါ အခွင့်အလမ်းများကို အများဆုံး သုံးနှစ်ကာလအထိရယူခံစားနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## ခြောက်နှစ်အတွင်း ကမ္ဘာ့ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းစံချိန်တင်ကျဆင်း

ကုန်ကြမ်းပစ္စည်းများနှင့်စွမ်း အင်သုံးစွဲမှုများအပေါ် ထိခိုက်သွားနိုင်သည့် တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လျော့နည်းသွားခြင်းသည် အခြားနိုင်ငံများ၏ စီးပွားရေး အခြေအနေကိုလည်း ထိခိုက်သွားနိုင်သည်ဆိုသည့် စိုးရိမ်မှုများကြောင့် ကမ္ဘာ့ကုန်ကြမ်းဈေးကွက်သည်လည်း ၂၀၀၉ ခုနှစ် ကမ္ဘာ့ငွေကြေးဈေးကွက် ပြဿနာဖြစ်ပွားပြီး ခြောက်နှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့သည်။

ဩဂုတ်လ ၂၁ ရက်နေ့က ကမ္ဘာ့ ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၀ ဖြင့် ဈေးပိတ်ခဲ့သည်။ အဆိုပါဈေးနှုန်းသည် ဇွန်လကရှိခဲ့သည့် ရေနံ ဈေးနှုန်းထက် ၃၄ ရာခိုင်နှုန်း ကျဆင်းသွားပြီး၊ ဇွန်လက ရေနံတစ်စည် ဈေးနှုန်းသည် ၆၁ ဒေါ်လာဖြစ်ခဲ့သည်။ ကြေးနီနှင့်နစ်ကယ်ကဲ့သို့ သတ္တု များ၏ဈေးနှုန်းသည် နှစ်လတာကာလအတွင်း ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ကို လည်း တွေ့ရသည်။ ၎င်းအပြင် တရုတ် နိုင်ငံစီးပွားရေးအခြေအနေ ဆိုးရွားနေခြင်း၊ အမေရိကန်ဗဟိုဘဏ် အတိုးနှုန်း မြင့်တက်လာနိုင်သည်ဟူသည့် မှန်းဆချက်သည် အမေရိကန်ဒေါ်လာဈေးကို ပိုမိုခိုင်မာလာ စေခြင်းတို့သည် ကိုရီးယားစီးပွားရေးအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့ သည်။ အဘယ်ကြောင့်ဆိုသော် တောင်ကိုရီးယား စီးပွားရေးအခြေအနေသည် နိုင်ငံခြားပို့ကုန်အပေါ် များစွာမှီခိုနေသောကြောင့်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ လယ်ယာကဏ္ဍမှ ဝင်ငွေ ၃၆ ရာခိုင်နှုန်း ကျဆင်းလာနိုင်

၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ လယ်ယာကဏ္ဍမှ ဝင်ငွေသည် ၃၆ ရာခိုင်နှုန်း ကျဆင်းလာနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းခဲ့ရာ အဆိုပါ ပမာဏသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဝင်ငွေဖြစ်ပါသည်။ ယခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ အသားတင်ဝင်ငွေသည် ဒေါ်လာ ၅၈ ဒသမ ၃ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းသဖြင့် ယခင်နှစ်ကရရှိသည့် ဝင်ငွေဒေါ်လာ ၉၁ ဒသမ ၁ ဘီလီယံထက် ၃၆ ရာခိုင်နှုန်းလျော့နည်းမည်ဖြစ်ပါသည်။

ပြောင်းအထွက်နှုန်းကျဆင်းမှုကြောင့် ကောက်ပဲသီးနှံမှဝင်ငွေရရှိမှုမှာ ခြောက်ရာခိုင်နှုန်းခန့် လျော့ကျနိုင်ပြီး နို့နှင့်ဝက်သားဈေးနှုန်းများ ကျဆင်းမှုကြောင့် မွေးမြူရေးလုပ်ငန်းမှ ရရှိသည့် ဝင်ငွေ ၉ရာခိုင်နှုန်းခန့် လျော့ကျနိုင်သဖြင့် လယ်ယာကဏ္ဍမှ ဝင်ငွေကျဆင်းမည်ဟု ခန့်မှန်းခြင်းဖြစ်ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## တောင်နှင့်မြောက်ကိုရီးယား နယ်စပ်ဆိုင်ရာ သဘောတူညီချက်ကြောင့် လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်

စစ်ရေးတင်းမာမှုကို ဖြေရှင်းပေးနိုင်ခဲ့သည့် တောင်/မြောက်ကိုရီးယား နှစ်နိုင်ငံကြား သဘောတူညီချက်များသည် နယ်စပ်ဒေသတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းသစ်များ ဖြစ်ပေါ်လာနိုင်ခဲ့သည်။ နှစ်နိုင်ငံသဘောတူညီချက်များ ချမှတ်ခဲ့သည့်နေ့၌ပင် တောင်/မြောက်ကိုရီးယား နှစ်နိုင်ငံနှင့်ဆက်စပ်သည့် စတော့ရှယ်ယာများ ဈေးတက်သွားခဲ့သည်။ သို့သော် နှစ်နိုင်ငံသဘောတူညီချက်များသည် မြောက်ကိုရီးယားနိုင်ငံ၊ Mt. Kumgang သို့ အလည်အပတ်ခွင့်ပြုခြင်းကဲ့သို့ တိကျရေရာသော စီးပွားရေးစီမံကိန်းမပါရှိသဖြင့် ဆက်လက်လုပ်ဆောင်ရန်များစွာ ရှိနေပါသေးသည်။

ဩဂုတ် ၂၅ ရက်နေ့က နှစ်နိုင်ငံသဘောတူညီချက်များ ချမှတ်ခဲ့ပြီးနောက် Hyundai Asian ခရီးသွားကုမ္ပဏီတွင် ရှယ်ယာအများဆုံးပါဝင်သည့် Hyundai Merchant Marine ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးများသည် ၇ ဒသမ ၈၃ ရာခိုင်နှုန်းသို့ ခုန်တက်သွားခဲ့သည်။ နှစ်နိုင်ငံ သဘောတူညီချက်တွင် ပါဝင်သည့် စစ်အတွင်းက ကွဲကွာသွားသည့် မိသားစုများကို ပုံမှန်ပြန်လည်ပေးတွေ့စေရေး ဆိုသည့် အချက်မှာ ၎င်းတို့ပုံမှန်တွေ့ဆုံသည့်နေရာသည် Mt. Kumgang တောင်ပေါ်တွင်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းရှယ်ယာများ တက်သွားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်က တောင်ကိုရီးယား ခရီးသည်တစ်ဦးအား မြောက်ကိုရီးယားက ပစ်သတ်ခဲ့သည့်အမှုဖြစ်ပွားပြီးနောက် Mt.Kumgang သို့ ကမ္ဘာလှည့်ခရီးသွား ခရီးစဉ်သည် ရပ်ဆိုင်းသွားခဲ့ရသည်။

အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများလည်း ကီဆောင်စက်မှုဇုန်သို့ ဝင်ရောက်ရန် ပိုမိုလွယ်ကူလာနိုင်၍ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးလာဖွယ်ရှိပါသည်။ သို့သော် ကုမ္ပဏီကြီးများအနေဖြင့် မြောက်ကိုရီးယားနှင့်စီးပွားရေး အခွင့်အလမ်း တိုးတက်လာနိုင်မည်ဆိုခြင်းကို ၂၀၁၀ ခုနှစ်က Cheonan ရေယာဉ်နစ်မြုပ်ခံရမှု သင်ခန်းစာကြောင့် သံသယရှိနေဆဲဖြစ်သည်။ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများ လက်ရှောင်သွားလျှင်တောင်မှ ကိုရီးယားနှစ်နိုင်ငံကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် ချက်ချင်းလက်ငင်းကြီး ဖွံ့ဖြိုးလာဖွယ်ရာ မရှိနိုင်ကြောင်း၊ နိုင်ငံခြားရေးရာနှင့်လုံခြုံရေးဆိုင်ရာ အကြံပေးဟောင်း Chun Young-woo က မှတ်ချက်ပြုပြောဆိုထားသည်။

**သန့်ဇင် စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်နိုင်ငံတွင် ဆောက်လုပ်ရေးလုပ်သားရှားပါးမှု မြင့်တက်လာ

အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း အိမ်နှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှု တိုးတက်လာသကဲ့သို့ ဆောက်လုပ်ရေးလုပ်သား ရှားပါးမှုမှာလည်း မြင့် တက်လျက်ရှိပါသည်။ လုပ်သားရှားပါး မှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ နှောင့်နှေးခြင်း၊ အိမ်ဈေးနှုန်းများမြင့် တက်ခြင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်း အပြည့်အဝ မဆောင်ရွက်နိုင်ခြင်း စသည့်အခက်အခဲများ ဖြစ်ပေါ်ကာ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုနှုန်းတို့ လျော့ကျခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် အိမ်ခြံမြေ လုပ်ငန်းများ ကမောက်ကမဖြစ်ပြီးနောက် ဆောက်လုပ်ရေးလုပ်ငန်းများ ကျဆင်းခဲ့သည်။ ၂၀၁၂ ခုနှစ်မှစတင်၍ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည် နာလန်ထူလာခဲ့ရာ ဆောက်လုပ်ရေးလုပ်သား လိုအပ်ချက်မှာလည်း မြင့်တက်လာပြီး လုပ်သားရှားပါးမှုကြောင့် ကုန် ကျစရိတ် မြင့်တက်ခဲ့ပါသည်။ အမေရိကန်နိုင်ငံရှိ သာမန်အလုပ်သမားများ၏ လုပ်ခသည် ဇူလိုင်လ၌ ၂ ဒသမ ၁ ရာခိုင်နှုန်းသာ မြင့်တက်သော်လည်း ဆောက်လုပ်ရေးလုပ်သားများ၏ တစ် နာရီလုပ်ခမှာ ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အိမ်အသစ်ဈေးနှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ် ပါက ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အမေရိကန်နိုင်ငံတွင် ရေနံစိမ်းဈေးနှုန်းများ ထပ်မံ မြင့်တက်

အမေရိကန်နိုင်ငံတွင် ရေနံစိမ်း ဈေးနှုန်းများသည် ဩဂုတ်လ ၂၇ ရက် နေ့၌ တစ်စည်လျှင် ၁၀ ဒသမ ၃ ရာခိုင် နှုန်းမြင့်တက်ခဲ့ပြီး ဩဂုတ်လ ၂၈ ရက် နေ့တွင်လည်း ၆ ဒသမ ၃ ရာခိုင်နှုန်း ထပ်မံမြင့်တက်ကာ ဈေးကွက်ပိတ်ချိန်တွင် တစ်စည်လျှင် ၄၅ ဒသမ ၂၂ ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ ကမ္ဘာ့ရေနံ ထုတ်လုပ်မှုမြင့်တက်လာခြင်းနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေအပေါ် စိုးရိမ်ပူပန်ကြသဖြင့် အမေရိကန်နိုင်ငံ၏ ရေနံဈေးနှုန်းသည် ခြောက်နှစ်ခွဲအတွင်း အနိမ့်ဆုံးသို့ ထိုးဆင်းသွားရာမှ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ထိုင်းနိုင်ငံဗဟိုဘဏ်က ဘတ်ငွေတန်ဖိုး အားပျော့အောင် ဆောင်ရွက်မည်

ထိုင်းနိုင်ငံ ဗဟိုဘဏ်သည် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ရင်းနှီးငွေစီးထွက်မှုအပေါ် ထိန်းချုပ်မှုများကို ဖြေလျှော့ခြင်းဖြင့် ဘတ်ငွေတန်ဖိုးအားပျော့စေရန် အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း သိရှိရပါသည်။

ဘဏ္ဍာရေးတည်ငြိမ်မှုအတွက် မူဝါဒအတိုးနှုန်းသည် ဗဟိုဘဏ်၏ အဓိက နည်းလမ်း (primary tool) ဖြစ်ကြောင်း၊ သို့ရာတွင် ငွေကြေးမူဝါဒဖြေလျှော့ပေးခြင်း၏ အခန်းကဏ္ဍနှင့်ထိရောက်မှုကို လျှော့ချခဲ့ပြီးဖြစ်သည်ကို ဝန်ခံရမည်ဖြစ်ကြောင်း၊ အခြားသော အင်အားကြီးနိုင်ငံများကဲ့သို့ အတိုးနှုန်းကို သုညအထိ မလျှော့ချနိုင်ကြောင်း၊ လက်ခံနိုင်သည့် အတိုင်းအတာအထိသာ လျှော့ချမည်ဖြစ်ကြောင်း ငွေကြေးတည်ငြိမ်မှု ကြီးကြပ်ကွပ်ကဲသူ ဒုတိယဥက္ကဋ္ဌ Ms. Pongpen ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံဗဟိုဘဏ်မှ စံအတိုးနှုန်းကို ပြီးခဲ့သည့် မေလနှင့်ဧပြီလတို့၌ နှစ်လဆက်တိုက်လျှော့ချခဲ့ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကို အကျဘက် ဦးတည်နေသည့် စီးပွားရေးတိုးတက်မှုကို တုံ့ပြန်ရန်ပြင်းထန်သော ဆေးဝါးဟုအမည်ပေးခဲ့ပါသည်။

ထိုင်းနိုင်ငံဗဟိုဘဏ်၌ စံအတိုးနှုန်း မည်မျှအထိ လျှော့ချနိုင်သည်ကို ဖော်ပြထားသော ၎င်း၏ကိုယ်ပိုင်သတ်မှတ်ချက် ရှိပါသည်။ လက်ရှိစံအတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းသည် ၂၀၀၉ ခုနှစ် ကမ္ဘာ့ငွေကြေး အကြပ်အတည်းကာလအတွင်း၌ သတ်မှတ်ခဲ့သည့် ၁ ဒသမ ၂၅ ရာခိုင်နှုန်းထက် သုည ဒသမ ၂၅ ရာခိုင်နှုန်းသာ မြင့်ပါသည်။

လက်လီရောင်းသူများ အနေဖြင့်ကြားလူမပါဘဲ ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်းကို ခွင့်ပြုပေးမည့် အစီအစဉ်/စီမံချက်ကို ရေးဆွဲပြီး ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စွန့်စားရမှု နည်းပါးအောင် ဖြန့်ကြက်နိုင်စေရန် ဖြစ်ပါသည်။ ဘတ်ငွေသည် ဩဂုတ်လ ၂၈ ရက်နေ့၌ အမေရိကန် တစ်ဒေါ်လာလျှင် ၃၅ ဒသမ ၈၆မှ ၃၅ ဒသမ ၈၈ ဘတ်အထိ သိသိသာသာ ကျဆင်းခဲ့ပါသည်။

ရင်းနှီးငွေ စီးထွက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်း၏ ပထမအဆင့်ကို လာမည့်နှစ်တွင် စတင်မည်ဖြစ်ကြောင်း၊ အပ်နှံငွေ ဘတ်သန်း ၁၀၀ ရှိသူ သို့မဟုတ်ပိုင်ဆိုင်မှုတန်ဖိုး ဘတ် ၁-၅ ဘီလီယံရှိသော လုပ်ငန်းများ (Corporations) ကို နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော စတော့များ(Offshore securities) အားလုံးတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်တွင် စတင်မည့် ဒုတိယအဆင့်တွင် အဆိုပါစတော့များ အားလုံး၌ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရန် တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများ (Retail investor) အား ခွင့်ပြုပေးမည်ဖြစ်ပါသည်။ အဆင့် နှစ်ဆင့် စလုံးအတွက် စုစုပေါင်းငွေလွှဲပြောင်းခွင့် ကန့်သတ်ချက်မှာ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ငါးသန်းဖြစ်ပါသည်။

အဆိုပါအစီအစဉ်မှ နိုင်ငံခြားငွေလဲလှယ်မှုအပေါ် အကျိုးသက်ရောက်မှုသည် ထိန်းသိမ်းရလွယ်မည်ဟု ယူဆရကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို မည်သို့ဖြန့်ကြက်မည်ကို ပိုမိုစိုးရိမ်သင့်ကြောင်း သုံးသပ်ကြပါသည်။

ထိုင်းနိုင်ငံ ဗဟိုဘဏ်သည် Capital Account Liberalisation Master Plan ၏ အဆင့်(၂)အရ နိုင်ငံခြားငွေလဲလှယ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲမည့်အစီအစဉ်ကို ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအစီအစဉ်သည် ပြီးခဲ့သည့်လမှစ၍ အကျိုးသက်ရောက်ခဲ့ပါသည်။

အဆိုပါအစီအစဉ်တွင် ထိုင်းနိုင်ငံ၌ အမြဲတမ်းနေထိုင်သူများ သို့မဟုတ် ကာလရှည်နေထိုင်သူများ (resident) အား စုဆောင်းမှုအတွက် နိုင်ငံခြားငွေကြေးလွတ်လပ်စွာ ဝယ်ယူခွင့်ကန့်သတ်ချက်ကို အမေရိကန် ဒေါ်လာ ၅၀၀,၀၀၀ မှ ငါးသန်းသို့ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ ပြည်ပ၌ မြေ၊ အိမ်ရာ၊ အဆောက်အအုံ(စာချုပ်ဖြင့် ငှားရမ်း အသုံးပြုနိုင်သော ပစ္စည်းများ) ဝယ်ယူခြင်း အပါအဝင် မရွှေ့ပြောင်းနိုင်သော မြေ၊ အိမ်ရာ၊ အဆောက်အအုံ ဝယ်ယူခြင်းအတွက် ကန့်သတ်ချက်ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀ သန်းဟု သတ်မှတ်ထားခဲ့ရာမှ သန်း ၅၀ သို့ တိုးမြှင့်ခွင့်ပြုပေးခြင်း စသည်တို့ ပါဝင်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပြည်တွင်းစားသုံးမှု တိုးတက်စေရန် ဆောင်ရွက်မည့် အစီအမံများအား တောင်ကိုရီးယားအစိုးရက ထုတ်ပြန်ကြေညာ

မေလနှောင်းပိုင်းက တောင်ကိုရီးယားနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် MERS ရောဂါပြန့်ပွားမှုကြောင့် ကျဆင်းသွားသည့် စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်ရန်နှင့်ပြည်တွင်းစားသုံးမှုတိုးပွားလာစေရန်တို့အတွက် ဆောင်ရွက်မည့် အစီအမံများအဖြစ် ယခုနှစ် ကုန်ဆုံးချိန်အထိ မော်တော်ကားများနှင့်အီလက်ထရောနစ် ပစ္စည်းများအပေါ် ကောက်ယူသည့် အခွန်များကို လျှော့ပေါ့သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်သည် ဩဂုတ်လ ၂၆ ရက်နေ့က ဘဏ္ဍာရေးဝန်ကြီး၏ ပုံမှန် အစည်းအဝေးအပြီးတွင် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

မော်တော်ကားသစ်တစ်စီး ဝယ်ယူလျှင် ယခင်ကအခွန်ငါးရာခိုင် နှုန်းကောက်ယူရာမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ရာ ကားငယ်လေးများအတွက် အကြမ်းဖျဉ်းအားဖြင့် ဝမ် ၃၀၀,၀၀၀ ခန့်၊ ဆီဒင်ကားများအတွက် ဝမ် ၅၀၀,၀၀၀ မှ ၆၀၀,၀၀၀ ခန့်သက်သာ သွားနိုင်မည် ဖြစ်သည်။ မော်တော်ကားလုပ်ငန်း ဈေးကွက်တွင် ကုန်သည်ပွဲစား ၄၃၀,၀၀၀ ဦးခန့်ရှိနေပြီး၊ မော်တော်ကား လက်လီအရောင်းနှုန်းသည် ဈေးကွက်တစ်ခုလုံး၏ ၁၀ ဒသမ ၁ ရာခိုင်နှုန်းခန့် ရှယ်ယာရှိနေသောကြောင့် ယခုကဲ့သို့ အစိုးရ၏ ဆောင်ရွက်ချက်သည် နိုင်ငံ့စီးပွားရေးကို များစွာအကျိုးသက်ရောက်နိုင်ပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန အရာထမ်းတစ်ဦးက ပြောဆိုခဲ့သည်။

ယင်းကဲ့သို့ အခွန်လျှော့ပေါ့ခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို သုည ဒသမ ၀၂၅ ရာခိုင်နှုန်းခန့် တိုးလာနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ခန့်မှန်းတွက်ချက်ထားသည်။ ရေခဲသေတ္တာ၊ တီဗီစသည့် အီလက်ထရောနစ်ပစ္စည်းများအပေါ် ကောက်ခံသည့် အခွန်ကိုလည်း ယခင်ငါးရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချသွားမည်ဖြစ်သည်။ ရေမွှေးအပေါ် ကောက်ခံသည့် အခွန်ကိုလည်း ၇ ရာခိုင်နှုန်းမှ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်သည်။

**သန့်ဇင် စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ၂၀၁၅ ခုနှစ်၊ ဒုတိယသုံးလပတ်၌ အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းထားသည်ထက် မြင့်တက်လာ

၂၀၁၅ ခုနှစ်၊ ဒုတိယသုံးလပတ်ရှိ အမေရိကန်နိုင်ငံ၏ ဂျီဒီပီမှာ ၃ ဒသမ ၇ ရာခိုင်နှုန်းဖြစ်၍ မူလခန့်မှန်းထား သည့် ၂ ဒသမ ၃ ရာခိုင်နှုန်းထက် မြင့်မားနေကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၇ ရက် နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

စားသုံးသူများ၏ သုံးစွဲမှု၊ ပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံကဏ္ဍများတွင် တိုးတက်ခဲ့ခြင်းကြောင့် ဒုတိယသုံးလ တွင် ဂျီဒီပီတိုးတက်မှုနှုန်း မြင့်မားလာရခြင်း ဖြစ်သည်ဟုဆိုသည်။

စားသုံးသူသုံးစွဲမှု တိုးတက်မှုနှုန်း သည် ပထမသုံးလတာကာလတွင် ၁ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ဒုတိယသုံး လပတ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်း သို့ သိသိသာသာ မြင့်တက်ခဲ့ပါသည်။ ပို့ကုန်တင်ပို့မှုမှာလည်း ပထမသုံးလတွင် ခြောက်ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ဒုတိယသုံးလတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့ပါသည်။ ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ရေနံနှင့်ဆက်နွယ်နေသည့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခဲ့ရာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ လျော့ကျခဲ့သော်လည်း ယခုနှစ် ဒုတိယ သုံးလတွင် ပြန်လည် တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# စားသုံးသူကာကွယ်ရေး

# ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

Nyein Wai Hnin



လူ့လောကဟာ တကယ့်ကို မမြင်စဖူး တိုးတက်မှုတွေနဲ့ စည်ပင်သာယာလာပြီး တစ်စတစ်စ ပြောင်းလဲတိုး တက်နေပါတယ်။ ပြောင်းလဲတိုးတက်မှုရဲ့ အခြားတစ်ဖက်မှာ ဆုတ်ယုတ်ပျက်စီးမှုများလည်း တွေ့နေရပါတယ်။ ရှေးခေတ်ကလူတွေ ဘယ်လိုလုပ်ပြီး ယနေ့ခေတ်လို ကုံလုံကြွယ်ဝတဲ့ ဘဝမျိုးကို မှီနိုင်မှာလဲ၊ တွေးကြည့်ရင် သိနိုင်ပါတယ်။ ရှေးခေတ်လူများရဲ့ အားသာချက်ကတော့ အဖျားအနာ နည်းပါးလှသလို ရောဂါကင်းပြီး အသက်ရှည်စွာနေနိုင်ကြပါတယ်။ ပတ်ဝန်းကျင်က အသုံးအဆောင် ဓလေ့ထုံးစံတွေနဲ့ ကျင်လည်စားသောက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာ နေထိုင်ခဲ့လို့ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့ရဲ့ သဘောထားအမြင် တွေကမှန်ကန်မှုရှိပြီး နေထိုင်စားသောက်မှုပုံစံများကလည်း မှုမှန်တဲ့ နေထိုင်စားသောက်မှု ပုံစံတွေဖြစ်တာကို တွေ့ရပါတယ်။

ယနေ့ခေတ်မှာတော့ လူတွေဟာ တိုးတက်ပြောင်းလဲမှုနောက်ကို လိုက်ပြီး သူတို့မှာရှိတာနဲ့ တင်းတိမ်ရောင့်ရဲစွာ နေထိုင်စားသောက်ခြင်း မရှိတော့ဘဲ အသစ်အဆန်းပေါ် သမျှကို လိုချင်တပ်မက်လာကြပါတယ်။ တီထွင်ဖန်တီးတဲ့ ပညာရှင်တွေကလည်း တစ်ကြိမ်နဲ့ တစ်ကြိမ် မရိုးနိုင်အောင် တီထွင်ဖန်တီးလာကြပါတယ်။ နည်းပရိယာယ်များကို အသုံးပြုပြီး တီထွင်ဖန်တီးလာခြင်းဖြစ်ပါတယ်။ သမားရိုးကျနည်းလမ်းတွေအတိုင်း မဟုတ်တော့ဘဲ နောက်ပိုင်းမှာ လူတွေအတွက် ဘေးအန္တရာယ်ကျစေမယ့် နည်းလမ်းတွေ၊ အသုံးအဆောင်ပစ္စည်းတွေထည့်သွင်းအသုံးပြုလာခြင်းဟာ ယခုခေတ်လူတွေအတွက် မှုမမှန်တဲ့ နေထိုင်စားသောက်မှုပုံစံတွေ ဖြစ်လာစေပါတယ်။

လူအများရဲ့ အစားအသောက်ပိုင်းကို ကြည့်မယ်ဆိုရင် အစားအသောက် နှစ်မျိုးရှိနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ အကျိုးရှိတဲ့ အစားအစာနဲ့ အကျိုးမရှိတဲ့ အစားအစာဖြစ်ပါတယ်။ အကျိုးရှိတဲ့ အစားအစာတွေက ခန္ဓာကိုယ်ကို ကြီးထွားကာ ဉာဏ်ရည်ဖွံ့ဖြိုးပြီး လိုအပ်တဲ့ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ သက်စောင့်ဓာတ်၊ ခွန်အားဓာတ်တွေကို ပေးပါတယ်။ အကျိုးမရှိတဲ့ အစားအစာတွေကတော့ ခန္ဓာကိုယ်ကို ဘေးဒုက္ခရောက်စေနိုင်ပြီး ရောဂါများဖြစ်ပွားနိုင်ပါတယ်။

အဲဒီအကျိုးမရှိတဲ့ အစားအစာတွေကိုလည်း လူတွေက တမင်စားသုံးလိုက်ခြင်း မဟုတ်ပဲ အမှုမဲ့ စားသုံးလိုက်ခြင်းကြောင့် မဖြစ်ပွားသင့်တဲ့ ရောဂါများဖြစ်ပွားနေတာ တွေ့ရပါတယ်။ မိမိတို့ စားသုံးလိုက်သော အစားအသောက်များဟာ တစ်နေ့တစ်ရက်စားတာ မသိသာပေမယ့် နေ့စဉ်ရက်ဆက် ကြာလာတာနှင့်အမျှ ဘေးအန္တရာယ်ဆိုးကျိုးများ ဖြစ်စေနိုင်ပါတယ်။

**မိမိတို့ စားသုံးလိုက်သော အစားအသောက်များဟာ တစ်နေ့ တစ်ရက်စားတာ မသိသာပေမယ့် နေ့စဉ်ရက်ဆက် ကြာလာတာနှင့်အမျှ ဘေးအန္တရာယ် ဆိုးကျိုးများ ဖြစ်စေနိုင်ပါတယ်။**

အစားအသောက် အချို့မှာ ခေတ်မီဆန်းသစ်၍ အမြင်ပန်းလှပြီး ဈေးပေါပေမယ့် ကျန်းမာရေးနှင့် ကိုက်ညီမှု မရှိတာတွေ့ရပါတယ်။ လူတွေအတွက် အကျိုးမရှိဘဲ ဆိုးကျိုးဖြစ်စေနိုင်တဲ့ အစားအသောက်များကတော့-

- ရောဂါပိုးမွှားများ ကျရောက်နေတဲ့ မသန့်ရှင်းသော အစားအသောက်များ
- ခွင့်မပြု ဓါတုဆိုးဆေးအရောင်မျိုးစုံ ဆိုးထားသော အစားအသောက်များ
- တာရှည်ခံ ဓါတုဗေဒ ဆိုးဆေးများ ဆိုးထားသော အစားအသောက်များ
- သက်တမ်းလွန် အစားအသောက်များ၊ Package ထုပ်ထားပြီး သတင်းပေးဖော်ပြရန် ပျက်ကွက်သော အစားအသောက်၊ အလှကုန်၊ ဆေးဝါးများ
- မှိုတက်နေသော အစားအသောက်များ
- အတုအပပြုလုပ်ထားသော အစားအသောက်၊ အလှကုန်၊ ဆေးဝါးများ
- ပြန်ကြော်ဆီကို အသုံးပြုပြီး ပြုလုပ်ထားသောအစားအသောက်များ
- ဆေးသကြား၊ ပါဝါသကြား လွန်ကဲစွာ အသုံးပြုထားသော မုန့်မျိုးစုံနှင့် အစားအသောက်များ
- အမြန်မှည့်အောင် မှည့်ဆေးထိုးထားသော အသီးအနှံများ
- ကြီးထွားဆေး၊ အသားတိုးဆေး ထိုးထားသော အသား၊ ငါးများ
- ပိုးသတ်ဆေးဖြန်းပြီး ရိတ်သိမ်းချိန်မတန်ဘဲ ဆွတ်ခူးထားသော ဟင်းသီးဟင်းရွက်များ
- ပြည်ပနိုင်ငံများမှ တရားမဝင် တင်သွင်းလာသော အစားအသောက်များ စသည်တို့ဖြစ်ကြပါတယ်။ ထိုအစားအသောက်များကို မိမိဉာဏ်သတိနှင့်ယှဉ်၍ ရှောင်ရှားပြီးစားသုံးရန် လိုအပ်ပါတယ်။ ဒါမှသာ ဘေးအန္တရာယ်ကင်းရှင်းမှာဖြစ်ပါတယ်။

အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စကို တိုင်းတစ်ပါးမှ ဝိသမလောဘ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက မိမိအကျိုးအမြတ်ကိုသာကြည့်၍ စားသုံးသူများရဲ့ အစားအစာ ဘေးကင်းလုံခြုံမှုကို မျက်ကွယ်ပြုထားကြပါတယ်။ ခွင့်ပြုချက် မရှိဘဲ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံကို တင်သွင်းလာတဲ့ စားသောက်ကုန်တွေဟာ အစားအစာဘေးကင်းလုံခြုံမှုစံနှုန်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှု မရှိတဲ့အတွက် စားသုံးသူပြည်သူများအတွက် အာမခံချက်ပေးနိုင်မှု အားနည်းပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့လည်း စားသုံးသူပြည်သူများအတွက် သံသယကင်းကင်းနဲ့ စားသောက်နိုင်ရန် အောက်ပါအချက်များ ပါဝင်အောင် ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါတယ်။

- အစားအသောက် ထုတ်ကုန်အပေါ်မှ စားသောက်ကုန်နဲ့ စပ်လျဉ်းတဲ့ အချက်အလက်များကို မြန်မာလူမျိုးများ ဖတ်ရှုလို့ရအောင် မြန်မာဘာသာဖြင့် ရေးသားပေးရန်။
- အစားအသောက်ထုတ်လုပ်တဲ့ နေရပ်လိပ်စာကို မြန်မာဘာသာဖြင့် အတိအကျ ဖော်ပြပေးရန်။
- အစားအသောက်သက်တမ်းကုန်ဆုံးတဲ့ ရက်စွဲကို မြန်မာဘာသာဖြင့် ဖော်ပြရိုက်နှိပ်ပေးရန်။
- အစားအသောက်သက်တမ်းကုန်ဆုံးတဲ့ ရက်စွဲကို တိတိကျကျ ဖော်ပြပေးရန်။
- အစားအသောက်မှာ ပါဝင်ပြုလုပ်ထားတဲ့ ပစ္စည်းအမျိုးအမည် အတိအကျကို ဖော်ပြပေးရန် လိုအပ်ပါတယ်။ ဒါမှသာစားသုံးသူပြည်သူများကလည်း ယုံကြည်စိတ်ချစွာ စားသုံးနိုင်မှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင်လည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာ မိတ်ဖက်ဌာနများနဲ့ ပူးပေါင်း၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် စာသင်ကျောင်းမုန့်ဈေးတန်းများ၊ တက္ကသိုလ်များ၌ ကျောင်းသားကျောင်းသူများအား လက်တွေ့ကွင်းဆင်း စစ်ဆေးခြင်း၊ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာခွင့်မပြုဓါတုဆိုးဆေးအရောင်မျိုးစုံရဲ့ ဘေးထွက်ဆိုးကျိုးအကြောင်းသိရှိနားလည် နိုင်စေရန်၊ ဘေးအန္တရာယ်ကင်းသော အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးစေရန်၊ ကျောင်းမုန့်ဈေးတန်းမှ ဈေးသည်များကို အန္တရာယ်ကင်းသော အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်တဲ့ အစားအစာတွေကို ပြုပြင်၊ ထုတ်လုပ်ဝယ်ယူရောင်းချကြရန်၊ သန့်ရှင်းသော ပတ်ဝန်းကျင်ဖန်တီးနိုင်ရန် နောင်လာမည့် အနာဂတ် မျိုးဆက်သစ်များရဲ့ ရေရှည်ဘဝကျန်းမာရေး၊ ပညာရေးထိခိုက်မှု အန္တရာယ်မှ ကင်းဝေးပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်ရေးနဲ့ လူတိုင်းရောဂါဘယ ကင်းရှင်းရေးကို သိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် တိုးတက်နေသော လူနေမှုစနစ်တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း လုပ်ဆောင်၍ မအောင်မြင်နိုင်ပါ။ ပြည်သူလူထု တစ်ရပ်လုံး တက်ကြွစွာပူးပေါင်းပါဝင်၍ လက်တွဲညီညီဆောင်ရွက်မှသာ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အောင်မြင်နိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ဝင်များ၊ NGO အသင်းအဖွဲ့များနှင့်လည်း ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

# ရွက်ပေါက်ပင်မှတ်တိုင်ပါတယ်ဗျို့

၁၉၈၄ ခုနှစ် အလုပ်ဝင်ကာစ အသက်အစိတ်ပတ်ဝန်းကျင် အငယ်တန်းမန်နေဂျာအဖြစ် ခန့်ခဲ့တာဆိုတော့ နယ်တွေရောက်တဲ့အခါ ကျန်တဲ့ဝန်ထမ်းတော်တော်များများက ပြည်သူ့ဆိုင်တွေ၊ ပပကတွေခေတ်က လူကြီးပိုင်းတွေ၊ ၁၉၆၀-၁၉၆၂ ခုနှစ်က အလုပ်ဝင်ခဲ့တဲ့လူတွေ၊ ဝိုင်းဖွဲ့ပြီး စကားပြောဖြစ်ကြရင်း ခင်ဗျားတို့ အလုပ် ဝင်တဲ့အချိန်မှာ ကျွန်တော်က ကျောင်းတောင်မနေရသေးဘူး။ ၃၊ ၄တန်းလောက်ပဲရှိဦးမယ်။ ဒီလိုနဲ့သာယာပြီး ကျေနပ်နေမိတယ်။

ဒါပေမယ့် အချိန်ကာလဆိုတဲ့ ယန္တရားကြီးက ခေတ်ဆီ၊ ဒီဇယ်မရှိဘဲ လည်နေတာပဲ။ မီးမလာလည်း လည်နေတာပါပဲကလား။ လူတွေအိပ်နေရင်လည်း သကောင့်သားက မရပ်မနားဘဲ လည်ပတ်နေဆဲ။ ဒီလိုနဲ့ ခုတော့ အလုပ်ဝင်ကာစက ဝဋ်တွေပြန်လည်နေပြီး စကားစပ်လို့ ၁၉၈၈ ခုနှစ်တုန်းကဆိုရင်ဆိုပြီး စကားစကာရှိသေး၊ ခုမှအလုပ်ဝင်တဲ့ ကလေးတွေက ဆရာကျွန်တော်တို့ မွေးတောင်မမွေးသေးဘူးလို့ ပြန်ပြောကြတယ်။ ခံဟ။

ဒီလိုနဲ့ဖာသိဖာသာနေရင်း အချိန်ဆိုတဲ့ နာရီထဲက စက္ကန့်တံ၊ မိနစ်တံ၊ နာရီလက်တံတွေ စုပေါင်းပြီး ပြက္ခဒိန်စာမျက်နှာပေါ် ရောက်သွား။ ပြက္ခဒိန်ထဲမှာ ရက်တွေ တစ်ကွက်ချင်းကျော်လှန်၊ တစ်လပြီး တစ်ရွက်လှန်ကာ၊ တစ်နှစ်ကျော်လို့ ပြက္ခဒိန်တွေ အသစ်သာလဲရတယ်။ ကိုယ်နဲ့အချိန်ကာလနဲ့ မသက်ဆိုင်သလိုလို။ ဒါပေမယ့် မှန်ရှေ့ ရပ်ကြည့်မိတဲ့အခါ ဘယ်က အဘိုးကြီးအိုပေါက်စက မှန်ထဲအရင်ဝင်ရပ်နေပါလိမ့်လို့ ထင်နေတုန်း။

တစ်နေ့ကပဲ နှစ်စဉ် ပုံမှန်တောင်းနေကျ စာရင်း/ရုံးချုပ်က တောင်းပါတယ်။ ၂၀၁၆နဲ့ ၂၀၁၇ မှာ ဘယ် ဝန်ထမ်းတွေ ပင်စင်စေ့မလဲ။ သက်ပြည့်ပင်စင် ယူမလဲပေါ့။ အရင်နှစ်တွေကတော့ ကိုယ်နဲ့မဆိုင်သလို နေလို့ရပေမယ့် ဒီနှစ်ကျတော့ ထိပ်ဆုံးက ကျွန်တော်ပေါ့။ ဒီနှစ်စာရင်းတောင်းတာ နဲနဲများစောနေသလိုလို။ ၂၀၁၆ နိုဝင်ဘာမှာ သက်ပြည့်ပင်စင်စေ့မှာဖြစ်ပြီး ဇူလိုင်လမှာ ကြိုတင်ပြင်ဆင်ခွင့် စတင်ရပါမယ်။ တစ်နှစ်တိတိ သာလိုတော့သည်ပေါ့။

လုပ်ခဲ့တဲ့ လုပ်သက် ၃၁ နှစ်ကို လည်ပြန်စောင်းကြည့်တော့လည်း ဇာတ်ပို့လိုလို၊ ဇာတ်ရံလိုလို ၊ လူကြမ်း လိုလို၊ မပီပြင်ဝိုးတဝါး။ ကိုယ့် Milestone လို့ ကိုယ့်ကိုယ်ကို ထင်မှတ်ထားခဲ့တဲ့ အမှတ်အသားတွေကလည်း ဆူးခြုံပင်၊ ကိုင်းတောပင်တွေက ဖုံးအုပ်ထားလိုက်ပြီ။

ဒါပေမယ့် အထိုက်အလျောက်တော့ ထုံ့ပိုင်း ထုံ့ပိုင်းနဲ့ တာဝန်ကျတဲ့ဒေသတွေမှာ အရေးပါ အရာရောက်ခဲ့ ရတာ မိခင်ဌာနရဲ့ ကျေးဇူးပေပဲ။

စပါးနဲ့သီးနှံစိုက်ခင်းမြင်တာနဲ့ ဘာသီးနှံ၊ အောင်တယ်၊ မအောင်ဘူး။ ဘာလိုနေတယ်ဆိုတာ အကြမ်းဖျဉ်း ပြောနိုင်သလို ထမင်းစားရင်လည်း ဘာဆန်၊ ဆန်ကောင်း ဆန်သစ်ရောထားတယ်။ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်ကအစ သူတို့ရဲ့ ဈေးကွက်အဆုံး နည်းနည်းပါးပါး လူသိလူတတ်ဝင်လုပ်လို့ ရနိုင်အောင် မိခင်ဌာနတွေက သင်ပေးထားတယ်။ ဒီဘက်ခေတ်နောက်ပိုင်း ဘယ်အစာ စားသင့်တယ်။ ဘယ်ဟာ မစားသင့်ဘူးစတဲ့ စားသုံးသူတွေကို အကာအကွယ်ပြုတဲ့ လုပ်ငန်းတွေကိုလည်း လေ့လာရတယ်။ ဒီဌာနက ဝန်ထမ်းတွေက နှံ့နှံ့စပ်စပ်ရှိတယ်လို့လည်း အပြောခံရတယ်။

အချို့ဌာနတွေက လူကို လူချင်း အုပ်ချုပ်ရတယ်။ အချို့က ငွေကြေးကို စီမံခန့်ခွဲရတယ်။ အချို့ဌာနက ကုန်ပစ္စည်းတွေကို ကြီးကြပ်ရတယ်။ မိခင်ဌာနကတော့ လူတွေကိုပဲ အုပ်ချုပ်ရတယ်။ အဲဒီလူတွေကို ငွေတွေ အများကြီးထုတ်ပေးထားရလို့ လူနဲ့ငွေကိုလည်း စီမံခန့်ခွဲရတယ်။

အဲဒီငွေနဲ့ သီးနှံတွေဝယ်ပြီး စက်ယန္တရားတွေနဲ့ ကြိတ်ခွဲပြုပြင်မွမ်းမံရတော့ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းတွေလည်း ကိုင်တွယ်ရတယ်။ ဒါကြောင့် ကိုယ့်ဌာနမို့ ကိုယ်ပြောတာမဟုတ်ဘူး။

အခြားဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ ဘယ်ရှုထောင့်ကပဲယှဉ်ယှဉ် ဒီဘက်က ဝန်ထမ်းတွေက စာရင်းဇယား တစ်မျက်နှာတည်းနဲ့ အကုန်ပေါ်လွင်အောင် ပြသရေးဆွဲနိုင်ကြတယ်။ နောက်ပိုင်းအုပ်ချုပ် တဲ့သူတွေကလည်း အစွမ်းအစကို အသိအမှတ်ပြုကြတယ်။

ဌာနထဲမှာနေစဉ်အချိန်မှာတော့ မျက်နှာမငယ်ရဘူး။ မိခင်ဌာနရဲ့ အရိပ်အာဝါသကလည်းရှိနေတာကိုး။ ဌာနမှာ လူကြီးတွေရဲ့ မျက်နှာကလည်းရှိနေတာကိုး။ ခုတော့ လမ်းဆုံးရောက်ဖို့ တစ်မှတ်တိုင်ပဲ လိုတော့တယ်လို့ သိလိုက်ရတဲ့အချိန်မှာ အားတော့ငယ်မိသား။ မှတ်တိုင်မှာ ကိုယ့်ကိုချထားခဲ့ပြီး မိခင်ဌာနဆိုတဲ့ကားကြီးက သူ့အလုပ်သူဆက်ထွက်သွားမှာလေ။ ကျန်ရစ်ခဲ့သူမှာ ခြေလျင်ပဲ ဆက်လျှောက်ရမလား။ ဆိုက္ကားပဲ ငှားစီးရ မလား။ အရှိန်အဝါတွေ နတ္ထိ၊ အခွန်သက်သက်၊ ပရုပ်လုံးနဲ့ အမျိုးတော်တဲ့ လုပ်သက်ဆုကြေးငွေထုတ်ကလေးကိုင်ပြီး တစ်လတစ်ကြိမ် ဘဏ်မှာ ပင်စင်လစာကလေးသွားထုတ်၊ မိုးချုပ်ပြီး နေဝင်၊ နေဝင်ပြီး မိုးချုပ်။

ဘာပဲဖြစ်ဖြစ် နတ်ထွင်းတဲ့ခံတွင်းတွေပဲ။ ရှေးရှေ့က ပင်စင်စားတွေလည်း ဒီလိုပဲ နားကြ၊ သွားကြတာပဲ။ ဘာစိုးရိမ်စရာရှိမလဲ။ ရောက်တဲ့အချိန်၊ ကျတဲ့နေရာမှာ ပတ်ဝန်းကျင်နဲ့အဆင်ပြေအောင်၊ ဝမ်းခါးလှအောင်၊ နေတတ်အောင်၊ နေနည်းတွေ မိခင်ဌာနက သင်ပေးလိုက်ပြီပဲ။

မိုးဦးကျတုန်းက အိမ်ရှေ့မှာ အမြင့်တစ်ထွာလောက်ရှိတဲ့ ရွက်ကျပင်ပေါက်ကလေး စိုက်ထားမိတယ်။ ခုတော့အရပ် သုံးပေလောက်ရှိနေပြီး အခြားသစ်ပင်တွေက နွေခါကျမှ အရွက်ဝါပြီး ကြွေတယ်။ ကြွေပြီးရင် အမှိုက်သရိုက်နဲ့ မြေသြဇာအဖြစ် ဆွေးသွားတယ်။ ဒါပေမယ့် ရွက်ကျပင်ကကျတော့ အရွက်ရင့်လာရင် ကြွေတယ်။ ကြွေတဲ့အရွက်ရဲ့ အရင်းကနေ အပင်အသစ်ကလေးတွေ ပြန်ပေါက်တယ်။ အဲဒီအဖြစ်ဟာ ‘အား’ ပဲ။

ခုဝန်ထမ်းသက်ရင့်လာပြီးနောက် တစ်နှစ်နေရင် အပင်မကြီးကနေ ကြွေကျရတော့မယ့် အမှိုက်သရိုက်တော့ အဖြစ်မခံဘူး။ ရွက်ကျပင်က သက်ရင့်ရွက်ကြွေလိုပဲ အပင်သစ်အဖြစ် ပြန်ပေါက်ချင်သေးတယ်။ ပြန်ပေါက်နိုင်အောင် ကြိုးစားမယ်။ ရွက်ကျပင်ကို ရွက်ကျပင်လို့တောင် မခေါ် ချင်တော့ဘူး။ ရွက်ပေါက်ပင်လို့ ပြောင်းခွင့်ရရင်ပြောင်းချင်တယ်။

မိခင်ဌာနယာဉ်ကြီးက ပုံမှန်သွားနေဆဲ၊ နေကလဲ သာသာ၊ လေကလဲ တဟူးဟူး။ အတွေးထဲမှာ နစ်မျောနေလို့ ကောင်းတုန်း ကားစပါယ်ယာက ၂၀၁၆ မှတ်တိုင်ပါသလားလို့ မေးလိုက်ပုံရပါတယ်။ ဆက်ပါသွားမှာစိုးရိမ်သည့်အလား ကပျာကယာ ထအော်ဖြစ်တယ်။

ရွက်ပေါက်ပင်မှတ်တိုင်ပါတယ်ဗျို့ . . . .

**မောင်မောင်အေး(လှိုင်ကော်)**

# ဖျာပုံခရိုင်အတွင်း ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲနဲ့သင်တန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာရှိ သီရိမင်္ဂလာသိမ်ကျောင်းမှာ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မုန့်မျိုးစုံလုပ်ငန်း ဆွေးနွေးပွဲကို ဩဂုတ်လ ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပြီး ဘိုကလေးမြို့နယ် ဟိုင်းစီကျေးရွာမှာ အုန်းသီး၊ အုန်းသားခြောက်နဲ့ အုန်းမှုတ်ခွက်မီးသွေး လုပ်ငန်း သင်တန်းအား ဩဂုတ်လ ၂၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းသားသင်တန်းသူစုစုပေါင်း ၉၀ ဦးခန့် တက်ရောက်ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်နဲ့ ဆောင်ရွက်နေမှု အခြေအနေများ၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနဲ့ ဈေးကွက်ချဲ့ထွင်မှု၊ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှု၊ IT နည်းပညာဖြင့် ဈေးကွက်ချဲ့ ထွင်မှုများကိုလည်းကောင်း၊



‘နန်ကင်း’ မုန့်ဖြင့် အောင်မြင်မှုရရှိနေသောလုပ်ငန်းရှင် ဦးအောင်မျိုးဇော်က မိမိရဲ့လုပ်ငန်းစတင်ခဲ့ပုံမှ အခက်အခဲများကျော်လွှားကာ ယနေ့အောင်မြင်လာခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြပါတယ်။

ဘိုကလေးမြို့နယ် ဟိုင်းစီကျေးရွာမှာ ကျင်းပတဲ့ သင်တန်းမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေမျိုးဆွေက အက်စ်အမ်အီးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်လှဦးက စနစ်တကျအုန်းစိုက်ပျိုးနည်းအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးခင်မောင်ဇော်က ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရာတွင် စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းစေရေး၊ ကျန်းမာရေးနဲ့ညီညွတ်သော ထုတ်ကုန်များအကြောင်းကို လည်းကောင်း၊ အုန်းသီးနဲ့ အုန်းထွက်ပစ္စည်း ထုတ်လုပ်သူလုပ်ငန်းရှင် ဦးမျိုးဇော်နဲ့ ဦးကျော်အောင်တို့က အုန်းသီး၊ အုန်းသားခြောက်နဲ့ အုန်းမှုတ်ခွက်မီးသွေးထုတ်လုပ်ပုံအဆင့်ဆင့်၊ ဈေးကွက် အခြေအနေတို့အားလည်းကောင်း အသီးသီးသင်တန်းပို့ချခဲ့ကြတယ်လို့သိရပါတယ်။

ဖျာပုံခရိုင်တွင် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများကို ၂၀၁၀-၂၀၁၁ ခုနှစ်မှာ စတင် အကောင်အထည်ဖော်ခဲ့ပြီး၊ လုပ်ငန်းတူအစုအဖွဲ့များ ဖွဲ့စည်းကာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ကိုင်သူများ လုပ်ငန်းအဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာမြို့နယ်အလိုက် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီက အရင်းမပျောက်စနစ်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်မှစပြီး ချေးငွေများအား ပံ့ပိုးပေးလျက်ရှိကြောင်း သိရပါတယ်။


ဖျာပုံမြို့နယ်မှာ လုပ်ငန်းတူအစုအဖွဲ့ ၂၄ ဖွဲ့နဲ့စတင်ခဲ့ပြီး ယနေ့မှာအစုအဖွဲ့ ၃၉ ဖွဲ့ရှိပြီး စုစုပေါင်း ပံ့ပိုးငွေကျပ်သန်းပေါင်း ၂ ဒသမ ၅၀၊ ဘိုကလေးမြို့နယ်မှာ ၄၃ ဖွဲ့မှ ယနေ့ထိ ၇၆ ဖွဲ့ရှိပြီး ပံ့ပိုးငွေကျပ်သန်း ၁၅ ဒသမ ၅၀၊ ကျိုက်လတ်မြို့နယ်တွင် ၆၂ ဖွဲ့မှ ယနေ့ ၇၆ ဖွဲ့ရှိပြီး ပံ့ပိုးငွေကျပ်သန်း ၁၈ ဒသမ ၆၀၊ ဒေးဒရဲမြို့နယ်မှာ ၁၆ ဖွဲ့မှ ယနေ့ ၂၇ ဖွဲ့ရှိပြီး ပံ့ပိုးငွေကျပ်သန်း ၆ ဒသမ ၉၄၄ ရှိခဲ့ပြီး၊ ဖျာပုံခရိုင်အနေဖြင့် လုပ်ငန်းအစုအဖွဲ့ ၁၇၀ အဖွဲ့မှ စတင်ပြီး ယနေ့ထိ ၂၂၀ ဖွဲ့ထိ တိုးတက်လာကာ စုစုပေါင်း ကျပ်သန်း ၄၃ ဒသမ ၅၄၄ ပံ့ပိုးထားတယ်လို့သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

Commodity Exchange News
Vol: 15, No.34 Monday September 7 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၇–၉–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်တွင် အိန္ဒိယဝယ်လိုအားကြောင့် မတ်ပဲဈေးစွာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်ကဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး အရောင်းရော အဝယ်ပါသွက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို အနိမ့်ဆုံး ၁၄၃၃၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၄၅၁၀၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ မတ်ပဲအနေဖြင့် ရာသီဥတုကောင်းမွန်ပါက တန်ချိန် ၆ သိန်းခန့် ပုံမှန်ထွက်ရှိပေမယ့် ဒီနှစ်မှာ ရာသီဥတုမမှန်တာကြောင့် အထွက်နှုန်းလျော့ကျခဲ့ပြီး မတ်ပဲတန်ချိန် ၄ သိန်းဝန်းကျင်သာထွက်ရှိခဲ့ပါတယ်။ ဒါပေမယ့် အိန္ဒိယရဲ့ ဝယ်လိုအားများတာကြောင့် ပြည်တွင်းကုန်သည်များလက် ဝယ်မှာ တန်ချိန် ၃ သောင်းဝန်းကျင်သာကျန်ရှိတော့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းလုံးကြီးကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၆၅၈ ကျပ် (တစ်တန်ကို ၁၀၁၅၃၄၂ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိသလို ပဲတီစိမ်းသေးကို မျိုးသမားများက တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၉၂၈၃၈၃ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကတော့တန့်နေကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် အစေ့ထုတ်ပြောင်းကို တရုတ်ဘက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၉၆ ယွမ်မှ အမြင့် ဆုံး ၁၀၀ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ပဲခွဲစက်တွေက တစ် ပိဿာကို ၂၄၆၇ ကျပ် (တစ်တန်ကို ၁၅၁၀၇၆၆ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားကြိုကြားကြိုကြားသာရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၅၃၈ ကျပ် (တစ်တန်ကို ၁၅၅၄၂၄၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး(ထိပ်စ) ကိုတော့ မန္တလေးဝယ်လက်က တစ်ပိဿာ ၁၉၅၆ ကျပ် (တစ်တန် ကို ၁၁၉၇၈၃၀ ကျပ်) ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်၊ ကြာဆံစက်နှင့် အမှုန့်ကြိတ်စက်များက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၅၂၀ ကျပ် (တစ်တန် ကို ၉၃၀၈၃၀ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၄၇ ကျပ် (တစ်တန်ကို ၉၄၇၃၆၇ ကျပ်) နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည် တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရောင်း အဝယ်အနေဖြင့်တစ်ပိဿာကို ၂၄၅၀ကျပ်(တစ်တန်ကို၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး(ထိပ်စ)ကိုတော့ မန္တလေးဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိခဲ့ပေမယ့် ဈေးတက်မလာသေးဘဲ တစ်ပိဿာကို ၁၇၃၇ ကျပ် (တစ်တန်ကို ၁၀၆၃၇၂၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနဲ့ ပဲတီစိမ်းကို မန္တလေးဝယ်အားသွက်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်သိပ္ပံနှမ်းနက်ကို မန္တလေး က ဝယ်လိုအားများသလို သိပ္ပံနှမ်း(သစ်)ကလည်း ဝင်ရောက်မှု များလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာကို ၄၅၅၆ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏများ ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာကို ၁၆၀၀ ကျပ်(တစ်တန်ကို ၉၇၉၈၂၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်နှမ်းမျိုးစုံကို မြို့ခံဆီစက် များနှင့် နှမ်းလှော်လုပ်ငန်းရှင်များ၊ မန္တလေးဝယ်လက်များက ဝယ် လိုအားပုံမှန် ရှိတာကြောင့် ဈေးကွက်မှာ နေ့စဉ်အရောင်းအဝယ်ပုံမှန် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ (ထိပ်စ) တစ်ပိဿာ ၂၅၃၃ ကျပ်၊ နှမ်းဖြူ (ပုံမှန်)စ တစ်ပိဿာ ၂၄၄၄ ကျပ်၊ နှမ်းနီ(ထိပ်စ) တစ်ပိဿာ ၂၅၁၁ ကျပ်၊ နှမ်းနီ(ပုံမှန်စ) တစ်ပိဿာ ၂၂၄၄ ကျပ် ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲလက်ကျန် နည်း၊ အရောင်းအဝယ်ပါး

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ရောင်းသူ ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ပြည်ပဈေးကွက် ရဲ့ဝယ်လိုအားအခြေအနေအပေါ် မူတည်ပြီး တွက်ချက်ဝယ်ယူမှု တွေရှိတာကြောင့် အရောင်းအဝယ် ခပ်ပါးပါးသာဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၂၇၅ ကျပ် (တစ်တန်ကို ၁၃၉၃၁၈၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်)စတင်ဝင်ရောက်၊ ပဲပုပ် ပုံမှန်အရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်း(သစ်) စတင်ဝင် လာပေမယ့် အစိုဓာတ်ရှိသေးတာကြောင့် အရောင်းအဝယ်မဖြစ် သေးဘဲ လက်ကျန်ပြောင်းတွေကိုသာ တစ်ပိဿာ ၅၆၀ ကျပ်ဈေး ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ် ကိုတော့ ပဲပြားလုပ်ငန်းရှင်များက တစ်ပိဿာကို ၁၀၅၀ ကျပ်ဈေး ဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါ တယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိ


လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်အဆွဲ ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာကို ၅၈၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေး ကွက်အတွင်းမှ သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဝယ်များ၊ ကုလားပဲဈေး တန့်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများပေမယ့် ဈေးက တက်မလာဘဲ ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာကို ၂၃၄၀ ကျပ် (တစ်တန်ကို ၁၄၃၂၉၉၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက တစ် ပိဿာကို ၁၅၃၅ ကျပ်(တစ်တန်ကို ၉၄၀၀၁၈ ကျပ်)ဈေးဖြင့် ဝယ် အားတစ်ရက် ကိုအိတ် ၃၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) ကို ပဲခွဲစက်တွေဝယ်လိုအား ပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက် တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၅၃၀ ကျပ် (တစ်တန်ကို ၉၃၆၉၅၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စရပ်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ




အစားအသောက်၊ ဆေးဝါးနဲ့ အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်သည် အမျိုးသားလုံခြုံရေးနဲ့ နှီးနွယ်ပတ်သက်နေသည်ကို တစ်ကမ္ဘာလုံးကလက်ခံ ကျင့်သုံးနေပြီဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ အလှကုန်ပစ္စည်းဆိုင်ရာ အမိန့်များကို အပ်နှင်းထားသော လုပ်ပိုင်ခွင့်များ ကျင့်သုံးကာ မြန်မာနိုင်ငံတစ်ဝန်း အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော (Quality & Safe)စားသောက်ကုန်များ၊ ဆေးဝါးများ၊ အလှကုန်များကို ရရှိသုံးစွဲနိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ဩဂုတ်လ ၃၀ ရက်နဲ့ ၃၁ ရက်နေ့တို့မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းအောင်က ပြောကြားပါတယ်။

ယခုအခါ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ အညီတိုးတက်လာတဲ့ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုတို့နဲ့ လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနကို အဆင့်မြှင့်တင်တိုးချဲ့ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများနဲ့ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ပြောင်းလဲခြင်း၊ ခေတ်နဲ့လျော်ညီတဲ့ ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အလုပ်ရုံဆွေးနွေးပွဲမှာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနရဲ့ ဆောင်ရွက်ချက်များ၊ လုပ်ငန်းတာဝန်များကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရန်နဲ့ ပွင့်လင်းမြင်သာမှု ရှိရန်အတွက် လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်နေတဲ့ ကိစ္စရပ်များအပေါ် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းများရရှိရေး ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးရဲ့ မိန့်ခွန်းမှာ ထည့်သွင်းတိုက်တွန်းပြောကြားခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ညွှန်ကြားရေးမှူး ဒေါက်တာဦးထွန်းဇော်က လည်းကောင်း၊ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များကို ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သိင်္ဂီဇင်က လည်းကောင်း၊ အလှကုန်ပစ္စည်းများ ကွပ်ကဲရေးလုပ်ငန်း အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သဇင်နီလှိုင်ကလည်း ဓာတ်ခွဲစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေါက်တာဒေါ်ခင်ချစ်ကလည်းကောင်း ပြည့်ပြည့်စုံစုံ အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးသန်းထွဋ်က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ပညာရှင် ဒေါက်တာဦးစိုးမြတ်ထွန်းက အစားအသောက်ဆေးဝါး၊ အလှကုန်၊လူသုံးကုန်၊ ဆေးပစ္စည်း ဘေးအန္တရာယ်ကင်းရှင်းရေးတို့သည် နိုင်ငံတော် လုံခြုံရေးအတွက် အရေးပါမှုနဲ့ ပေါင်းစည်းကြိုးပမ်းမှု (Integrated Effort )လိုအပ်ပုံတို့ကို ဆွေးနွေးရှင်းလင်း ပြောကြားခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲကို ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ နှစ်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ရာ ပထမနေ့ ဒုတိယပိုင်းမှာ အဖွဲ့သုံးဖွဲ့ခွဲပြီး အုပ်စုဆွေးနွေးခြင်းကို "အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များနဲ့ ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်သူများမှ ကျယ်ပြန့်ရှင်းလင်းစွာ သိရှိနိုင်ရန်နည်းလမ်းများဖော်ထုတ်ခြင်း"၊ "နှီးနွယ်ဆက်စပ်နေသော မိတ်ဖက်ဌာနများ၊ အဖွဲ့အစည်းများ၊ NGO များ၊ INGO များနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကွန်ရက်တစ်ခု ထူထောင်ရန်"၊ "အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း အလှကုန်များကို ရရှိသုံးစွဲနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနည်းလမ်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ခြင်း"စတဲ့ ခေါင်းစဉ်များနဲ့ ပြုလုပ်ခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့မှာ ကိုကာကိုလာမှ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP-Good Manufacturing Practice)နဲ့ ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး အုပ်စုတစ်ခုချင်းအလိုက် ဆွေးနွေးတင်ပြဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**မယ်စားသုံး**

## အရေးကြီးကုန်စည် ကျွဲ၊ နွားများ သယ်ဆောင်လာပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့များရဲ့ခွင့်ပြုချက်များလိုအပ်

အရေးကြီးကုန်စည်ကျွဲနွားများအား တိုင်းဒေသကြီး/ပြည်နယ်များကျော် သယ်ဆောင်မည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုချက်၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ရဲ့ ခွင့်ပြုချက်များတင်ပြရန် လိုအပ်ကြောင်းနဲ့ ခွင့်ပြုချက်များမပါရှိပါက ဖြတ်သန်းခွင့်မရှိကြောင်း ဇူလိုင်လ ၂၃ ရက်နေ့က လမ်းညွှန်ထားတယ်လို့ သိရှိရပါတယ်။

ဒါ့ကြောင့်လည်း ဩဂုတ်လ ၃၀ ရက် ဝ၃း၀၀ ချိန်ခန့်မှာ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့ မွေးမြူရေးခြံသို့ သယ်ယူမည့် နွားကောင်ရေ ၃၀ အား မိုးကာအုပ်သယ်ဆောင်လာတဲ့ ယာဉ် 6D/xxxx အား လရ-၂အဖွဲ့က စစ်ဆေးတွေ့ရှိပြီး တရားဝင်ခွင့်ပြုချက်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ xxxx တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဇွန်လအတွင်းက ခွင့်ပြုချက်ကိုသာ တင်ပြနိုင်ခဲ့ပါတယ်။

သို့ပါ၍နွားများကို ယာယီသိမ်းဆည်းထားပြီး တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးကွပ်ကဲမှု(ဗဟို)သို့ တင်ပြလမ်းညွှန်ချက်တောင်းခံခဲ့ကာ ညောင်ခါးရှည် ယာယီအခြေပြု OSS အဖွဲ့အစည်းနဲ့ စည်းဝေးဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါနွားများကို လရ-၂စစ်ဆေးရေးဂိတ်မှ ကျော်လွန်ဖြတ်သန်းသယ်ဆောင်ခြင်းမပြုရန်နဲ့ ယာဉ်နောက်ကြောင်းပြန်လှည့်စေရန် ဆုံးဖြတ်ခဲ့ပြီး နွားများသယ်ဆောင်လာတဲ့ သက်ဆိုင်ရာ KNU အမျိုးသားအစည်းအရုံး၊ အမှတ်(၆)တပ်မဟာ၊ ဒူပလာယာခရိုင်မှ တာဝန်ရှိသူများအား ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်များနဲ့ ပတ်သက်၍ ခေါ်ယူတွေ့ဆုံရှင်းပြပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဆရာဝန်အသင်းခန်းမတွင် EDNA Myanmar မှ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမြှင့်တင်ရေး ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်းရှိ ဆရာဝန်အသင်းခန်းမတွင် ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းက တိုင်းအတွင်း ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပပြုလုပ်ရာ EDNA Myanmar မှ တာဝန်ရှိသူများ၊ ပုသိမ်မြို့မှ တာဝန်ခံများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ အရာထမ်း၊ အမှုထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုသိမ်၊ ရေကြည်၊ ငပုတောမြို့နယ်များနဲ့ တကုန်းကြီးကျေးရွာမှ သင်တန်းသူ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရပါ တယ်။

EDNA Myanmar မှ ဦးဇော်မင်းနောင်က အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှု ကွန်ရက်မြန်မာမှ ဦးဆောင်၍ တိုင်းအတွင်း တစ်ပိုင်တစ်နိုင်နဲ့ အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအတွက် ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ လုပ်ငန်းရှင်များ လိုက်ပါဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် အောင်မြင်မှုများရရှိနေသော စီးပွားရေးလုပ်ငန်းရှင်များရဲ့ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲ အတားအဆီးများ ဖြတ်ကျော်လာရမှုများနဲ့ လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းသွားမှာဖြစ်ပြီး တိုင်းညွှန်ကြားရေးမှူးက ပြည်ပနိုင်ငံများမှ ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းများနဲ့ သက်ဆိုင်တဲ့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများ၊ စီးပွားရေးဟောပြောပွဲများ စသည်တို့ကို အတွေ့အကြုံ ဗဟုသုတ အသိပညာများရရှိရန် သင်တန်းသူ၊ သင်တန်းသားများအား ဆွေးနွေးပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များဖြစ်တဲ့ ရေကြည်မြို့နယ် ကြိမ်ဝါးလုပ်ငန်းရှင် ဦးစိုးနိုင်နဲ့ ပုသိမ်မြို့ ဘုရင်ဟာလဝါဆိုင်ပိုင်ရှင် ဦးစန်းလွင်တို့က စွန့်ဦးတီထွင် စီးပွားရေးလုပ်သူတိုင်း တွေ့ကြုံရသည့်အခက်အခဲများ အဟန့်အတားဖြစ်စေတဲ့ အကြောင်းအရာများနှင့် အခက်အခဲများကို ဖြတ်သန်းလာမှုများ၊ ၎င်းအပြင် မှန်မှန်ကန်ကန် တွေးခေါ်ဆင်ခြင်တတ်ရန်နဲ့ ဝင်ငွေထွက်ငွေတို့ကိုလည်း စိစစ်သုံးစွဲတတ်ရန်လိုအပ်ကြောင်း၊ မိမိတို့ရဲ့ လုပ်ငန်းအတွေ့အကြုံများကို အသိပညာပေးရှင်းလင်းပြောကြားပြီး ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းများကိုလည်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

၎င်းဆွေးနွေးပွဲတွင် တက်ရောက်လာတဲ့ သင်တန်းသူ၊ သင်တန်းသားများရဲ့ မေးမြန်းချက်များကိုလည်း ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ စီးပွားရေးလုပ်ငန်းရှင်များက ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ဩဂုတ်လ ၂၂ ရက်မှ ၂၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆၃၁ သန်းတန်ဖိုးရှိရေထွက်ကုန်တန် ၁၆၀၀ ခန့်တင်ပို့ခဲ့တဲ့ အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၄၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်**မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၇၆ တန်ကျော်၊ကဏန်း ၂၄ တန်ကျော်နဲ့ ပုစွန် ၁ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ကော့သောင်းကုန်သွယ်ရေးစခန်း**မှလည်း ကန်ဒေါ်လာ သုည ဒသမ ၄၂၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၄၆၆ တန်ကျော်၊ ပုစွန် ၂ တန်ကျော်၊ကင်းမွန် ၃ တန်ကျော်နဲ့ ငါးလေးခြောက် ၄ တန်ကျော် တင်ပို့နိုင်ခဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၉၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**မြိတ်ကုန်သွယ်ရေးစခန်းမှ** ကန်ဒေါ်လာ ၁ ဒသမ ၀၆၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၈၈၁ တန်ကျော် ငါးမှုန့်တန် ၁၂၀၊ ပုစွန် ၁၃ တန်ခန့်၊ ကဏန်းသေး (အသေ) ၃ တန်ကျော်၊ ကင်းမွန်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၃၄၇ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# အခက်အခဲများကြားမှ ရိဒ်နယ်စပ် ကုန်သွယ်မှု အထိုက်အလျောက်ရှိ

မိုးအဆက်အပြတ် မရွာသွန်းမီက တီးတိန်မြို့တွင် သယ်ယူသိုလှောင်ထားတဲ့ ကွမ်းသီးများအား မံဆောင်တံတားထိသယ်ကာ တံတားအား သုံးဘီးဖြင့် ဖြတ်သန်းပြီး တံတားအခြားတစ်ဖက်မှာ ဟိုင်မ္ဘာလ်ဂျစ်များ ဖြင့် အဆင့်ဆင့် သယ်ယူနေတဲ့အတွက် သယ်ယူခနဲ့ ကုန်တင်ချခများပိုမိုကုန်ကျစွာဖြင့် ပို့ကုန်ကွမ်းသီးများအား တင်ပို့နေရသကဲ့သို့ သွင်းကုန်မြေဆီအားလည်း အဆင့်ဆင့်သယ်ယူမှုဖြင့် တီးတိန်သို့ ရောက်ရှိအောင် သယ်ယူနေရတဲ့အတွက် ကုန်သွယ်မှု ရပ်ဆိုင်းခြင်း မဖြစ်ခဲ့ဘဲအထိုက်အလျောက် ကုန်သွယ်မှု ရရှိခဲ့တယ်လို့ဩဂုတ်လ ၃၁ ရက်နေ့ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံက ပြောကြားခဲ့ပါတယ်။ ယခုလို အခက်အခဲများကြားမှ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုလျာထားချက် အထိုက်အလျောက် ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီလုပ်ငန်းရှင်များမှ နိုင်ငံတော်ကို တစ်နည်းအားဖြင့် အကျိုးပြုရာရောက်ကြောင်း စခန်းတာဝန်ခံမှ ပြောကြားသွားခဲ့ပါတယ်။

ဩဂုတ်လအတွင်း ရိဒ်နယ်စပ်မှ ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၇၁၄ သန်းနဲ့ သွင်းကုန် ကန်ဒေါ်လာသုည ဒသမ ၀၅၇ သန်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၇၇၁ သန်းခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ခင်မိုးသူ**

# မူဆယ်နဲ့ စစ်တွေနယ်စပ်တို့မှ ဆီးသီးခြောက် တန် ၁၂၀၀ ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ၂၂ ရက်မှ ၂၈ ရက် အတွင်း အမေရိကန်ဒေါ်လာ ၁၀၇၀၀၀ ဖိုးရှိ ဆီးသီးခြောက် တန်ချိန် ၁၂၀၀ ကို တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၄၀၀ တန်ဖိုးရှိ ဆီးသီးခြောက်တန် ၂၀ တင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက် ၂၀၂၆ တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခုသီတင်းပတ်မှာ ဆီးသီးခြောက် တန်ချိန် ၈၀၆ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ဆိုရပါမယ်။ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ယခင်သီတင်းပတ်က ဆီးသီးခြောက် ၅၆ တန် တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာတော့ ၃၆ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် ဆီးသီးခြောက်အပြင် အမေရိကန်ဒေါ်လာ ၁၀၂၀၀၀ ဖိုးရှိ ဆီးဆံ ၂၆ ဒသမ ၃ တန် လည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

# မောတောင်နယ်စပ်မှ သီဟိုဠ်စေ့တင်ပို့ရန် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် ကုန်သည်များက ဒေသရုံးစိုက်ရာမှာ ထုတ်ပေးစေလို

မောတောင် နယ်စပ်ပေါက်မှ သီဟိုဠ်စေ့ တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့ရန် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် လိုအပ်လျက်ရှိတဲ့အတွက် မြိတ်စိုက်ပျိုးရေးဌာနတွင် ထောက်ခံချက်တောင်းခံရာမှ ကော့သောင်းစိုက်ပျိုးရေးဌာနမှသာ ပေးပိုင်ခွင့်ရှိတယ်လို့ သိရတဲ့အတွက် မြိတ်စိုက်ပျိုးရေးဌာနမှာ ထုတ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် မြိတ်အခြေစိုက် ကုန်သည်တစ်ဦးက ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ တင်ပြဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဒါ့အပြင် နို့ဆီ၊ သကြားကဲ့သို့သော စားသောက်ကုန်ပစ္စည်း အချို့တင်သွင်းလိုသူ လုပ်ငန်းရှင်အများအပြားရှိသော်လည်း အခွန်နှုန်းထားမြင့်နေတဲ့အတွက် တင်သွင်းရန် အခက်အခဲဖြစ်တာကြောင့် ဖြေလျှော့ပေးနိုင်ပါက နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်အခပေးဆောင်ပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်မယ်လို့လည်း အကြံပြုဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

# မြိတ်ကုန်သွယ်ရေးစခန်းမှ ကဏန်းမျိုးစုံ ၇၃ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းက ဩဂုတ်လ ၁ ရက်မှ ၂၈ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၆၀ သန်း တန်ဖိုးရှိ ကဏန်းမျိုးစုံဖြစ်သော သဲကဏန်း ၂တန်ကျော်၊ အေးခဲကဏန်းပျော့ ၆၄ တန်ကျော်နဲ့ ကဏန်းသေး (အသေ) ၆ တန်ကျော်နီးပါး တင်ပို့နိုင်ခဲ့တဲ့အပြင် ကန်ဒေါ်လာ ၅ ဒသမ ၈၃၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၄၃၈၇ တန်ကျော်၊ ပုစွန် ၁၁၄ တန်ကျော်၊ ကင်းမွန် ၄ တန်ကျော်၊ ငါးမှုန့် တန် ၉၆၀ ၊ ပုစွန်ခြောက် ၁၀ တန်ကျော်၊ ငါးခြောက် ၆ တန်ကျော်နဲ့ ကင်းမွန်ခြောက် ၁ တန်ကျော် တင်ပို့နိုင်ခဲ့အတွက် ရေထွက်ကုန် စုစုပေါင်း ၅၅၅၇ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၁၉၈ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ်**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တစ်ဖက်နိုင်ငံရဲ့နယ်မြေမအေးချမ်းသော်လည်း တမူးနယ်စပ်မှ ကုန်သွယ်မှု ဆောင်ရွက်နိုင်

ဇူလိုင်လတွင်း မိုးကြီးခြင်းနဲ့ တောင်ကျချောင်းရေများကြောင့် ၉၂ မိုင်အကွာအဝေးရှိ တမူး-ကလေးကား လမ်းပိုင်းတွင် တံတားငါးစင်းပျက်စီးခဲ့ပြီး ယာဉ်များသွားလာရေး အခက်အခဲဖြစ်ပေါ်ခဲ့သော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အဖွဲ့ (၅)ဖွဲ့ခွဲပြီး တံတားငါးစင်းဘေးတွင် ရှောင်ကွင်းလမ်းများ ဖောက်လုပ်ပေးခြင်း၊ ယာယီရေနိမ့်တံတားများ ဆောက်လုပ်ပေးခြင်းများရှိခဲ့သဖြင့် ဩဂုတ်လ ၂၀ ရက်နေ့မှ စတင်ပြီး ခရီးသည်ယာဉ်ကားနဲ့ ယာဉ်ငယ်များဖြတ်သန်းသွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့တယ်လို့ သိရပါတယ်။ ယာယီရေနိမ့်တံတားများမှာ ချောင်းအတွင်းဆောက်လုပ်ထားတဲ့ တံတားအတိုများဖြစ်ခြင်း၊ မိုးရွာသွန်းလာပါက ကျောက်ခြင်းများနဲ့ တည်ဆောက်ထားတဲ့ တံတားတိုင်များကို တိုက်စား မျောပါသွားခြင်းကြောင့် ယာဉ်ငယ်များပင် သွားလာရန် အခက်အခဲရှိပြီး ပို့ကုန်သွင်းကုန်ယာဉ်များ သွားလာနိုင်ခြင်းမရှိသေးကြောင်း သိရပါတယ်။

တစ်ဖက်နိုင်ငံ နယ်စပ်ဖြစ်တဲ့ မိုးရေးမြို့တွင်လည်း ဩဂုတ်လလယ်ခန့်မှစ၍ လူမျိုးစု သောင်းကျန်းသူများဖြစ်တဲ့ ကူကီးအဖွဲ့နဲ့ကသည်းအဖွဲ့များ မိုးရေးမြို့အတွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး မော်တော်ယာဉ်များနဲ့ ဈေးဆိုင်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် မိုးရေးမြို့မှ အင်ဖာမြို့သို့ ယာဉ်များ သွားလာနိုင်ခြင်းမရှိဘဲ ကားလမ်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်းသိရပါတယ်။မိမိဘက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး တစ်ဖက်နိုင်ငံရဲ့ နယ်မြေလုံခြုံရေးအခြေအနေများကြောင့် ကုန်သွယ်မှု ရပ်တန့်သွားသော်လည်း မိမိဘက်တွင် သိုလှောင်ထားတဲ့ ကွမ်းသီးများကို တစ်ဖက်နိုင်ငံမှ မိုးရေးမြို့တွင်းထိ သယ်ဆောင်ပြီး ဝယ်ယူခြင်း၊မိုးရေးမြို့တွင်း ရောက်ရှိနေသည့် မော်တော်ဆိုင်ကယ်များကို ကလေးမြို့သို့ လူဖြင့်စီးနင်းပြီး သယ်ဆောင်တင်သွင်းနိုင်တဲ့အတွက် ဩဂုတ်လအတွင်းမှာ ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၈၈ သန်း သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၄၃၁ သန်းနဲ့ ကုန်သွယ်မှုပမာဏ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၅၁၉ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ဩဂုတ်လအတွင်း ကုန်သွယ်မှုမှာ လျာထားချက်ရဲ့ ၁၅ ဒသမ ၀၈ ရာခိုင်နှုန်းဆောင်ရွက်နိုင်တယ်လို့ တမူးနယ်စပ်မှ သိရပါတယ်။

**ခင်မိုးသူ**

# မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ သီဟိုဠ်စေ့ ၉၉ တန်ကျော်တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လ ၁ ရက်မှ ၂၈ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၃၉၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၇၀၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉၃ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၂၉ သန်း တန်ဖိုးရှိသီဟိုဠ်စေ့ ၃ တန်ကျော်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဩဂုတ်လ ၂၂ ရက်မှ ၂၈ ရက်အတွင်းမှာလည်း မူဆယ်ကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက အနည်းငယ် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးဇုန်က ယခုတစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိပေမယ့် ယခင်သီတင်းပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက မြဝတီကုန်သွယ်ရေးဇုန်က ၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့သလို ကော့သောင်းကုန်သွယ် ရေးစခန်းက ၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**



# သဘာဝဘေးအန္တရာယ်ရဲ့ နောက်ဆက်တွဲရန်သူ

မယ်သီတာ

သဘာဝဘေးအန္တရာယ်ဆိုလျှင် လူတိုင်းသိပြီးသားဖြစ်လိမ့်မယ်လို့ထင်ပါတယ်။ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ အယ်နီညို၊ လာနီညာ စသည်ဖြင့် သဘာဝပတ်ဝန်းကျင်ကြီးရဲ့ဖောက်ပြန်လာတဲ့ သဘောတွေကြောင့်ဖြစ်ပေါ်လာတဲ့ဘေးအန္တရာယ်တွေဟာ လျော့ပါးသွားဖို့ထက် ပို၍ ပို၍သာ များပြား လာဖို့ပဲရှိပါတယ်။

သဘာဝဘေးအန္တရာယ်ပြီးရင် သူ့ရဲ့နောက်ဆက်တွဲဖြစ်လာနိုင်တာတွေက လူတို့အတွက် ချက်ခြင်း လက်ငင်းအန္တရာယ်ပေးနိုင်တာရှိသလို ကာလကြာရှည်မှအန္တရာယ်ပေးနိုင်တာမျိုးတွေလည်း ရှိလာနိုင်ပါတယ်။ ချက်ခြင်းလက်ငင်းအန္တရာယ်ပေးနိုင်တာက ရေဘေးသင့်ဒေသက လူတို့ရဲ့ကျန်းမာရေးပါပဲ။ ကာလ ဝမ်းရောဂါ၊ ငှက်ဖျားရောဂါ၊ ရေကြောင့်ဖြစ်နိုင်တဲ့ရောဂါ၊ အစားအသောက်မသန့်ရှင်းလို့ဖြစ်လာနိုင် တဲ့ရောဂါ၊ ကူးစက်ရောဂါအမျိုးမျိုး စတဲ့ရောဂါတွေဖြစ်လာနိုင်ပါတယ်။ ဒီရောဂါတွေက အနာသိဆေးရှိ ချက်ခြင်းဖြစ်တဲ့ရောဂါကို ချက်ခြင်းခေတ်မီတဲ့ဆေးဝါးတွေနဲ့ ပျောက်ကင်းအောင်ကုသလို့ရပါတယ်။

ဒါပေမယ့်လည်း ချက်ခြင်းလက်ငင်းအကျိုးမပေးဘဲ တဖြည်းဖြည်းချင်းနဲ့ အကျိုးပေးလာနိုင်တဲ့ရန်သူ တစ်ဦးလည်းရှိနေပါသေးတယ်။ အဲဒါကတော့ ပြည်သူတွေရေရှည်ရင်ဆိုင်ဖြေရှင်းရမယ့် ဖြစ်လာမယ့် စီးပွားရေးပါပဲ။ စီးပွားရေးလို့ဆိုရာမှာလည်း ကုန်သွယ်မှုအပိုင်းမှာရော၊ ထုတ်လုပ်မှုအပိုင်းမှာပါ ထိခိုက်မှုရှိလာမှာဖြစ်ပါတယ်။ ဒီအချက်ဟာ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ရတဲ့ ရင်ဆိုင်နေရတဲ့နိုင်ငံတိုင်း ကြုံတွေ့လာရမယ့် ရန်သူလို့ ဆိုရင်လည်းမှားမယ်လို့ မထင်ပါဘူး။

ကမ္ဘာတစ်ဝန်းလုံးမှာ သဘာဝဘေးအန္တရာယ်တွေ ကိုယ်စီကိုယ်စီဖြစ်နေကြသလို အိမ်နီးချင်းနိုင်ငံတွေ မှာလည်း သဘာဝဘေးအန္တရာယ်တွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတာဟာ နှစ်အတန်ကြာခဲ့ပြီဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာဆိုရင် ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်လောက်က အဆိုးရွားဆုံးသောရေလွှမ်းမိုးမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီအချိန်မတိုင်ခင် ၂၀၀၈ခုနှစ်အတွင်းက မြန်မာနိုင်ငံဟာ နာဂစ်မုန်တိုင်းတိုက်ခတ်တဲ့ဒဏ် ကိုသာ ခံစားခဲ့ရတာကြောင့် တခြားနိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်နေတာကို သတင်းတစ်ရပ်အနေနဲ့သာ ဖတ်ရှုနေကြသလို တို့နိုင်ငံကတော့ ဒီလိုအန္တရာယ်တွေကနေ ကာကွယ်ပေးထားတဲ့ အရာတွေ အများကြီးရှိနေတာပဲဆိုတဲ့ သဘာဝမကျတဲ့ယူဆချက်တွေကြောင့် ဖြစ်လာနိုင်မယ့်အရာတွေကို မသိကျိုးကျွန်ပြုနေခဲ့ပါတယ်။

၂၀၁၀ခုနှစ်အတွင်းက ဖြစ်ပေါ်ခဲ့တဲ့ရေလွှမ်းမိုးမှုကြောင့် ထိုင်းနိုင်ငံဟာ စီးပွားရေးမှာ တော်တော်လေးကို နစ်နာဆုံးရှုံးခဲ့သလို ထိခိုက်နစ်နာမှုတွေနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ တွေအနေနဲ့ ရေလွှမ်းမိုးမှုကြောင့် နစ်နာဆုံးရှုံးခဲ့ရတဲ့အတွက် ထိုင်းနိုင်ငံကိုစွန့်ခွာပြီး တခြားသောနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့အထိ ဖြစ်ခဲ့ရပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၀၈ခုနှစ်က တိုက်ခတ်ခဲ့တဲ့အင်အားပြင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးရဲ့အစိတ်အပိုင်းတချို့နဲ့ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးစတဲ့ဒေသတွေမှာသာ ထိခိုက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်ဟာ မေလ ၇ရက်နဲ့ ၈ ရက်နေ့ဖြစ်တာကြောင့် စိုက်ပျိုးချိန်ရာသီမရောက်သေးပါဘူး။ ဒါကြောင့်လည်း လူအသေအပျောက်များခဲ့တာကလွဲရင် စီးပွားရေးမှာ ထိခိုက်မှုနည်းပါးခဲ့တယ်လို့ ဆိုရမှာပါ။ ကုန်သွယ်ရေးကိုလည်း မထိခိုက်တဲ့အပြင် လုပ်ငန်းရှင်တွေကိုလည်း ထိခိုက်မှုနည်းပါးခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အဲဒီအချိန်က တာဝန်ယူခဲ့တဲ့ တပ်မတော်အစိုးရဟာ နိုင်ငံတကာရဲ့အကူအညီတွေကို ငြင်းပယ်ပြီး ကိုယ်တိုင် ပြန်လည်ထူထောင်ရေးတာဝန်ကိုယူခဲ့တာဟာ အဲဒီအချက်တွေကြောင့်ပဲဖြစ်ပါတယ်။ ကုန်သွယ်မှုအပိုင်းကို ထိခိုက်မှုမရှိသရွေ့ ကုန်သွယ်မှုလိုငွေဆိုတာ ဖြစ်မလာနိုင်ပါဘူး။

ဒါပေမယ့်လည်း ဒီနှစ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ရေလွှမ်းမိုးမှုကို ကြည့်ရင် မုန်တိုင်းတိုက်ခတ်လို့ဖြစ်လာခဲ့တဲ့ မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ရတယ်ဆိုတာထက် မြန်မာနိုင်ငံရဲ့အဓိကသွေးကြောမကြီး တွေဖြစ်တဲ့မြစ်ကြီးလေးသွယ်ရဲ့မြစ်ရေလျှံတက်မှုတွေနဲ့ ပုံမှန်မဟုတ်တဲ့မိုးရွာသွန်းမှုတွေကြောင့်သာ ရေလွှမ်းမိုးမှုတွေဖြစ်ပေါ်ခဲ့ရတယ်လို့ သုံးသပ်မိပါတယ်။

ခေတ်အဆက်ဆက် ရေလွှမ်းမိုးမှုဖြစ်ပွားတဲ့ဒေသတွေကို ကြည့်မယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့မွန်ပြည်နယ်ရှိတချို့သောဒေသများသာဖြစ်တယ်ဆိုတာကို သတိထားမိကြမှာပါ။ ဒါပေမယ့်လည်း ဒီနှစ်ရဲ့ရေလွှမ်းမိုးမှုကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ခုရှိတဲ့အနက် တနင်္သာရီတိုင်းဒေသကြီးကလွဲရင် ကျန်တဲ့ပြည်နယ်တိုင်း ဒေသကြီးတွေအားလုံးနီးပါးလိုလိုမှာ ရေလွှမ်းမိုးမှုတွေဖြစ်ခဲ့တဲ့အတွက် ဒီနှစ်ရဲ့ရေလွှမ်းမိုးမှုဟာ ဆိုးရွားပြင်းထန်လှတဲ့ရေလွှမ်းမိုးမှုလို့ ဆိုရမှာပါ။

အဲဒီလိုမြန်မာနိုင်ငံတစ်ဝန်းရေလွှမ်းမိုးမှုကြောင့်ပျက်စီးဆုံးရှုံးမှုတွေကိုကြည့်ရင် နာဂစ်မုန်တိုင်းဖြစ်ခဲ့ တဲ့အချိန်ကထက် ပိုမိုများပြားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဇူလိုင်လကတည်းက ဖြစ်ပွားခဲ့တဲ့ရေလွှမ်းမိုးမှုဟာ စက်တင်ဘာလဆန်းပိုင်းကို ရောက်တဲ့အထိ ပြီးဆုံးခြင်းမရှိသေးတဲ့အတွက် ဆုံးရှုံးမှုတွေ ထပ်မံဖြစ်ပေါ်လာဦးမှာ ဖြစ်ပါတယ်။

ဖြစ်ပြီးခဲ့တဲ့ရေလွှမ်းမိုးမှုတွေကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို ကြည့်မယ်ဆိုရင် စုစုပေါင်း လယ် မြေဧက ၁၄၅၂၇၆၄ ဧက ပျက်စီးဆုံးရှုံးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီပျက်စီးဆုံးရှုံးခဲ့ရတဲ့ လယ်မြေတွေအနက် ပဲခူးတိုင်းဒေသကြီးနဲ့ဧရာဝတီတိုင်းဒေသကြီးက ဆုံးရှုံးမှုအများဆုံးဖြစ်တာကိုတွေ့ရပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ လယ်မြေဧက ၃၇၅၉၂၅ ဧကပျက်စီးခဲ့သလို ဧရာဝတီတိုင်းဒေသကြီးမှာ လည်း လယ်မြေဧက ၃၁၅၆၃၂ ဧက ပျက်စီးဆုံးရှုံးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာ ၁၉၅၇၄၂ ဧက ၊ ရခိုင်ပြည်နယ်မှာ ၂၉၁၂၁၉ဧက၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၁၀၇၈၄၅ဧက၊ မကွေးတိုင်းဒေသကြီးမှာ ၉၆၈၄၆ဧက ပျက်စီးဆုံးရှုံးခဲ့ရတယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ထုတ်ပြန်ကြေညာချက်များအရ သိရှိရပါတယ်။ ကျန်တဲ့ပြည်နယ် တိုင်းဒေသကြီးတွေမှာလည်း ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပေမယ့် ဖော်ပြခဲ့တဲ့ ပြည်နယ်တိုင်းဒေသကြီးတွေနဲ့စာရင် နည်းပါးခဲ့ပါတယ်။

အဲဒီလိုလယ်မြေစိုက်ဧကတွေ ပျက်စီးဆုံးရှုံးခဲ့တဲ့အချိန်ဟာ စိုက်ပျိုးရာသီကာလဖြစ်တာကြောင့် ပြန်လည်စိုက်ပျိုးဖို့အတွက် အတော်လေးကို နောက်ကျနေပြီဖြစ်ပါတယ်။ ပြန်လည်စိုက်ပျိုးဖို့အတွက် အချိန်ရမယ် ဆိုရင်တောင် လယ်မြေတွေမှာ နုံးတွေတင်ကျန်နေခဲ့တာမို့ စပါးစိုက်ပျိုးဖို့အတွက်ကတော့ တော်တော်လေးကို အချိန်ယူရတော့မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဆန်စပါးကလွဲရင် ကျန်တဲ့ပဲ ပြောင်းနှမ်းတွေနဲ့ သီးနှံတွေကတော့ နုန်းတင်မြေနုကို ကြိုက်နှစ်သက်တဲ့သီးနှံတွေဖြစ်တာကြောင့် စိုက်ပျိုးဖို့ လွယ်ကူလိမ့်မယ်လို့ စိုက်ပျိုးရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့ပါတယ်။

အခုလောလောဆယ်မှာတော့နိုင်ငံတော်အစိုးရနဲ့ပရဟိတအသင်းအဖွဲ့တွေ၊ တစ်ဦးချင်းအလိုက်သာမက အဖွဲ့အလိုက်ပါ ရေဘေး သင့်ပြည်သူတွေအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင် ပေးနေတာကိုတွေ့နေရပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးတဲ့ အသင်းအဖွဲ့တွေဟာ ရေဘေးသင့်ပြည်သူတွေ လိုအပ်တဲ့လူသုံးအိမ်သုံးပစ္စည်းတွေကိုသာမက စားသောက်ကုန်ပစ္စည်းတွေကိုပါ ကူညီနေကြရတာဖြစ်ပါတယ်။

အဲဒါကြောင့် အခုလောလောဆယ်မှာ ပြည်တွင်းကို သွင်းကုန်တွေ အဆမတန်တင်သွင်းလာတဲ့ အတွက် သွင်းကုန်ပိုင်းမှာ ပိုငွေတွေ ပြလာတာဖြစ်တယ်လို့ ဆိုပါတယ်။ ပို့ကုန်ပိုင်းမှာ အားနည်းလာတဲ့အပြင် သွင်းကုန်ပိုင်းက ပိုမိုတင်သွင်းလာတဲ့အတွက် ကုန်သွယ်ရေးလိုငွေတွေ များပြားလာရတာဖြစ်တယ်လို့ နိုင်ငံတော်ရဲ့တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ် ပထမလေးလပတ် ဧပြီလမှ ဇူလိုင်လကာလအတွင်း ကုန်သွယ်ရေးလိုငွေဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၆ ဘီလီယံရှိတယ်လို့ သိရပါတယ်။ အဲဒီလေးလပတ်ကာလအတွင်းမှာ နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်းပမာဏဟာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၃၀ ဘီလီယံရှိတယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဇူလိုင်လအတွင်း မြန်မာနိုင်ငံရဲ့ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိ ကန်ဒေါ်လာ ၆၃၉ ဒသမ ၉၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ၄၁၄ ဒသမ ၇၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၄ ဒသမ ၆၉သန်းဖြစ်ပြီး ပုံမှန်သွင်း ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၉ ဒသမ ၇၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၃၈ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၆၇ ဒသမ ၁၀ သန်းဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ ခုနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၉၁၂ ဒသမ ၄၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၏ ပုံမှန် ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၃၃၃ ဒသမ ၁၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၉ ဒသမ ၅၂ သန်းနဲ့စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆၉၂ ဒသမ ၇၁ သန်းဖြစ်ပြီး ပုံမှန်သွင်း ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၀၀ ဒသမ ၈၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၈၃၇ ဒသမ ၆၈ သန်းနဲ့ စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၃၁ ဒသမ ၂၂ သန်းဖြစ်တာကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ စုစုပေါင်းကုန်သွယ်မှုလိုငွေ မှာအမေရိကန်ဒေါ်လာ ၁၈၄၅ ဒသမ ၈၀ သန်းဖြစ်တယ်လို့ ဗဟိုစာရင်းအင်းအဖွဲ့ရဲ့လစဉ်တင်ပြတဲ့ ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာကို ကိုးကားပြီး စက်တင်ဘာလ ၃ရက်နေ့ထုတ် ကြေးမုံသတင်း စာမှာ ဖော်ပြထားတာကိုတွေ့ရပါတယ်။

သွင်းကုန်ပမာဏများပြားလာတာနဲ့အမျှ ကုန်သွယ်မှုလိုငွေဆိုတာ ပြနေဦးမှာဖြစ်ပါတယ်။ ကုန် သွယ်မှုလိုငွေများနေတာနဲ့အမျှ နိုင်ငံရဲ့စီးပွားရေးဟာ တိုးတက်မှုရှိလာမှာမဟုတ်ဘူးလို့ သုံးသပ်မိပါတယ်။ ပို့ကုန်ပိုင်းကိုအားထားနိုင်ဖို့အတွက် ရေလွှမ်းမိုးမှုဖြစ်ပွားနေတဲ့ ဇူလိုင်လအတွင်းကနေ စက်တင်ဘာလ ဆန်းအထိကို ပြည်ပကို ဆန်တင်ပို့ဖို့ ရပ်ဆိုင်းထားခဲ့ပါတယ်။ ပြည်တွင်းမှာ ဆန်ဈေးတွေ မြင့်တက်မလာ အောင်ပြုလုပ်တာဖြစ်ပေမယ့်လည်း ကိုယ်ဖို့သာကြည့်တတ်ကြတဲ့ တစ်ဖို့တည်းသမား ဝိသမသမားတွေကြောင့် ပြည်တွင်းဆန်ဈေးနှုန်းတွေ အထူးသဖြင့် အခြေခံလူတန်းစားတွေ စားသုံးနေတဲ့ ဆန်ကြမ်းဈေးနှုန်းတွေ မြင့်တက်ခဲ့ရပါတယ်။

ဒါပေမယ့်လည်း ပို့ကုန်ပိုင်းမှာ ကျဆင်းလာတဲ့အတွက် ဆန်တင်ပို့ခွင့်ကို ဒီလလယ်လောက်မှာ ပြန်လည်တင်ပို့ခွင့်ပြုတော့မယ်ဆိုတဲ့သတင်းတွေကြောင့် ဆန်တင်ပို့မှုကနေ နိုင်ငံခြားငွေ ပြန်လည်ရရှိတော့မှာဖြစ်ပါတယ်။ ဒီအချက်က အခုလောလောဆယ်ဖြစ်ပျက်နေတဲ့အခြေအနေတွေပါ။

နောင်တစ်ချိန်မှာ ဘာတွေဖြစ်လာနိုင်မလဲဆိုတာ စဉ်းစားကြည့်မယ်ဆိုရင် နိုင်ငံအတွက်၊ သာမန် လက်လုပ်လက်စား ပြည်သူတွေအနေနဲ့ ခက်ခဲမယ့်အခြေအနေတစ်ရပ်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အဲဒီအခြေအနေကို အခုကတည်းက ဖြေရှင်းဖို့အတွက် နည်းလမ်းတွေ စဉ်းစားထားရမှာဖြစ်ပါတယ်။

ဒီနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ရေလွှမ်းမိုးမှုဟာ ဘယ်သူမှ ကြိုတင်တွက်ဆထားခြင်းမရှိတဲ့၊ ဘယ်သူမှ မျှော်လင့်မထားတဲ့ဖြစ်ရပ်တစ်ခုပါ။ အောက်ပြည်အောက်ရွာတွေမှာသာ ရေလွှမ်းမိုးတတ်တဲ့မြန်မာနိုင်ငံဟာ အထက်ပိုင်းဒေသတွေမှာပါ ရေလွှမ်းမိုးမှုကို ခံစားခဲ့ရတဲ့အတွက် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး သဘာဝဘေးအန္တရာယ်တွေ ကျရောက်နေပြီဆိုတာကို တာဝန်ရှိသူတွေ သိရှိပြီးဖြစ်မှာပါ။

အယ်နီညိုနဲ့လာနီညာဘေးအန္တရာယ်တွေရဲ့သက်ရောက်မှုတွေကိုလည်း သိရှိထားပြီးဖြစ်တဲ့အတွက် လာမယ့်နှစ်တွေမှာကျရောက်လာနိုင်မယ့်ဘေးအန္တရာယ်တွေအတွက် ကြိုတင်ပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် လာမယ့်နှစ်သီးနှံထွက်ရှိမယ့်ရာသီ၊ ပြည်ပကို သီးနှံတင်ပို့တော့မယ့်ရာသီကို ရောက်လာတဲ့အခါမှာ ပြည်ပပို့မယ့် သီးနှံတွေရဲ့အရည်အသွေးတွေထက် ပမာဏကျဆင်းလာမယ့်အရေးကိုလည်း ကြိုတင်တွက်ဆထားရတော့မှာဖြစ်ပါတယ်။

လာမယ့် စပါးသီးနှံပေါ်မယ့်ရာသီမှာ ထွက်ရှိလာမယ့် ဆန်စပါးအထွက်နှုန်းက ပြည်ပတင်ပို့ဖို့ထက် ပြည်တွင်းသုံးစွဲမှုမှာ ဖူလုံဖို့ကို အဓိကထားရပါတော့မယ်။ အာဆီယံဒေသတွင်းနိုင်ငံတွေက နိုင်ငံတွေနဲ့အပြိုင် ပြည်ပကို ဆန်တင်ပို့ဖို့ ကြိုးစားနေမယ်ဆိုရင် ပြည်တွင်းမှာ ဆန်ကိုအဓိကစားသုံးတဲ့ ပြည်သူတွေ အခက်တွေ့စေမှာအမှန်ပါ။

အဲဒီအချိန်ဟာ ရွေးကောက်ပွဲပြီးလို့ အစိုးရသစ်တာဝန်ယူမယ့်အချိန်နဲ့အံကိုက်ဖြစ်နေတာကြောင့် အစိုးရသစ်အနေနဲ့ ပြည်သူတွေရဲ့အခက်အခဲကို အရင်ဖြေရှင်းမလား၊ ကုန်သွယ်မှုလိုငွေပြနေခဲ့တဲ့ အစိုးရဟောင်းရဲ့ကုန်သွယ်မှုလိုငွေတွေကို ပိုငွေဖြစ်အောင်လုပ်ဖို့အတွက်ပဲ ကြိုးစားနေမလားဆိုတာ စောင့်မျှော်ရင်း . . . . ။

# ကုန်ထုတ်လုပ်မှုပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးလာ

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကို ၁၉၈၈ခုနှစ်တပ်မတော် အစိုးရလက်ထက်မှစ၍ ပြဋ္ဌာန်းခဲ့ပြီးနောက် ဝင်ရောက်လာသည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် သဘာဝသယံ ဇာတများကို အမှီပြုသည့်ရင်းနှီးမြှုပ်နှံမှုများသာဖြစ်ခဲ့သည်။

နိုင်ငံတော်အတွက် အရေးကြီးသည့် ကုန်ထုတ်လုပ်မှုကဏ္ဍ ပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ငါးရာခိုင်နှုန်းခန့်သာရှိ သည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံရင်း နှီးမြှုပ်နှံ မှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ဩဂုတ်လ ၂၆ရက် နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော် မရှင်ရုံးတွင်ကျင်းပသည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၁၉၈၈-၈၉ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၁-၁၂ဘဏ္ဍာနှစ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရေအားလျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၄၀ ရာခိုင်နှုန်းအထိရှိနေကြောင်း၊ ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍတွင် ၃၇ရာခိုင်နှုန်း၊ သတ္တုတူးဖော်သည့်လုပ် ငန်းကဏ္ဍတွင်ရှစ်ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၈၅ရာခိုင်နှုန်းမှာသဘာဝသယံဇာတအရင်းအမြစ်များကို အခြေပြု၍ ရင်းနှီးမြှုပ်နှံကြခြင်းဖြစ် ကြောင်း၊ နိုင်ငံတော်အတွက်အရေးကြီးသည့် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုသည်ငါးရာခိုင်နှုန်းခန့်သာရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

"အဲဒီအချိန်က တိုင်းပြည်အတွက် တကယ်အကျိုးရှိမယ့်ကဏ္ဍဖြစ်တဲ့ကုန် ထုတ်လုပ်မှုကဏ္ဍမှာ အက်ဖ်ဒီအိုင်ဝင်ခဲ့တာက တော်တော်လေးကို နည်းခဲ့ပါတယ်"ဟု ဦးအောင်နိုင်ဦးက ဆိုသည်။

အစိုးရသစ်တာဝန်ယူပြီးနောက် ပိုင်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၃၄ရာခိုင်နှုန်းသာ ရင်းနှီးမြှုပ်နှံလာခဲ့ ကြောင်း၊ ထို့အတူရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင်လည်း ၃၅ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်နှင့်နှိုင်းယှဉ်ပါက လျော့ကျ သွားခဲ့သည်ဟု ဆိုသည်။

"အဲဒီလျော့ကျသွားခဲ့တာဟာ ရင်း နှီးမြှုပ်နှံမှုတွေဝင်မလာလို့မဟုတ်ပါဘူး။ တခြားဘက်မှာ ရင်းနှီးမြှုပ်နှံမှုပိုလာတဲ့အတွက် တစ်ဖက်က လျော့ကျသွားရတာပါ"ဟု ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

သို့သော် ကုန်ထုတ်လုပ်မှုလုပ်ငန်း ကဏ္ဍပိုင်းတွင်မူ အက်ဖ်ဒီအိုင်များ တိုး တက်လာခဲ့ကြောင်း၊ မူလက အဆင့်ငါးနေရာတွင်ရှိနေရာမှ အဆင့်သုံးနေရာသို့ တက်လာခဲ့သည်ဟု ဆိုသည်။

"တိုင်းပြည်အတွက်အမှန်တကယ် အရေးကြီးတဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက တက်လာပါတယ်။ အရင်က နံပါတ်ငါးနေရာမှာရှိ နေရာကနေ သုံးကို တက်လာတယ်။ ဝင်လာသမျှ အက်ဖ်ဒီအိုင်အားလုံးရဲ့၁၀ ရာခိုင်နှုန်းလောက်အထိကို ကုန်ထုတ် လုပ်မှုလုပ်ငန်းကဏ္ဍမှာရင်းနှီးမြှုပ်နှံခဲ့ကြ ပါတယ်"ဟု ပြောကြားခဲ့သည်။

ထူးခြားသည့်အချက်မှာ ယခင်က တစ်ရာခိုင်နှုန်းပင်မရှိသည့်တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာခြင်းဖြစ်ကြောင်း၊ ဆယ်သွယ်ရေးလုပ်ငန်းကဏ္ဍသည် နံပါတ်လေးနေရာသို့ ရောက်ရှိလာခဲ့ပြီး ယခင်က အဆင့်သုံးနေရာတွင်ရှိသည့် သတ္တုတူးဖော်ရေးကဏ္ဍသည် အဆင့် ငါးနေရာသို့ ရောက်ရှိသွားကြောင်းသိ ရသည်။

"နိုင်ငံတော်အစိုးရတာဝန်ယူပြီး လေးနှစ်တာ ကာလအတွင်း တိုင်းပြည်အတွက် အကျိုးရှိမယ့်အပိုင်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုများလာတာကိုတွေ့ ရသလို သဘာဝသယံဇာတကို အခြေခံ တဲ့ရင်းနှီးမြှုပ်နှံမှုတွေ လျော့ကျလာတာကို တွေ့ရပါတယ်"ဟု ၎င်းက ထပ်မံ ပြောကြားခဲ့သည်။

# Golden City ၏ New Chapter 2015 ပွဲ ကျင်းပ

Golden City ၏ New Chapter 2015 ပွဲကို ဩဂုတ်လ ၂၂ရက်နေ့နှင့် ၂၃ရက်နေ့တို့တွင် ရန်ကင်းမြို့နယ် ရန်ကင်းလမ်းရှိ အဆိုပါ Golden City အဆောက်အအုံတွင် ကျင်းပခဲ့ရာအဆိုတော် စိုင်းစိုင်းခမ်းလှိုင်နှင့် ဉာဏ်လင်းအောင်တို့၏ သီဆိုဖျော်ဖြေမှုများ၊ မော်ဒယ်များ၏ သရုပ်ဆောင်ဖျော်ဖြေမှုများနှင့်အတူ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ Golden City ၏ New Chapter 2015 ပွဲကို ကမ္ဘာကျော် REEBONZ၊ နာမည်ကျော် နဂါးကိုး ကောင်ရတနာဆိုင်၊ နေလနှစ်ပါးသိဒ္ဓိရတနာဆိုင်၊ ရွှေရတနာကျောက်မျက် ရတနာဆိုင်၊ ရတနာသိင်္ဂီပိုးထည်တိုက်၊ နွယ်ဥယျာဉ်ပိုးထည်တိုက်၊ စံအထူးချုပ် ဖိနပ်ဆိုင်၊ HEAT WAVE အမှတ်တံဆိပ်တို့နှင့်လက်တွဲ၍ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ယင်း New Chapter 2015 ပွဲမှ ရရှိသည့်အလှူငွေများအားရေဘေးသင့်ဒေသများရှိပြည်သူများအားလှူဒါန်းသွား မည်ဖြစ်ကြောင်း သိရသည်။

GOLDEN CITY သည် စင်ကာပူ အခြေစိုက် Uni Global Power Company(UGP)၏ မြန်မာနိုင်ငံအတွင်း စီမံကိန်းများစွာထဲမှ ပထမဆုံး အဆင့်မြင့်အိမ်ယာစီမံကိန်းတစ်ခုဖြစ်သည်။ GOLDEN CITY စီမံကိန်းကို ၂၀၁၄ မတ်လ ၁၅ရက်က စတင်မိတ်ဆက်ခဲ့ပြီး ရန်ကုန်မြို့တွင် လက်ရှိအကောင်အထည်ဖော်နေသောအဆင့်မြင့် အိမ်ယာစီမံကိန်းများအနက်မှတစ်ခုဖြစ်သည်။

GOLDEN CITY သည် ရန်ကုန် မြို့တော်တွင်ဆောက်လုပ်လျက်ရှိသော မြန်မာနိုင်ငံ၏ ပထမဆုံးသော ထည်ဝါခမ်းနားမှုများနှင့်ပြည့်စုံကာ အထူးကောင်းမွန်သည့် လူနေမှုစနစ်ကို ဖန်တီးပေးမည့် အဆင့်မြင့်အိမ်ယာစီမံကိန်းတစ်ခုလည်းဖြစ်သည်။ မြို့တော်ရန်ကုန်၏အထိမ်းအမှတ်သင်္ကေတများ ဖြစ်သောရွှေတိဂုံစေတီတော်၊ အင်ယားကန်တို့၏အနီးဝန်းကျင်တွင် အကောင်အထည်ဖော်ဆောက်လုပ်နေသော GOLDEN CITY သည် ယခုအချိန်အထိ မြို့တော်၏ အအောင်မြင်ဆုံးနှင့် အလှပဆုံး အဆင့်မြင့်အိမ်ယာစီမံကိန်း အဖြစ် ရပ်တည် လျက်ရှိသည်။ စတုရန်းပေ ၃ဒသမ၆ သန်းကျော်ကျယ်ဝန်း သည့် ထူးခြားမှုကြောင့် GOLDEN CITY သည် မြန်မာနိုင်ငံ၏ မြင့်မား တိုးတက်လာသော စီးပွားရေးနှင့် လူနေမှုပုံစံကို ထင်ဟပ်ပြသလျက်ရှိသော ခေတ်အမီဆုံး အဆင်မြင့်အိမ်ယာစီမံကိန်းတစ်ခုဖြစ်လာခဲ့သည်။

# ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းက အမေရိကန်ဒေါ်လာ ၄ဒသမ ၃ဘီလီယံခန့်ဖြင့် ပထမနေရာတွင် ရပ်တည်နေ

နိုင်ငံတော်အစိုးရတာဝန်ယူခဲ့သည့် လေးနှစ်တာကာလအတွင်း ရေအားလျှပ်စစ်ကဏ္ဍမှ ၃၃ ရာခိုင်နှုန်းခန့် ဝင်ငွေများရရှိခဲ့ကြောင်းသိရသည်။

ယခင်စစ်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သည့် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းအား ယခုအစိုးရလက်ထက်တွင် ခွင့်ပြုပေးခဲ့သဖြင့် ချီဖွေငယ်ရေအားလျှပ်စစ်လုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံခန့်ရရှိခဲ့ကြောင်း၊ ယင်းပမာဏသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် အများဆုံးရရှိသည့်လုပ်ငန်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ဒုတိယနေရာတွင် ကုန်ထုတ်လုပ်မှု ကဏ္ဍမှရပ်တည်နေကြောင်း၊ လေးနှစ် တာကာလအတွင်း ကုန်ထုတ်လုပ်မှုသည် ၂၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရပ်တည်နေကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၂၀ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရပ်တည်နေကြောင်း၊ ဆက်သွယ်ရေးလုပ်ငန်းမှ ၁၁ရာခိုင်နှုန်းခန့် ဝင်ရောက်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍမှ ငါးရာခိုင်နှုန်းခန့် ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

"ရေနံနဲ့သဘာဝဓာတ်ငွေ့ လုပ်ငန်း ကနေ ရရှိတဲ့ဝင်ငွေများရတာဟာ ပြီးခဲ့တဲ့နှစ်က အစိုးရအနေနဲ့ ရေနံနဲ့ သဘာဝ ဓာတ်ငွေ့ကဏ္ဍတစ်ခုဖြစ်တဲ့ ကမ်းလွန်ရေနံ လုပ်ကွက်တွေကိုချထားပေးခဲ့တဲ့အတွက် ခုလို ဝင်ငွေတွေ ရရှိခဲ့တာဖြစ်ပါတယ်"ဟု ဦးအောင်နိုင်ဦးက ဆိုသည်။ လေးနှစ်တာကာလအတွင်း ရင်းနှီး မြှုပ်နှံမှုများမှ ဝင်ရောက်ခဲ့သည့် ဝင်ငွေများသည် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းကဏ္ဍများမှ ဝင်ရောက်လာခြင်းဖြစ်သည်ဟုဆိုသည်။

"လေးနှစ်တာကာလအတွင်း ဝင်ရောက်လာတဲ့လုပ်ငန်းတွေကိုပြန် ကြည့်ရင် တိုင်းပြည်အတွက် တကယ်အကျိုးရှိတဲ့လုပ်ငန်းတွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့ လုပ်ငန်းတွေဖြစ်တဲ့ ကုန်ထုတ်လုပ်ငန်း တွေ၊ ဟိုတယ်နဲ့ခရီးသွားလာရေး လုပ်ငန်းတွေမှာ ဝင်ငွေတွေ တိုးတက်ရရှိလာတာကို တွေ့ရပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

## ပြောင်း



### မူဆယ်မှ ပြောင်း ပုံမှန်တင်ပို့

ဩဂုတ်လ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ ဒသမ ၃၄၆ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၇၈၂၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၇၈၇၉ တန်ခွဲနဲ့ လွယ်ဂျယ်မှ တန် ၁၀၀၀ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ပြောင်း တင်ပို့မှု ၁၀၅၈ တန်ခန့် လျော့နည်းခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၈၄၇၆၁ ကျပ် ရှိခဲ့ပြီး၊ ယခုတစ်ပတ်တွင် ၃၇၇၆၁၅ ကျပ်သို့ ဈေးပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာ ယခင်တစ်ပတ်က ပြောင်းတစ်ပိသာကို ၂၈ ကျပ်နဲ့ကျပ် ၃၀ ကြားရှိရာမှ ယခုတစ်ပတ်တွင် ၂၅ကျပ်နဲ့ ၂၄ ကျပ်ကြားသို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မူဆယ်နယ်စပ်မှ ပြောင်းတန်ချိန် ၄၁၇၆၀ တန်ကျော်၊ လွယ်ဂျယ် နယ်စပ်မှ တန် ၁၀၀၀ တင်ပို့မှုရှိခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

### အစေ့ထုတ်ပြောင်း (CP) အသစ်များ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်

ဇူလိုင်လ ဒုတိယပတ်နှင့် တတိယပတ်တွင် ရွာသွန်းခဲ့သောမိုးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေနစ်မြုပ်ခဲ့ရာမှ ယခုအခါတွင် ရေပြန်ကျသွား၍ ထွက်ပေါ်ခဲ့သော အစေ့ထုတ်ပြောင်းများမှာ အထွက်နှုန်းကောင်းကြောင်း ဆူးလေကုန်းကျေးရွာမှ တောင်သူတစ်ဦးကပြောပြပါတယ်။ ယခုတစ်ပတ်အတွင်း ချောင်းဦးမြို့နယ် ဆူးလေကုန်း၊ ဝယာ၊ တောချောင်းလေး၊ ကံဇီး၊ ကမွန်တော်၊ ကုလားကြီး၊ အင်းမ စတဲ့ဒေသများမှ အစေ့ထုတ်ပြောင်း (CP) အသစ်များ မုံရွာကုန်စည်ဒိုင်သို့ တစ်ရက်တင်း ၁၀၀၊ ၁၅၀ ခန့်ဝင်ရောက်ခဲ့ရာ တစ်တင်း ပေါက်ဈေး ၁၀၀၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပါတယ်။ မန္တလေးဝယ်လက်အဆွဲရှိပြီး ဒေသတွင်း အသုံးရှိ၍ မုံရွာကုန်စည်ဒိုင်မှာ စက်တင် ဘာလ ပထမပတ်အတွင်း တစ်ရက် ပျမ်းမျှ တင်း၅၀၀မှ ၇၀၀ကြား အရောင်း အဝယ်ဖြစ်ကာ တစ်တင်းပေါက်ဈေးမှာ အသစ် ၁၀၀၀၀ ကျပ်၊ အဟောင်း ၁၁၀၀၀ ကျပ်ဈေးပေါက်ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားတန်ရှစ်ထောင်ကျော် တင်ပို့

ဩဂုတ်လ ၂၂ ရက်မှ ၂၈ ရက်တာကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၅ ဒသမ ၁၉၄ သန်း တန်ဖိုးရှိ သကြားဖြူ ၈၆၅၆ တန် ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်တင်ပို့မှုထက် သကြားဖြူ ၂၉၅၂ တန်ကျော် လျော့နည်းခဲ့ပါတယ်။ ကုန်ကြမ်းထွက်ရမယ့်အချိန်မှာ မိုးကောင်းနေလို့ ကြံခုတ်ရာသီ နောက်ဆုတ်ရတဲ့အတွက် ကုန်ကြမ်းရော သကြားရော လက်ကျန်နည်းပြီး သကြားဈေး အနည်းငယ် အတက်ကြမ်းခြင်းဖြစ်တယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ သကြားဖြူတစ်တန်ရဲ့ လိုင်စင်ကြေးကတော့ ဒေါ်လာ ၆၀၀ ရှိတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**



## ရော်ဘာ


### ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ်လအတွင်း ရော်ဘာပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၀၀၃ သန်းဖိုးရှိ ရော်ဘာ ၁၉၅၂ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လအတွင်းမှာ တင်ပို့ခဲ့တဲ့ နိုင်ငံတွေကတော့ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ကိုရီးယားနိုင်ငံများအပြင် ဂျပန်နိုင်ငံသို့ပါ တင်ပို့နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံး ဇူလိုင်လထက် တန် ၁၃၅၀ ပိုမိုတင်ပို့နိုင်သလို ယမန်နှစ်ကာလတူထက် တန် ၁၀၆၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဩဂုတ်လ ၃၁ ရက်နေ့မှာ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်တဲ့ ရော်ဘာဈေးကတော့ နိုင်ငံတကာ ဈေးအတက်အကျသိပ်မရှိကြောင်းနဲ့ မြန်မာ့ရော်ဘာ FOB ဈေးလည်း မပြောင်းလဲကြောင်းသိရှိရပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ ၈၀၀-၉၀၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**



### ဩဂုတ်လတွင် ရော်ဘာတင်ပို့မှုလျော့ကျ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဩဂုတ်လတွင် ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ တင်ပို့မှုမှာ ကန်ဒေါ်လာ ၂ ဒသမ ၁၂၀ သန်းဖိုးရှိပြီး တန်ချိန်မှာ ၁၉၀၈ တန်ခန့်ဖြစ်ပါတယ်။ အနီးစပ်ဆုံး ကာလတင်ပို့မှုထက် ၂၄၁၆ တန်ခန့် လျော့ကျခဲ့ပါတယ်။ ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ခြင်း၊ ယခုလအတွင်း မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှသာ တင်ပို့မှုရှိပြီး တာချီလိတ်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှု မရှိခဲ့တာကြောင့်လည်း အပို့လျော့ကျခဲ့တာဖြစ်ပါတယ်။

ဩဂုတ်လ နောက်ဆုံးပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ရော်ဘာပေါက်ဈေးကတော့ ယခင်တစ်ပတ်ထက် လျော့ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၇၅၀၀၄၉ ကျပ်ရှိပြီး ယခုတစ်ပတ်မှာ ၁၇၈၃၁၆၇ ကျပ်သို့ လျော့ကျခဲ့ပါတယ်။ ယမန်နှစ်ကာလတူပေါက်ဈေးကတော့ ၁၅၆၈၄၀၀ ကျပ်ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

| ၃၁-၈-၂၀၁၅ မှ ၄-၉-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 266 | 13,029,763.481 |
| 2 | Form D | 17 | 904,356.250 |
| 3 | Form E | 87 | 1,240,986.100 |
| 4 | Korea GSP | 3 | 81,563.800 |
| 5 | Form AK | 37 | 2,381,653.415 |
| 6 | Form AJ | 9 | 305,061.233 |
| 7 | Form AI | 56 | 2,769,469.250 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 475 | 20,712,853.529 |

## ပရဆေး

### စခန်းစုံမှ ပရဆေးကုန်ကြမ်း တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လနောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၁၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၂၀၀၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေး အမယ်တွေကတော့ ဆီးခွဲခြမ်း၊ဆီးဆံ၊ ဆီးသီးခြောက်၊ဝဥခြောက်၊ကြက်ဆူစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ ကြောင်ပန်းစေ့၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ တောဂျင်း၊ နနွင်းတက်၊ ကွမ်းသီးခွံ၊ မျှစ်စို၊ ရွှေရွက်၊ကွမ်းစားဂမုန်းနဲ့ တောင်လုံးကျော် တို့ဖြစ်ပါတယ်။

လွယ်ဂျယ်နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းဖိုးရှိ မျောက်ဥခြောက် ၂၆ တန်နဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ ၇၅၈၇ တန်ဖိုးရှိ ဒရင်ကောက်မြစ် တန် ၅၀ ကိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်းတန်ဖိုးရှိ တောင်လုံးကျော် ၈ တန်ခွဲနဲ့ ရိဒ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သုည ဒသမ ၀၁၈ သန်းဖိုး ရှိတဲ့ တောင်လုံးကျော် ၁ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရန်ကုန်ပဲစင်းငုံနှင့် မတ်ပဲဈေးသည် နှစ်နှစ်ခြားတစ်ကြိမ် တစ်လှည့်စီပို၍ ဈေးမြင့်လာသည့်အခြေအနေတွင်ရှိသည်

|ကျော်မြင့်|

ပဲမျိုးစုံသည် မြန်မာနိုင်ငံ၏အားထားရသော စိုက်ပျိုးရေးပို့ကုန်ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းအရ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပဲမျိုးစုံစုစုပေါင်းတန်ချိန် ၁ ဒသမ ၄၂ သန်း တင်ပို့ ရောင်းချခဲ့ပြီး၊ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၉၁၃ သန်း ခန့်ရှိခဲ့သည်။ မြန်မာ့ပဲမျိုးစုံတင်ပို့ရောင်းချမှုတွင် အဓိကကျသောပဲများမှာ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ဖြစ်သည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပဲမျိုးစုံ တင်ပို့ရောင်းချခဲ့သည့် စုစုပေါင်းတန်ချိန် ၁ ဒသမ ၄၂ သန်းတွင် မတ်ပဲ သုည ဒသမ ၆၆ သန်း၊ ပဲစဉ်းငုံ သုည ဒသမ ၂၉၆ သန်း၊ ပဲတီစိမ်း သုည ဒသမ ၃၀သန်း၊ စုစုပေါင်း ၁ ဒသမ ၂၅၆ သန်းရှိသဖြင့် ပြည်ပပို့ကုန် ပဲမျိုးစုံစုစုပေါင်းတန် ချိန် ၁ ဒသမ ၄၂ သန်း၏ ၈၈ ရာခိုင်နှုန်းရှိသည်။ အိန္ဒိယနိုင်ငံသည် မြန်မာ့ပဲမျိုးစုံကို အဓိကဝယ်ယူသည့် နိုင်ငံ(major buyer) ဖြစ်သည်။

**မတ်ပဲ။** မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွင် မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲကို ဒုတိယသီးနှံအဖြစ်ဆောင်းရာသီကာလတွင် စိုက်ပျိုးကြသည်။ ဖေဖော်ဝါရီလတွင် မတ်ပဲအသစ် (New supplies) အဖြစ်ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည်။ အိန္ဒိယနိုင်ငံတွင် မတ်ပဲကို ဇူလိုင်လတွင်စိုက်ပျိုးပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ အိန္ဒိယနိုင်ငံတွင် မတ်ပဲအသစ်ထွက်ရှိမှုမှာ မြန်မာနိုင်ငံထက်အချိန်စောပြီး ထွက်ရှိသည်။ ပုံ-၁ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

ပုံ-၁။မြန်မာနိုင်ငံအောက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတွင် မတ်ပဲစိုက်ချိန်နှင့် ရိတ်သိမ်းချိန် နှိုင်းယှဉ်မှု

| လအမည် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| May | J | J | A | S | O | N | D | J | F |
| Black gram (Lower Myanmar) | | | | | | | | | |
| | | | | | | S | S/G | G | H |
| India ** | | | | | | | | | |
| | | S | G | G | H(Oct-Nov) | | | | |

**www.myiris-commoditywatch

S= Time of sowing, G=Growing, H: Time of harvesting

ပုံ-၂။မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံစိုက်ချိန်နှင့် ရိတ်သိမ်းချိန် နှိုင်းယှဉ်မှု

| လအမည် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| May | J | J | A | S | O | N | D | J | F |
| Red [pigeon pea (Central Myanmar) | | | | | | | | | |
| S | S | G | G | G | G | G | H | | |
| India ** | | | | | | | | | |
| May-June | | | | Oct-Nov | | | | | |

**www.myiris-commoditywatch

S= Time of sowing, G=Growing, H: Time of harvesting

**ပဲစင်းငုံ။** မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ပဲစင်းငုံအဓိကစိုက်ပျိုးထွက်ရှိရာဒေသဖြစ်သည်။ မိုးဦးကာလမေလတွင် စိုက်ပျိုးပြီး ဒီဇင်ဘာ လတွင်ရိတ်သိမ်းသည်။ ဒီဇင်ဘာလတွင် ပဲစင်းငုံအသစ် (New supplies) များဈေးကွက်သို့ စတင်ဝင်ရောက်လာသည်။ ပဲစင်းငုံထွက်ရှိရာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှ ရန်ကုန်သို့ သယ်ယူပြီး အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ ရောင်းချသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ပဲစင်းငုံကို မေနှင့် ဇွန်လများ တွင်စိုက်ပျိုး၍ ဒီဇင်ဘာလတွင် ရိတ်သိမ်းကြသည်။ အိန္ဒိယနိုင်ငံတွင် မေနှင့် ဇွန်လများတွင် စိုက်ပျိုးပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတွင် ရိတ်သိမ်း ကြသည်။ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံအသစ် New supplies ထွက်ရှိမှုမှာ မြန်မာနိုင်ငံထက်အချိန်စောပြီး ထွက်ရှိသည်။ပုံ-၂ ကိုကြည့်ရှုရန် ဖြစ်ပါသည်။ ရန်ကုန်မှ အိန္ဒိယသို့ မတ်ပဲ၊ ပဲစင်းငုံတင်ပို့ ရောင်းချသူများသည် မွမ်ဘိုင်း၊ ချန်နိုင်းတွင်နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့မတ်ပဲ၊ မြန်မာ့ပဲစင်းငုံ နေ့စဉ်ဈေးအပြောင်းအလဲကိုအခြေခံပြီး ပြည်တွင်း ဈေးကွက်တွင် အရောင်း အဝယ်ပြုလုပ်ကြသည်။ ရန်ကုန်နှင့် မွမ်ဘိုင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ နှစ်အလိုက်ပျမ်းမျှဈေးပြောင်းလဲမှုကို ဇယား-၁ တွင် ဖော်ပြထားပါသည်။

ဇယား-၁။ ရန်ကုန်ပဲစင်းငုံနှင့် မတ်ပဲ နှစ်အလိုက်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၀၈ မှ ၂၀၁၅)

| ခုနှစ် | ရန်ကုန် | | | မွမ်ဘိုင်း | | |
|---|---|---|---|---|---|---|
| | မတ်ပဲ USD per tonne) | ပဲစင်းငုံ USD per tonne) | ပဲစင်းငုံက မတ်ပဲထက် ဈေးပို မြင့်ခြင်း (%) | မြန်မာ့ မတ်ပဲ USD per tonne) | မြန်မာ့ ပဲစင်းငုံ USD per tonne) | ပဲစင်းငုံက မတ်ပဲထက် ဈေးပို မြင့်ခြင်း (%) |
| ၂၀၀၈ | ၄၄၃ | ၄၉၈ | ၁၂.၄ | ၅၆၉ | ၆၀၁ | ၅.၆ |
| ၂၀၀၉ | ၆၁၄ | ၆၁၂ | ၀.၂ | ၇၄၃ | ၈၉၄ | ၂၀.၃ |
| ၂၀၁၀ | ၈၄၂ | ၇၈၁ | -၇.၂ | ၁၀၀၇ | ၈၅၆ | -၁၅.၀ |
| ၂၀၁၁ | ၇၀၃ | ၆၁၀ | -၁၃.၂ | ၈၃၆ | ၇၀၇ | -၁၅.၄ |
| ၂၀၁၂ | ၅၅၃ | ၆၂၈ | ၁၃.၆ | ၆၂၃ | ၆၈၉ | ၁၀.၆ |
| ၂၀၁၃ | ၅၆၄ | ၆၄၂ | ၁၃.၈ | ၆၁၀ | ၆၉၈ | ၁၄.၄ |
| ၂၀၁၄ | ၇၃၅ | ၆၆၁ | -၁၀.၁ | ၈၀၂ | ၇၁၈ | -၁၀.၅ |
| ၂၀၁၅ | ၉၈၁ | ၉၄၇ | -၃.၅ | ၁၀၈၇ | ၁၀၁၃ | -၆.၈ |


**မှတ်ချက်။** အနုတ် (Minus sign) ပြသောနှစ်များသည် မတ်ပဲက ပဲစင်းငုံထက် ဈေးပိုမြင့်သောနှစ်များဖြစ်ပါသည်။ ၂၀၁၅= ဇန်နဝါရီ လမှ ဇူလိုင်လထိဖြစ်ပါသည်။


အထက်ဖော်ပြပါ ဇယား-၁ အရ ပဲစင်းငုံက မတ်ပဲထက် ဈေးပိုမြင့်ခြင်း မတ်ပဲက ပဲစင်းငုံထက်ဈေးပိုမြင့်ခြင်းကို နှစ်နှစ်ခြား တစ်ကြိမ်ဖြစ်ပေါ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

| ရန်ကုန် | | မွမ်ဘိုင်း | |
|---|---|---|---|
| ၂၀၀၈ နှင့် ၂၀၀၉- (၂နှစ်) | ပဲစင်းငုံက မတ်ပဲထက် ဈေးပိုမြင့်သည် | ၂၀၀၈ နှင့် ၂၀၀၉- (၂နှစ်) | ပဲစင်းငုံကမတ်ပဲထက် ဈေးပိုမြင့်သည် |
| ၂၀၁၀နှင့် ၂၀၁၁ - (၂နှစ်) | မတ်ပဲက ပဲစင်းငုံထက် ဈေးပိုမြင့်သည် | ၂၀၁၀နှင့် ၂၀၁၁- (၂နှစ်) | မတ်ပဲကပဲစင်းငုံထက် ဈေးပိုမြင့်သည် |
| ၂၀၁၂ နှင့် ၂၀၁၃- (၂နှစ်) | ပဲစင်းငုံက မတ်ပဲထက် ဈေးပိုမြင့်သည် | ၂၀၁၂ နှင့် ၂၀၁၃- (၂နှစ်) | ပဲစင်းငုံကမတ်ပဲထက် ဈေးပိုမြင့်သည် |
| ၂၀၁၄ နှင့် ၂၀၁၅- (၂နှစ်) | မတ်ပဲက ပဲစင်းငုံထက် ဈေးပိုမြင့်သည် | ၂၀၁၄ နှင့် ၂၀၁၅- (၂နှစ်) | မတ်ပဲကပဲစင်းငုံထက် ဈေးပိုမြင့်သည် |


ရန်ကုန်နှင့် မွမ်ဘိုင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ပဲစင်းငုံနှင့် မတ်ပဲမည်သည့် ပဲကဈေးပိုမြင့်လာသည်ကို ပုံ-၃ နှင့် ပုံ-၄ တွင် လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။


ပုံ-၃ ။ ရန်ကုန်တွင် မတ်ပဲနှင့် ပဲစင်းငုံနှစ်အလိုက်ဈေး ပြောင်းလဲမှု (၂၀၀၈ မှ ၂၀၁၅)




ပုံ-၄။ မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲနှင့် မြန်မာပဲစင်းငုံနှစ်အလိုက် ဈေးပြောင်းလဲမှု (၂၀၀၈ မှ ၂၀၁၅)




ဇာစ်မြစ်၊ www.etrademyanmar.com

မတ်ပဲနှင့် ပဲစင်းငုံဈေးကတော့ နှစ်နှစ်ခြားတစ်ကြိမ် သူတစ်ပြန်၊ ကိုယ်တစ်ပြန်ဈေးပိုမြင့်လာတတ်သည်ဟု အတွဲ ၁၄၊ နံပါတ် ၄၉။ ဒီဇင်ဘာလ ၂၂ ရက် ၂၀၁၄ ခုနှစ်ထုတ် The Commerce Journal တွင် ၂၀၁၄ ခုနှစ်ထိအခြေအနေကို ရေးသားဖော်ပြခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အတွက် ဇန်နဝါရီလမှ ဇူလိုင်လထိအခြေအနေကို ယခုတင်ပြချက်တွင် ရေးသားဖော်ပြထားပါသည်။

မတ်ပဲက ပဲစင်းငုံထက်ဈေးပိုမြင့်သဖြင့် အောက်မြန်မာပြည်မှ မတ်ပဲစိုက်ပျိုးသူများသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှ ပဲစင်းငုံအနီစိုက်ပျိုးသူများထက်ဈေးပိုရသော အခြေအနေဖြစ်သဖြင့် မတ်ပဲစိုက်ပျိုးသောသူများအတွက် စီးပွားရေးတွက်ချေကိုက်သော သတင်းဖြစ်ပါသည်။ မတ်ပဲနှင့် ပဲစင်းငုံဈေးကတော့ နှစ်နှစ်ခြားတစ်ကြိမ် သူတစ်ပြန်၊ ကိုယ်တစ်ပြန်ဈေးပိုမြင့်လာတတ်သောကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှ ပဲစင်းငုံအနီစိုက်ပျိုးသူများမှ တစ်လှည့် မြန်မာနိုင်ငံအောက်ပိုင်းမှ မတ်ပဲစိုက်ပျိုးသူများမှတစ်လှည့် ဈေးပိုရသည့် အခြေအနေရှိကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

# မုံရွာမြို့ပေါ်ရှိ စာသင်ကျောင်း မုန့်ဈေးတန်းများ စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံတွင် ရောင်းချလျက်ရှိသော အစားအသောက်များ ဘေးကင်းလုံခြုံမှုအပိုင်းတွင် အားနည်းနေသည်မှာ သိသာထင်ရှားလျက်ရှိပါသည်။ ပြီးခဲ့သည့် စင်ကာပူဆီးဂိမ်းတွင် မြန်မာဘောလုံးအသင်း ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်မှာ ပထမပိုင်းတွင် မြန်မာကစားသမားများအနေဖြင့် ပြိုင်ဖက် ကစားသမားများနှင့် ယှဉ်ပြီး အင်တိုက်အားတိုက် ကစားနိုင်ခဲ့သော်လည်း၊ ဒုတိယပိုင်းတွင် မြန်မာကစားသမားများ ကစားအားကျဆင်းရခြင်းမှာ မိမိတို့ကစားသမားများအနေဖြင့် အခြားနိုင်ငံက ကစားသမားများနှင့် နှိုင်းယှဉ်ပါက ခွန်အားစိုက်ထုတ်ရာတွင် တူညီသော်လည်း ငယ်စဉ်ကတည်းက စားသောက်ခဲ့သော အစားအစာများ၏ အာဟာရဖြစ်မှုနှင့် ဘေးကင်းလုံခြုံမှုအပိုင်းတွင် အားနည်းချက်များ ရှိခဲ့ခြင်းကြောင့်ဟု ပညာရှင်များက သုံးသပ်ကြပါသည်။

ထို့ကြောင့် အနာဂတ်အတွက် အားထားရမည့် ကလေးငယ်များ အများဆုံး စုဝေးရာနေရာဖြစ်သော စာသင်ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသော အစားအသောက်များ အာဟာရ ဖြစ်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးစီးသည့် ဝန်ထမ်း ခုနစ်ဦးတို့သည် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များဖြစ်ကြသော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး ပညာပေးရေးဌာနခွဲနှင့် ပူးပေါင်း၍ စက်တင်ဘာလ ၁ ရက်နေ့တွင် မုံရွာမြို့၊ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက(ခွဲ)၊ အလက (၄) ကျောင်းများတွင် လည်းကောင်း၊ စက်တင်ဘာ ၂ ရက်နေ့တွင် အမှတ်(၆)၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက(ခွဲ) အလက(၂) ကျောင်းများတွင်လည်းကောင်း၊ ကျောင်းမုန့်ဈေးတန်းများအား စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။



စစ်ဆေးရာတွင် စားသုံးရန်မသင့်သော အစားအစာများရောင်းချခြင်း၊ အရောင်ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော အချဉ်ပေါင်းများနှင့် ရေခဲသုပ်များ၊ အစားအစာပစ္စည်းအပူများကို ပလတ်စတစ်ဗူး၊ ပလတ်စတစ်အိတ်၊ ဖော့ဗူးများဖြင့် ထည့်သွင်းရောင်းချခြင်းများ တွေ့ရှိခဲ့ပါသည်။ တွေ့ရှိချက်များအပေါ် ဓာတုဆိုးဆေး ပါဝင်ခြင်းကြောင့် စားသုံးသူများကို အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် စားသုံးရန်မသင့်ကြောင်း ကြေညာထားပြီးဖြစ်၍ လုံးဝမရောင်းချသင့်ကြောင်း၊ အရောင်ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော အစားအစာများကို ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များ စားသုံးမိပါက လတ်တလောအနေဖြင့် ဉာဏ်ရည်နိမ့်ကျခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ ကိုယ်ကာယဖွံ့ဖြိုးမှု အားနည်းခြင်းစသည်တို့ ဖြစ်ပေါ်နိုင်သည့်အပြင် ရေရှည်စားသုံးမိပါက ကင်ဆာကဲ့သို့ ရောဂါများဖြစ်ပွားနိုင်ကြောင်း၊ အစားအစာအပူများကို ပလတ်စတစ်ဘူး၊ ဖော့ဘူး၊ ကြွပ်ကြွပ်အိတ်များဖြင့် ထည့်သွင်းရောင်းချခြင်းဖြင့် ၎င်းပစ္စည်းများသည်အပူနှင့်ထိတွေ့သောအခါ ကာဆီနိုဂျင်ခေါ် သော ကင်ဆာအားပေးသည့်ဓာတ်ပစ္စည်းများ ဖြစ်လာကြောင်း လေ့လာသိရှိရ၍ မရောင်းချသင့်ကြောင်း၊ ဈေးဆိုင်နှင့် ပတ်ဝန်းကျင်၊ အစားအစာများကို သန့်ရှင်းသပ်ရပ်စွာ ချက်ပြုတ်ရောင်းချရန်၊ အစားအစာများကို လက်အိတ်များဖြင့် ကိုင်တွယ်ရောင်းချရန်၊ အစားအစာများကို ယင်ကောင်များမနားစေရန်နှင့် ဖုံမှုန့်များ မဝင်ရောက်စေရန် အဖုံးအုပ်၍ ရောင်းချရန်၊ ယနေ့ခေတ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းနှင့် ကျူရှင်များတွင်နေရသော အချိန်ကများသည့်အတွက် မိမိအိမ်မှချက်ပြုတ်ကျွေးမွေးသော အစားအစာများကို စားချိန်မရ၍ ကျောင်းဈေးတွင် ရောင်းချသော မုန့်များကိုသာ အဓိကစားသုံးရသောကြောင့် ကလေးငယ်များ၏ အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရဖြစ်ရေး၊ ဘေးကင်းလုံခြုံမှုရှိရေးသည် ကျောင်းဈေးသည်များအပေါ်တွင် မူတည်နေ၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရောင်းချပေးကြရန်နှင့် ကျောင်းဈေးသည်များ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသည်လည်း အရေးကြီးကြောင်း စစ်ဆေးပြီး ပညာပေးခဲ့ ကြပါသည်။

ထိုကဲ့သို့ စစ်ဆေးခြင်းအားဖြင့် ကျောင်းဈေးသည်များမှလည်း ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ရွေးချယ်ရောင်းချတတ်သည့်အပြင် ကျောင်းသား၊ ကျောင်းသူများ အာဟာရပြည့်ဝပြီး သန့်ရှင်းသပ်ရပ်၍ ရောဂါဘယကင်းဝေးသော အစားအသောက်များကို သိရှိရွေးချယ် စားသုံးတတ်သည့် အလေ့အကျင့်မှ အလေ့အထဆီသို့ ဦးတည်ရောက်ရှိသွားစေမည် ဖြစ်ပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

## အစားအသောက်၊ ဆေးဝါးနဲ့ အလှကုန်များကို ကွန်ရက်ဖွဲ့ ကြပ်မတ်စစ်ဆေးမည်

FDA နှီးနွှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊INGO များ၊ NGO များပါဝင်တဲ့ အမျိုးသားအဆင့် ကွန်ရက်တစ်ခု ထူထောင်၍ အစားအသောက်နဲ့ ဆေးဝါး၊ အလှကုန်များကို ကြပ်မတ် စစ်ဆေးတော့မယ်လို့ ဩဂုတ်လအတွင်းက ရန်ကုန်တိုင်းဒေသကြီး ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ကျင်းပခဲ့တဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စရပ်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးချက်များအရ သိရှိရပါတယ်။အစားအသောက်နဲ့ ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနအနေနဲ့ ကိုယ်ပိုင် Website တစ်ခုကို ထုတ်လွှင့်ရန် အဆင်သင့် ရှိနေပြီဖြစ်ကြောင်း ၊ မကြာတော့တဲ့ ကာလအတွင်းမှာ ထုတ်လွှင့်တော့မှာဖြစ်ကြောင်း ၊ အဆိုပါ Website ထုတ်လွှင့်ပြီးနောက် Facebook ပါ ဆက်လက်ဖွင့်ပေးသွားမည်ဖြစ်ကြောင်း ၊ သို့မှသာ စားသုံးသူ ပြည်သူများထံ FDA ရဲ့ သတင်းထုတ်ပြန်ချက်များ လျင်မြန်စွာရောက်ရှိစေရန်နဲ့ ပြည်သူများထံမှ စားသောက်ကုန်များ ဆေးဝါးများ၊ အလှကုန်များ လူသုံးကုန်များနဲ့ စပ်လျဉ်းပြီး သတင်းပေးမှုများ၊ တုန့်ပြန်ချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ရှင်းလင်းပြောကြား အသိပေးခဲ့ပါတယ်။

**မယ်စားသုံး**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများစဉ်ဆက်မပြတ်ဆောင်ရွက်

စားသုံးသူပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းစွာဖြင့် အစားအစာများကိုစားသုံးနိုင်စေရန်၊ ကျောင်းသား/ကျောင်းသူများမှ အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန်နှင့် အသုံးအဆောင်၊လူသုံးကုန်ပစ္စည်းများအကြောင်းသိရှိစေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယ ဦးစီးမှူးနှင့် အမှုထမ်းဝန်ထမ်းများသည် စက်တင်ဘာလ ၁ ရက်နေ့တွင် ဒေါပုံမြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ၊ ဆရာမ ခုနစ်ဦး၊ ကျောင်းသား/ကျောင်းသူ ၁၇၁ ဦး၊ စက်တင်ဘာလ ၂ ရက်နေ့တွင် မရမ်းကုန်းမြို့နယ် အမက (၁၃) မူလတန်းလွန်ကျောင်းတွင် ဆရာ၊ ဆရာမ ၁၅ ဦး၊ ကျောင်းသား/ကျောင်းသူ ၄၆၁ ဦး၊ စက်တင်ဘာလ ၄ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ၊ ဆရာမ ၁၅ ဦး၊ ကျောင်းသား/ကျောင်းသူ (၃၅၀) ဦး၊ ကျောင်းသားမိဘ ၁၀၀ ဦးတို့ကို စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးများဖြစ်သည့် ဒေါ်မြမြညွန့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မိုးမိုးဆွေ တို့က ကျောင်းသား/ကျောင်းသူများကို စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများနှင့် အစားအသောက်များကိုရွေးချယ်ဝယ်ယူစားသုံးတတ်စေရန် အတွက် ယခုကဲ့သို့ လာရောက် ဆွေးနွေးဟောပြောပေးသော ဝန်ထမ်းများကို အထူးကျေးဇူးတင်ပါကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူးများဖြစ်သည့် ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်အေးအေးသန်း၊ ဒေါ်အိန္ဒြေအောင်တို့က ဒေါပုံမြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း၌ လည်းကောင်း၊ ဒေါ်ခင်ဒေဝီထွန်း၊ ဒေါ်သန်းသန်းစိုး၊ ဒေါ်လဲ့လဲ့ဌေးတို့က မရမ်းကုန်းမြို့နယ် အမက (၁၃) မူလတန်းလွန် ကျောင်း၌လည်းကောင်း၊ ဒေါ်စိုးစိုးဦး၊ ဒေါ်နုနုအောင်၊ ဒေါ်ဖြူဖြူဌေးတို့က မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသောက်ကုန်များတွင် အန္တရာယ်ရှိ မုန့်မျိုးစုံ၊ အချိုရည်၊ ဂျယ်လီ၊ အကင်များနှင့် လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များအကြောင်း၊ ဟင်းချိုမှုန့်များအကြောင်း၊ အစားအသောက်များတွင် သဘာဝအရောင်ထက် လွန်ကဲစွာတွေ့မြင့်နိုင်သည့် အရောင်ဆိုးထားသည့် မုန့်ထုပ်များအကြောင်း၊ ဆေးလိပ်၊ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးများ သုံးစွဲလျှင် ဘေးဥပဒ်အန္တရာယ်ဖြစ်နိုင်မှုများ၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဆိုကျိုးများဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများကို ကျောင်းသား/ကျောင်းသူများ၏အသက်အရွယ်နှင့် လိုက်လျောညီထွေစွာသိရှိနားလည်စေရန်နှင့် ရှင်းလင်းလွယ်ကူစွာသိရှိစေရန် အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့ကြပါသည်။

ရှေ့ဆက်၍လည်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာစာသင်ကျောင်းများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ **Consumer**

## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဈေးကွက်ကို ထောက်လှမ်းစောင့်ကြည့်ရှုလျက်ရှိ

ဈေးကွက်အတွင်းရောင်းချနေတဲ့ အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ အရည်အသွေး ပြည့်မီရေးကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ စားသုံးရန်မသင့်တဲ့ အစားအသောက်များကို ဈေးကွက်အတွင်းတွေ့ရှိပါက အများပြည်သူသိရှိရန် ကြေညာပြီး နှီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများနဲ့ ပေါင်းစပ်၍ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူခြင်း၊ ဖျက်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ်လအတွင်း ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်မှာ ကျင်းပတဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စရပ်များ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ FDA မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဦးထွန်းဇော်က ပြောကြားခဲ့ပါတယ်။

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက် မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ထိစီမံချက်ကာလ ၄ လခန့်ကာလအတွင်း တိုင်းဒေသကြီးများရှိစည်ပင်သာယာဈေးများသို့ Mobile Lab Van များနဲ့ နမူနာကောက်ယူစစ်ဆေး ဆောင်ရွက်မှုများပြုလုပ်ခဲ့ရာ ဓာတ်ခွဲစမ်းဆေးပေးခဲ့တဲ့ နမူနာအရေအတွက် ၁၉၀၆ ခုအနက် ခွင့်မပြုတဲ့ အစားအသောက်အရေအတွက် ၁၄၈ ခု ပါဝင်နေတာကို တွေ့ရတဲ့အနက် ရန်ကုန်တိုင်း ဒေသကြီးနဲ့ နေပြည်တော် ကောင်စီနယ်မြေမှ ခွင့်မပြုအစားအသောက်အရေအတွက် ၄၇နဲ့ ၄၀ ခု အသီးသီး ရှိနေတာကို တွေ့ရပါတယ်။

၂၀၁၄-၂၀၁၅ ခု ပညာသင်နှစ်ကာလအတွင်း စာသင်ကျောင်းမုန့်ဈေးတန်းအစားအသောက် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ မြို့နယ် ၉၉ ခုတွင် ကျောင်းပေါင်း ၄၂၀ သို့ သွားရောက်နိုင်ခဲ့ပါတယ်။ သွားရောက်ခဲ့သော ကျောင်းများမှ စားသောက်ကုန်များကို ဓာတ်ခွဲစမ်းသပ်မှု ၂၈၀၇ ခုပြုလုပ်ခဲ့ရာ စားသုံးရန်မသင့်သော အရေအတွက် ၄၆ ခုရှိတာကို တွေ့ရှိရကြောင်း သိရပါတယ်။

**မယ်စားသုံး**

## ရွှေတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူပြည်သူများ အသက်ရှည်ကျန်းမာစွာနေနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ရွှေတောင်မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးကိုကိုကြီး နှင့်တာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာလ ၃ ရက်နေ့တွင် ရွှေတောင်မြို့ သရက်တောရပ် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၏ အစည်းအဝေးခန်းမ၌ စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံး၊ ဦးစီးမှူး ဦးထွန်းမင်းထွန်းက ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများသိရှိထားသင့်သော စားသုံးသူအကာအကွယ် ပေးရေးဥပဒေပါ အကြောင်းအရာများအား အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးပြီး ရွှေတောင်မြို့နယ်တာဝန်ခံ ဦးအောင်နိုင်ဦးက အများပြည်သူများ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်စေရန် ကျန်းမာရေးနှင့်ညီညွတ် မျှတသော အစားအစာများ ဝယ်ယူစားသောက်တတ်စေရေးအတွက် အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် ရွှေတောင်မြို့နယ် ကျန်းမာရေးမှူး ဦးကိုကိုကြီးက မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေး ရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါတို့အား ဟောပြော ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ အင်အား ၈၉ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိ ပါသည်။

**နိုင်လင်းထွန်း ၊ စားသုံးသူရေးရာ (ပြည်)**

## စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရှိ စာသင်ကျောင်းများတွင်စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသိကောင်းစရာများ ဟောပြောဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ မုန့်ဈေးတန်းရှိ အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများကို အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရွှေဘိုခရိုင်ဦးစီးမှူး ဦးကျော်ငွေ၏ ဦးဆောင်မှုဖြင့် ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဆွေ ဦးဆောင်သော ဝန်ထမ်းအဖွဲ့များသည် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဝက်လက်မြို့နယ် လှတော အ. ထ. ကကျောင်း၊ ဝင်းဇင်း အ. လ. က (ခွဲ) ကျောင်းနှင့် နှောပင် အ. လ. က (ခွဲ) ကျောင်းများသို့ သွားရောက်ပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် လှတောကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ဆွေဝင်း၊ ဝင်းဇင်းကျောင်းအုပ် ဆရာကြီး ဦးကြည်ဝင်းနှင့် နှောပင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးဝေ တို့ကအဖွင့် အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဆွေ၊ ဒေါ်ညိုညို ၊ ဒေါ်ထွေးထွေးအေးနှင့် ဝက်လက်မြို့နယ် တာဝန်ခံ ဦးသိန်းဝင်းတို့က မူမမှန်သော စားသုံးဆီများ အန္တရာယ်ရှိ ဟင်းချိုမှုန့်များအကြောင်း၊ အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်း စားသုံးရန်မသင့်သော မုန့်မျိုးစုံ၊ အချိုရည်နှင့် ဂျယ်လီအကြောင်း၊ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ ဆိုးကျိုးများအကြောင်း အန္တရာယ်ရှိ ဝန်ဆောင်မှုနှင့် Enter-tainment များအကြောင်း၊ ယင်နားစာနှင့် တာရှည်ခံဆေး အန္တရာယ်များ အကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပညာပေး ဟောပြောခဲ့ပါသည်။

ဟောပြောပွဲများတွင် လှတော အ. ထ. က ကျောင်း၌ ဆရာ၊ ဆရာမ ၄၆ ဦး၊ ဝန်ထမ်း ၆ ဦး၊ ကျောင်းသား ကျောင်းသူ ၁၀၉၈ ဦး၊ ကျောင်းဈေးသည် ၁၅ ဦး၊ ပေါင်း ၁၁၆၅ ဦး၊ ဝင်းဇင်း အ. လ. က (ခွဲ) ကျောင်း၌ ဆရာ၊ ဆရာမ ၁၁ ဦး၊ ကျောင်းသားကျောင်းသူ ၁၃၃ ဦး၊ ပေါင်း ၁၄၄ ဦး၊ နှောပင် အ. လ. က (ခွဲ) ကျောင်း၌ ဆရာ၊ ဆရာမ ၁၃ ဦး၊ ကျောင်းသားကျောင်းသူ ၂၃၁ ဦး၊ ပေါင်း ၂၄၄ ဦး၊ တက်ရောက်ခဲ့ကြပြီး၊ ခရိုင်ဦးစီးမှူးရုံး ဝန်ထမ်းများက စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပါသည်။

ဎင်းနောက် ကျောင်းအုပ် ဆရာ၊ ဆရာမကြီးတို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပရခြင်း အပေါ် ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များအား ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ် ကင်းသော အစားအစာများ ရွေးချယ် စားသုံးတတ်စေရန်နှင့် လိုက်နာကျင့်သုံးနိုင်စေရန်ဖြည့်စွက် ပညာပေး ပြောကြားခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲအပြီးတွင် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ခရိုင်ဦးစီးမှူးရုံး ဝန်ထမ်းများအဖွဲ့မှ ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ ဈေးသည်များအား ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် တားမြစ်ဓာတုဆိုးဆေးများ ပါဝင်သော အစားအသောက်များ သက်တမ်းလွန်သောမုန့်များ ထုတ်လုပ်/ ကုန်ဆုံးရက်စွဲနှင့် အာမခံချက်များ မပါဝင်သည့် မုန့်ထုတ်များ မရောင်းချရန်၊ ယင်းမနားဆေးများ အသုံးမပြုရန်၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ရောင်းချရန်အတွက် အသိပညာပေးဆိုင်ရာ လုပ်ငန်းများ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ရွှေဘိုခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ခင်ဦးမြို့နယ်နှင့် ဝက်လက်မြို့နယ်အတွင်းရှိ အ. ထ. က၊ အ. လ. က ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများတွင် သွားရောက်ကျင်းပပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ညိုညို (ရွှေဘို)**

## ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်စားသုံးသူရေးရာပညာပေးသင်တန်းကျင်းပပြုလုပ်



ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ အ. ထ. က ကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားသုံးသူရေးရာ ပညာပေးသင်တန်းကို ၂၀ ၁၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက် က ကျင်းပပြုလုပ်ခဲ့ရာ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်း နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၃၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဦးစီးမှူး ဦးဇော်ဝင်းက စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးမြင့်အောင်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်မြင့်သီတာတင်က အစားအသောက်နှင့် ဆိုးဆေးဘေး အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောပို့ချခဲ့ပါသည်။ ဆက်လက်၍ ကျောင်းမုန့် ဈေးတန်းတွင် စားသုံးရန်မသင့်သော အစားအစာများ ရောင်းချမှုရှိ၊ မရှိ လေ့လာကြည့်ရှုပညာပေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် (ပုသိမ်)**



# Intermach & Subcon Myanmar 2015 ပြပွဲ ပြသမည်

မြန်မာနိုင်ငံ၏နိုင်ငံတကာစက်မှု လုပ်ငန်းကုန်ထုတ်လုပ်မှုနှင့် Subcontracting 2015 ပြပွဲကို လာမည့် စက်တင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို နိုင်ငံအတွင်း စက်မှုထုတ်ကုန်များတိုးမြှင့်လာစေရန်အလို့ငှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းများနှင့် တွဲဖက်ပစ္စည်း အမျိုးပေါင်းများစွာကို ပြသရန်စီစဉ်ထားကြောင်း သိရသည်။

Intermach & Subcon Myanmar 2015 ပြပွဲသည် အထူးစီးပွားရေးပြပွဲများသာမက စီးပွားရေးလုပ်ငန်း ငယ်လေးများကိုလည်း အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်အောင် ဆွဲတင်ပေးမည့်ပြပွဲတစ်ပွဲလည်းဖြစ်ကြောင်း သိရသည်။

"တတိယအကြိမ်မြောက် Intermach & Subcon Myanmar 2015 ပြပွဲမှာ ကမ္ဘာ့အဆင့်ကုန်ပစ္စည်းပေါင်း တစ်ရာကျော်နဲ့ နိုင်ငံရှစ်နိုင်ငံက စက်မှုလုပ်ငန်းသုံးစက်ပစ္စည်း၊ ကိရိယာတန်ဆာပလာနဲ့တွဲဖက်ပစ္စည်းအမယ် ပေါင်း သုံးရာကျော်ကိုပြသမှာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ ဆွေးနွေးပွဲတွေလည်း ပါဝင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံက ထုတ်လုပ်သူတွေအတွက်လည်း အကျိုးအမြတ်ရစေမှာဖြစ်ပါတယ်" ဟု UBM Asia(Thailand)Co., Ltd. မှ ဒါရိုက်တာ Mr. Sanchai Noombunnam က ပြောကြားခဲ့သည်။

" UBM Asia(Thailand)ကို ပြပွဲနဲ့ပတ်သက်ပြီး မြှင့်တင်ပေးတဲ့နေရာ မှာ အထူးသဖြင့် မော်တော်ယာဉ်၊ အီလက်ထရောနစ်၊ လျှပ်စစ်အားသုံးတဲ့ စက်မှုလုပ်ငန်းတွေ၊ ထိုင်းနိုင်ငံရဲ့ အထောက်အပံ့ရမယ့်စက်မှုလုပ်ငန်းတွေ နဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မယ့် လုပ်ငန်းတွေမှာ နောက်တစ်ကြိမ်ကူညီ ထောက်ပံ့ခွင့်ရတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာမိပါတယ်။ Intermach & Subcon Myanmar ဟာ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ရာမှာ နည်းပညာသစ်တွေနဲ့ လုပ်ဆောင်ပြီး စက်မှုလုပ်ငန်း အဆင့်မြှင့်တင်ပေးခြင်းနဲ့ ထုတ်လုပ်မှု တိုးမြှင့်လာအောင်ကူညီပေးဖို့ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။ ဒါဟာထုတ်ကုန်အရည်အသွေး၊ စွမ်းဆောင်ရည်တို့အပြင် မြန်မာ့ထုတ်ကုန်စက်မှုလုပ်ငန်းကိုလည်း ကူညီပါလိမ့်မယ်"ဟု မြန်မာနိုင်ငံ စက်မှုလုပ်ငန်းအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းက ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မြန်မာ၊ နိုင်ငံရီးယား၊ စင်ကာပူ၊ ဆွီဒင်၊ ထိုင်း၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ စက်မှုလုပ်ငန်းရှင်များက လာရောက်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း | ၇၅၀၀ စ/ပေ | အခန်းဖွဲ့ လျှာထိုးခင်း | ၂.၅သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၅၀)ပေ | အခန်းဖွဲ့ (ပ)ထပ်၊ | ၃ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၅၀)ပေ | (၄) လွှာ | ၇၀၀သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၄။ | လုံးခြင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာဝင်း | (၄၀×၆၀)ပေ | RC (၁)ထပ် | ၆၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း (၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | RC (၁)ထပ် | ၂၄၅၀ သိန်း | မြေပိုပါ၊ လမ်းသန့် | ၀၁-၅၆၃၀၇၀ |
| ၆။ | ကွန်ဒိုတိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၂၅၀ စ/ပေ | (၈) လွှာခန်း | ၁၆၀၀ သိန်း | တိုက်သစ် | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | ကွန်ဒိုတိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၄၀၀ သိန်း | ကြိုပို့ပ်/ ဂဝရာခိုင်နှုန်းပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ဘီလမ်းသွယ် | ၄၅၀၀ စ/ပေ | RC (၁)ထပ် | ၃၈၀၀ သိန်း | အသင့်နေ၊ ရပ်ကွက်သန့်၊လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ ညောင်ဦး-ချောက် ကားလမ်းနံဘေး ရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၅၀ သိန်း | နေရာကောင်း ရပ်ကွက်သန့်၊လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |

## မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီပေါင်း လေးသောင်းကျော်သာရှိ

မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီပေါင်းမှာ ဩဂုတ် ၂၄ရက်နေ့အထိ ၄၅၉၁၀ ရှိကြောင်း၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီပေါင်းမှာ ၂၀၇ခုရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါစာရင်းတွင် နိုင်ငံခြားကုမ္ပဏီများ မပါဝင်ဘဲ နိုင်ငံခြားကုမ္ပဏီ စုစုပေါင်းမှာ ၄၅၈၂ ခုရှိကြောင်း သိရသည်။

အဆိုပါကုမ္ပဏီအရေအတွက်မှာ မြန်မာနိုင်ငံရှိ လူဦးရေအချိုးနှင့် တွက်ဆပါက နည်းပါးလွန်းနေကြောင်း၊ တခြားသော အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကုမ္ပဏီနှင့်လူဦးရေအချိုးမှာ နည်းပါးလွန်းသည်ကို တွေ့ရှိရကြောင်းဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှစ၍ ၂၀၁၁ခုနှစ်အထိ ၂၃နှစ်တာကာလအတွင်း ကုမ္ပဏီပေါင်း ၂၀၈၃၈ ခုရှိကြောင်း သိရသည်။

၂၀၁၁-၁၂ဘဏ္ဍာနှစ်အတွင်းတွင် မြန်မာကုမ္ပဏီပေါင်း ၄၅၉၂ခု နိုင်ငံခြား ကုမ္ပဏီပေါင်း ၂၇ခု၊ ၂၀၁၂-၁၃ဘဏ္ဍာနှစ်တွင် မြန်မာကုမ္ပဏီပေါင်း ၅၅၆၆ခု၊ နိုင်ငံခြားကုမ္ပဏီပေါင်း ၅၀၇ခု၊ ၂၀၁၃-၁၄ဘဏ္ဍာနှစ်တွင် မြန်မာကုမ္ပဏီပေါင်း ၆၁၀၄ ခု၊ နိုင်ငံခြားကုမ္ပဏီပေါင်း ၁၀၁၅ ခု၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် မြန်မာကုမ္ပဏီပေါင်း ၆၃၂၀ခု၊နိုင်ငံခြားကုမ္ပဏီပေါင်း ၁၂၅၄ ခုတို့ မှတ်ပုံတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ငါးလတာကာလတွင် ကုမ္ပဏီပေါင်း ၃၂၂၀ ရှိကြောင်း၊ ယင်းကဲ့သို့ကုမ္ပဏီများ မှတ်ပုံတင်ထားသည့်အရေအတွက်များ တိုးလာရခြင်းမှာ ကုမ္ပဏီမှတ်ပုံတင်သည့်စည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့၍ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထိုကဲ့သို့ ကုမ္ပဏီများတစ်နှစ်ထက်တစ်နှစ် မှတ်ပုံတင်ထားမှုများ တိုးတက်လာခဲ့သော်လည်း တခြားအာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသေးကြောင်း၊ လူဦးရေ ခုနစ်သန်းရှိသည့် လာအိုနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်ထားမှုမှာ ၈၄၇၇၀ ရှိပြီး လူဦးရေ သန်း ၃၀ရှိသည့်မလေးရှားနိုင်ငံတွင် ကုမ္ပဏီစုစုပေါင်းမှာ ၁ ဒသမ ၂၃သန်းရှိကြောင်း၊ လူဦးရေ သန်း ၉၀ရှိသည့် ဗီယက်နမ်နိုင်ငံတွင်မူ ကုမ္ပဏီစုစုပေါင်း ၃၀၇၀၁၄ ရှိပြီး ကမ္ဘောဒီးယားနိုင်ငံတွင် လူဦးရေ ၁၅ သန်းရှိရာ ကုမ္ပဏီပေါင်း ၁၅၆၂၀၇ ခုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၂ သန်းရှိရာတွင် ကုမ္ပဏီစုစုပေါင်းမှာ ၄၅၉၁၀ သာရှိသဖြင့် အလွန်ပင်နည်းပါးနေသည်ဟု ဦးအောင်နိုင်ဦးက ဆိုသည်။ တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် အဆိုပါတိုင်းပြည်၌ ကုမ္ပဏီမည်မျှရှိသည်ကို ကြည့်၍ တိုင်းတာခြင်းဖြစ်သည်ဟု ဆိုသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၀၉) (1 .5) | 9F | ၉၅ သိန်း | 1 .5 ဓာတ်ဆီ |
| ၂။ | နီဆန်းအေဒီဗင် (၂၀၀၉) | 5E | ၉၀ သိန်း | 1 .3 ဓာတ်ဆီ |
| ၃။ | ဒီမီယို (၂၀၀၉) | 2E | ၇၈ သိန်း | 1 .3 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ် (၂၀၀၃) | 3G | ၂၁၀ သိန်း | 3.0 ဓာတ်ဆီ |
| ၅။ | ကရောင်း/ဆလွန်း (၂၀၀၄) | 7H | ၁၆၀ သိန်း | 1 .8 ဓာတ်ဆီ |
| ၆။ | နီးဆန်း (နတ်) (၂၀၀၉) | ယာယီ | ၁၁၅ သိန်း | 1 .5 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၂၇ သိန်း | 1 .3 ဓာတ်ဆီ |
| ၈။ | ကိုရိုလာဗင် (၂၀၀၀) | 5H | ၁၁၅ သိန်း | 1 .5 ဓာတ်ဆီ |
| ၉။ | ပါဆို (၂၀၀၉) | 9I | ၈၅ သိန်း | |
| ၁၀။ | အပ်ကား (နှစ် ၂၀) | | ၆၅ သိန်း | |

## ဩဂုတ်လရဲ့ မန္တလေး-မူဆယ်ကုန်စည်သယ်ယူခနှုန်းထားများ

မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခနှုန်းများကို ကြည့်လျှင် ဩဂုတ်လ ဒုတိယပတ်မှစပြီး ပို့ကုန်သယ်ယူခများတဖြည်းဖြည်း ကျဆင်းသွားခဲ့ပြီး သွင်းကုန်ပစ္စည်း မြေဆီသယ်ခမှာ နောက်ဆုံးပတ်တွင် ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ ဝါတွင်းကာလနဲ့ မိုးတွင်းကာလများတွင် ကုန်စည်ပို့ဆောင်ရေး နည်းပါးတတ်ပြီး ကုန်တင်ပို့ခတွေလည်း ကျဆင်းလာတတ်ပါတယ်။မြန်မာနိုင်ငံက လယ်ယာထွက်ကုန် ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာများ၊ ကြက်သွန်၊ နနွင်းတက်၊ ရေထွက်ကုန်ကဏန်း၊ ငါးရှဉ့်၊သစ်သီးဝလံ၊ သကြား၊ သီဟိုဠ်စေ့နဲ့ ဝါ အစရှိတဲ့ ကုန်ပစ္စည်းများကို ပုံမှန်တင်ပို့နေရပြီး တရုတ်နိုင်ငံမှ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုးနဲ့ စားသောက်ကုန်များ၊ လူသုံး/အိမ်သုံးပစ္စည်းအမျိုးမျိုးတို့ စီးဆင်းမှုရှိကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများထံမှ သိရပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

| ပို့ကုန် | ၁-၈-၂၀၁၅ မှ ၇-၈-၂၀၁၅ ထိ | ၈-၈-၂၀၁၅ မှ ၁၄-၈-၂၀၁၅ထိ | ၁၅-၈-၂၀၁၅ မှ ၂၁-၈-၂၀၁၅ထိ | ၂၂-၈-၂၀၁၅ မှ ၂၈-၈-၂၀၁၅ ထိ |
|---|---|---|---|---|
| ပြောင်း | ၅၃-၅၂ | ၅၃-၄၃ | ၃၀-၂၈ | ၂၅-၂၄ |
| ဆန် | ၅၆-၅၄ | ၅၄ | - | - |
| ပဲ | ၅၅-၅၄ | ၅၄-၄၉ | ၅၄-၄၉ | ၂၇-၂၆ |
| နှမ်း | ၅၅-၅၃ | ၅၅-၅၃ | ၄၀-၃၇ | ၃၆-၃၀ |
| ရော်ဘာ | ၅၇-၅၄ | ၅၄-၄၇ | ၄၀-၃၀ | ၃၀-၂၄ |
| သွင်းကုန် | | | | |
| မြေဆီ | ၃၁ | ၂၈-၃၅ | ၄၀-၅၅ | ၅၅-၅၇ |

**မော်မော်အောင်**

သင့်ကျန်းမာရေး

# အရေပြားပင့်ကူရှပ်ခြင်း (Spider Bits)

ဒေါက်တာလွင်သန့်

*မေး။ ။အရေပြားပင့်ကူရှပ်ရင် အရေးကြီးတတ်ပါသလားဆရာ။ ဘယ်လိုကုစားသင့်ပါသလဲ။*

*ဒေါ်နီနီ (ကျုံပျော်)*

***ဖြေ။*** ပင့်ကူအမျိုးနှစ်မျိုးက ကြောက်စရာကောင်းတယ်။ အန္တရာယ်ပေးနိုင်ပါတယ်။ တစ်မျိုးက ပင့်ကူနက်နဲ့ နောက်တစ်မျိုးက ပင့်ကူအညို (Brown) ဖြစ်တယ်။ ပင့်ကူအနက်ရဲ့ဗိုက်ကိုကြည့်ရင် ဖန်သဲနာရီလို ပုံသဏ္ဌာန်မျိုး အနီကွက်လေးတွေတွေ့ရတယ်။ ယင်းပင့်ကူမျိုးဟာ နွေးထွေးတဲ့ရာသီဥတုရှိတဲ့နေရာတွေမှာ အတွေ့ရများတယ်။

**ပင့်ကူနက်။** ပင့်ကူနက်အကိုက်ခံရရင် အကိုက်ခံရတဲ့နေရာမှာ သိပ်နာကျင်မှုရှိပြီး၊ ကြွက်သားတွေပါ တစ်ဆက်တည်းနာလာတယ်။

ပင့်ကူညို။ ပင့်ကူညိုကိုက်ရင် အကိုက်ခံရတဲ့နေရာမှာ နာမယ်။ အရည်ကြည်ဖု ထွက်မယ်။ အရေပြားမှာ ခရမ်းရောင်ချပ်မြင်တွေ့ရမယ်။

**ပင့်ကူနက်ကိုက်ခံရသည့်လက္ခဏာများ။** ပင့်ကူနက်ကိုက်ခံရတဲ့နေရာမှာ တုံ့ပြန်မှုလက္ခဏာ ချက်ချင်းမပြသေးဘဲရှိတယ်။ အကိုက်ခံရတဲ့ ပင့်ကူရဲ့အမျိုးအစားမခွဲခြားနိုင်သေးခင် လူနာရဲ့ ရာဇဝင်နဲ့တွေ့ရှိတဲ့ လက္ခဏာမူတည်ပြီး ရောဂါသတ်မှတ်ချက် ယူရမှာဖြစ်တယ်။ ပင့်ကူနက်ကိုက်လို့တွေ့ရမယ့်ရောဂါလက္ခဏာများကတော့ အကိုက်ခံရတဲ့နေရာမှာ အရေပြားရဲ့ တုံ့ပြန်မှုလက္ခဏာပိုပြီး မှတ်မှတ်သားသားမရှိဘူး။ စူးရှတဲ့နာကျင်မှုရှိတယ်။ မီးလိုပူတဲ့နာကျင်ခြင်းမျိုး ၁၅ မိနစ်မှ တစ်နာရီအတွင်းဖြစ်ပေါ်လာမယ်။ နောက်နာကျင်မှုဟာ တဖြည်းဖြည်း ပြင်းထန်ကျယ်ပြန့်လာပြီး၊ ဆိုးရွားလာမှာဖြစ်တယ်။ ပင့်ကူရဲ့အဆိပ်ဟာ အရေပြားပေါ်ပျံ့နှံ့ရုံမက အာရုံကြောအထိပါ အဆိပ်ပျံ့ပြီး ကြွက်သားများ ပြင်းထန်နာကျင်စေကာ အကြောသေသွက်ချာပါဒဖြစ်စေတယ်။

**ပင့်ကူညိုကိုက်ရင်။** ပင့်ကူအကိုက်ခံရပြီးပြီးချင်း နာကျင်မှုသိပ်မသိသာဘူး။ အကိုက်ခံရပြီး ၂နာရီမှ၈နာရီလောက်အကြားမှာ၊ နာကျင်မှုမသိမသာထင်ရှားလာမယ်။ အကိုက်ခံရတဲ့နေရာမှာ အရည်ကြည်ဖုဖြစ်လာမယ်။ အကိုက်ခံရတဲ့ အရေပြားတစ်ဝိုက်မှ အရေပြားအရောင်ဟာ ခရမ်းရောင်ချပ်ပြင်ဖြစ်ပြီး အရေပြားအသား၊ အာရုံကြောစတဲ့ ဇီဝကလပ်စည်းအစုဟာ ခမ်းခြောက်ပျက်စီးခြင်းအထိဖြစ်တတ်ပါတယ်။

ချမ်းတုန်ခြင်း၊ ဖျားခြင်း၊ ဝေဒနာခံစားရမယ်။ အသက်အရွယ်ငယ်သူများနဲ့ ကလေးမှာပိုခံစားရတတ်တယ်။

**ကုသခြင်း။** (ပင့်ကူနက်အတွက်) အကိုက်ခံရတဲ့နေရာကို ရေခဲကြပ်ထုပ်ကပ်ပေးရမယ်။ ကယ်လဆီယမ်လူကိုနိတ် ၆နာရီခြားတစ်ကြိမ်၊ အကြောထဲထိုးပေးရမယ်။ ဆေးရုံပို့ပြီး ကုသမှုခံယူရမယ်။ ဆေးမထိုးမီအင်တီဗီနွန်နဲ့ တည့်မတည့် စမ်းသပ်ပြီးထိုးနိုင်တယ်။

(ပင့်ကူညိုအတွက်) အကိုက်ခံရတဲ့နေရာကို ရေခဲကြပ်ထုပ်ထိုးရမယ်။ ဆေးရုံပို့ခြင်း၊ ဆေးကုသမှုခံယူရမယ်။ အသားဆေးပရီနယ်စလုံးထိုးနိုင်တယ်။ တစ်နေ့ ပရက်နီစလုံး(၃) ရက်ပေးပြီး တဖြည်းဖြည်းနှစ်ရက်တစ်ကြိမ်(၁၀) မီလီဂရမ်လျှော့ပေးရမယ်။

ပင့်ကူကိုက်ခံရတဲ့နေရာကို လှီးထုတ်ဖယ်ရှားခြင်းဖြင့် အသားအရေပုပ်ပွပျက်စီးခြင်းမျိုး ကာကွယ်နိုင်ပါတယ်။

**နောက်ဆက်တွဲကုသခြင်း။** ပင့်ကူညိုအကိုက်ခံရလို့ အသားအရေပုပ်ပွပျက်စီးသွားတဲ့အတွက် ခွဲစိတ်ကုသခြင်းနဲ့ လှီးထုတ်ဖယ်ရှားပြီး၊ အရေပြားအစားထိုးကုသခြင်းနဲ့ ပြုပြင်နိုင်ပါတယ်။

**သုံးသပ်ချက်။** ပင့်ကူရှပ်ခြင်းဆိုပြီး လျှော့တွက်လို့မရဘူး။ ပင့်ကူရဲ့အဆိပ်က အရေပြားပေါ်ပျံ့နှံ့ရုံမကဘဲ၊ အာရုံကြောတွေပါ အဆိပ်ပြန့်ပြီး ကြွက်သားများ ပြင်းထန်နာကျင်ခြင်းဖြစ်ကာ အကြောသေ သွက်ချာပါဒပါ ဖြစ်နိုင်ပါတယ်။ ဝမ်းဗိုက်ပြင်မာကျောပြီး ပြင်းထန်စွာ နာကျင်မှုဖြစ်လာတာဟာ လူနာအနေနဲ့ အူအတက်ရောင်သလို ခံစားရတတ်တယ်။ ဝေဒနာကြောင့် သတိလက်လွတ် သွေးလန့်ခြင်း၊ ကလေးများအသက်အန္တရာယ်ရှိကာ ဒုက္ခပေးနိုင်ပါတယ်။

# အိပ်ရေးမဝသည့်ကလေးငယ်များသည် အစားအစာကို လိုအပ်သည်ထက် ပိုမိုစားသောက်တတ်သည်ဟုဆို



အိပ်ရေးမဝသည့် ကလေးငယ်များသည် အစားအစာကို လိုအပ်သည်ထက် ပိုမိုစားသောက်တတ်ကြောင်း လေ့လာချက်တစ်ရပ်အရ သိရှိရကြောင်း ရိုက်တာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

တစ်နေ့လျှင် အိပ်စက်ချိန် ၁၁ နာရီထက်လျော့နည်း၍ အိပ်စက်သည့် အသက်ငါးနှစ်အောက် ကလေးငယ်များသည် မုန့်ပဲသွားရည်စာများကို သာမန် အိပ်ရေးဝသည့် ကလေးငယ်များထက် ပိုမိုစားသောက်တတ်ကြောင်း International Journal of Obesity တွင် ဖော်ပြထားသည်။

မူကြိုအရွယ် ကလေးငယ်များသည် တစ်နေ့လျှင် ၁၁နာရီမှ ၁၂နာရီကြာ အိပ်စက်ဖို့လိုအပ်ကြောင်း၊ ထိုကဲ့သို့ အိပ်ချိန်အပြည့်အဝမအိပ်ပါက အဝလွန်သည့်ရောဂါများ ရရှိနိုင်ကြောင်း The Centers for Disease Control and Prevention က ဝေဖန်ထောက်ပြခဲ့သည်။

“အသက် ငါးနှစ်အောက်ကလေးငယ်တွေရော၊ ငါးနှစ်အထက်ကလေးငယ်တွေအပါအဝင် လူငယ်တွေအားလုံး အိပ်ချိန်အပြည့်အိပ်ဖို့ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူမှုပတ်ဝန်းကျင်နယ်ပယ်မှာ အဝလွန်တဲ့ရောဂါဟာ မျိုးရိုးလိုက်တဲ့ရောဂါတစ်ခုလိုဖြစ်လာပြီး ဈေးပေါပေါနဲ့ရနိုင်တဲ့ ကယ်လိုရီလွန်ကဲတဲ့အစားအစာတွေကို စားနေကြလို့ပါပဲ။ အဲဒီလိုစားသောက်နေကြတဲ့အတွက် ကလေးငယ်တွေဟာ အဝလွန်ခြင်းရောဂါကို မျိုးရိုးစဉ်ဆက်အလိုက်ခံစားနေရလို့ပါပဲ”ဟု လန်ဒန်ယူနီဗာစီတီကောလိပ်မှ သုတေသနအရာရှိ လော်ရာမက်ခ်ဒေါ်နယ်က ပြောကြားခဲ့သည်။

ယခင် လေ့လာချက်များတွင် အအိပ်အနေနည်းပါးပါက အဝလွန်ခြင်းနှင့် ခန္ဓာကိုယ်အလေးချိန်မြင့်တက်လာခြင်းတို့ကို ဖြစ်စေနိုင်သည်ဟု သိရှိခဲ့ကာ ကယ်လိုရီတိုးပွားလာမှုကို နေ့စဉ်ရရှိနေ မည်ဆိုသည်ကိုမူ ထည့်သွင်းတွက်ချက်ခဲ့ခြင်း မရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ **မယ်သီတာ**

# လမ်းလျှောက်သွားလာနေစဉ် အစားအသောက်များ စားသောက်ခြင်းသည် ခန္ဓာကိုယ်အလေးချိန် ပိုမိုတိုးလာနိုင်

လမ်းလျှောက်သွားလာနေစဉ် အစားအသောက်များ စားသောက်ခြင်းသည် ခန္ဓာကိုယ်အလေးချိန်ကို ပိုမိုတိုးတက်လာစေနိုင်ကြောင်း စိတ်ပညာဆိုင်ရာ ကျန်းမာရေးဂျာနယ်တွင် ဖော်ပြထားသည်။

အထူးသဖြင့် ဓာတ်စာများစား၍ ခန္ဓာကိုယ်အလေးချိန်လျှော့ချသူများသည် ကိုယ်အလေးချိန် အမြန်ဆုံးလျှော့ကျရန်အတွက် သွားလာလှုပ်ရှားရင်း အစားအသောက်များကို စားသောက်ကြကြောင်း၊ ၎င်းတို့ယူဆထားသည်မှာ လှုပ်ရှားခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ ကယ်လိုရီများကို လောင်ကျွမ်းစေသဖြင့် ယခုကဲ့သို့ လမ်းလျှောက်ရင်း သို့မဟုတ် လှုပ်ရှားရင်းဖြင့် အစားအသောက်များကို စားသောက်နေကြကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည်လွဲမှားသော အယူအဆများပင်ဖြစ်ကြောင်း အဆိုပါဂျာနယ်တွင် ဖော်ပြထားသည်ဟုဆိုသည်။

ယူကေရှိ ဆယ်ရီတက္ကသိုလ်မှပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ လမ်းလျှောက်နေစဉ်၊ လှုပ်ရှားနေစဉ် အစားအသောက်များ စားသောက်ခြင်းသည် သာမန်အချိန်တွင် စားသောက်ခြင်းထက် ပိုမို စားသောက်စေတတ်ကြောင်း၊ ထို့ပြင်စားသုံးလိုက်သည့် အစားအစာများသည်လည်း အတိုင်းအဆမရှိ ဖြစ်တတ်သဖြင့် အဝလွန်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထိုကဲ့သို့ လှုပ်ရှားရင်း စားသောက်သည့်ပမာဏသည် တီဗွီကြည့်ရင်း သူငယ်ချင်းများနှင့် အွန်လိုင်းပေါ်တွင် စကားပြောရင်းစားသောက်သည့် ပမာဏထက် ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်းဖြင့် ဖော်ပြထားသည်။

“လမ်းလျှောက်ရင်း အစား စားတာတွေဟာ ခန္ဓာကိုယ်မှာ ဆာလောင်မွတ်သိပ်မှုကို ပိုပြီးဖြစ်စေတဲ့အတွက် ပိုပြီးစားဖြစ်ပါတယ်။ အဲဒီလိုစားတဲ့အတွက် အဝလွန်မှုကို ပိုပြီးဖြစ်စေပါတယ်။ အထူးသဖြင့် လမ်းလျှောက်ရင်း၊ လှုပ်ရှားရင်းနဲ့ အစားစားရင် ကိုယ်အလေးချိန်ပိုပြီး လျှော့ကျစေတယ်ဆိုတဲ့ ကိုယ်အလေးချိန် လျှော့ကျချင်တဲ့သူတွေရဲ့ လွဲမှားတဲ့အယူအဆကြောင့် ကိုယ်အလေးချိန် မလျှော့ကျတဲ့အပြင် အဝလွန်မှုနဲ့ ကယ်လိုရီမြင့်တက်မှုကိုပါ ပိုပြီးဖြစ်စေပါတယ်”ဟု သုတေသနပညာရှင်အဖွဲ့က ထုတ်ဖော်ရေးသားခဲ့သည်။

**မယ်သီတာ**




## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း


### ၇-၉-၂၀၁၅ မှ ၁၃-၉-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** စွန့်စားရသောစီးပွားရေးလုပ်ငန်းများသည်မသေချာမရေရာကြောင်းမိတ်ကောင်းဆွေကောင်းများက အကြံပေး၍တားမြစ်သော်လည်း မိမိ၏လောဘစိတ်၊ မခံချင်စိတ်တို့ကြောင့် မဆုံးဖြတ်နိုင်ဘဲ စွန့်စားမိတတ်သည်။ စားသောက်ကုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအကျိုးရှိနေတတ်ပါသည်။ အချစ်ရေးတွင် အဝေးရောက်ချစ်သူအတွက် ပူပန်နေရတတ်သည်။ ကျန်းမာရေးတွင် လေထိုးလေအောင့်ဝေဒနာခံစားတတ်ပါသည်။

**ယတြာ။ သံဃာတော်အား ဆွမ်းလောင်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** ရည်ရွယ်ချက်နှင့် မျှော်လင့်ချက်တို့တွင်လူတော်တစ်ယောက်ဖြစ်အောင် ကြိုးစားလုပ်ဆောင်မည်ဟု ဆုံးဖြတ်ထားတတ်သည်။ စီးပွားရေးလုပ်ငန်းတွင် အမှန်တရားကို လက်ကိုင်ဆောင်ရွက်နေတတ်သည်။ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေးအကျိုးဆောင်လုပ်ငန်းများအဆင်ပြေနေလိမ့်မည်။ အချစ်ရေး တွင် ထင်သလောက်မကောင်းသေးပါ။ လှည့်ဖြားတတ်သော အချစ်၊ ဟန်ဆောင်ကောင်း သောအချစ်များနှင့်တွေ့ရတတ်သည်။ ကျန်းမာရေးတွင် အနည်းငယ်ချူချာနေ တတ်သည်မှအပ ကြီးမားသော ရောဂါမရှိတတ်ပါ။

**ယတြာ။ မိမိမွေးနေ့ထောင့်ဘုရားတွင် ရေသက်စေ့သပ္ပာယ်ပါ။**



**အင်္ဂါသားသမီးများအတွက်** မိမိလုပ်ကိုင်ဆောင်ရွက်သောစီးပွားရေးတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ညီသည့်အခါ စိတ်ဓာတ်ကျနေတတ်သည်။ ဘာသာရေး လုပ်ကိုင်နေသည်မဟုတ်သဖြင့် စီးပွားရေးကို စီးပွားရေးနှင့်တူအောင် လုပ်ကိုင်ဆောင်ရွက်ရာတွင် တိုးတက်အောင်မြင်နိုင်ပါသည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးသာယာချမ်းမြေ့ပါမည်။ ယာဉ်အမျိုးမျိုးရောင်းဝယ်ရေး အကျိုးပေးနေတတ်ပါသည်။ ကျန်းမာရေးတွင် ပတ်ဝန်းကျင်အမြင်အရကောင်းနေတတ်သော်လည်း သင့်ရင်ထဲတွင်နေထိုင်မကောင်းဖြစ်နေတတ်သည်။

**ယတြာ။ ဘုရားတွင် ထီးအနီတစ်လက်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် ဆွေမျိုးညီအကိုမောင်နှမများနှင့် တိုင်ပင်ညှိနှိုင်း၍လုပ်ကိုင်ဆောင်ရွက်ရန်အကြံအစည်များ ဖြစ်ပေါ်လာတတ်ပါသည်။ လူမှုရေးနှင့် စီးပွားရေးတို့တွင်အခြေအနေကောင်းမွန်လာတတ်သည်။ လက်မှုပညာဖြစ်သော ကျောက်စီပန်းချီကားများ ပြည်ပရောင်းဝယ်ရေးအထူးအောင်မြင်နေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်ပြောင်းရွှေ့ရခြင်း၊ ရာထူး တက် ခြင်းရှိမည်။ အချစ်ရေးတွင်အကောင်းအဆိုးတစ်ဝက်စီဖြစ်နေမည်။ အိမ်ထောင်ရှိလျှင် မိမိ မိသားစုဘဝအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေမည်။

**ယတြာ။ ပရိယတ္တိစာသင်တိုက်တွင် အမိုးအကာထည့်ဝင်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းခွင်၌ ကျွမ်းကျင်နေမည်။ စီးပွားရေးအတွက် နည်းပညာများတိုးတက်ကောင်းမွန်လာတတ်ပါသည်။ အရောင်းအဝယ်တွင် ဈေးကွက်ဝင်အောင်ဆောင်ရွက်ရလိမ့်မည်။ ရေနှင့် ရေထွက်ပစ္စည်းများအကျိုးပေးကောင်းလိမ့်မည်။ အချစ်ရေးတွင် သိက္ခာတရားထိန်းသိမ်းမှု အားနာတတ်မှုတို့ကြောင့် ပြဿနာများရှိလာတတ်သည်။ ကျန်းမာရေးတွင် သတိလက်လွတ်သွားလာစားသောက်ခြင်းတို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေတတ်ပါသည်။ ကြီးမားသောဝေဒနာမခံစားရပါ။

**ယတြာ။ ဘုရားတွင် ဆီမီးပူဇော်၍ ဂုဏ်တော်ရွတ်ဆိုပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် လေလံအပြိုင်ဆွဲရသော အကြောင်းများ ပေါ်ပေါက်လာတတ်သည်။ အောင်မြင်နိုင်ပါသည်။ သံထည်ပစ္စည်းကြေးနီ၊ သတ္တုပစ္စည်းများ ရောင်းဝယ်ရေး အမျိုးမျိုးအကျိုးပေးတတ်ပါသည်။ စီးပွားရေးအတွက်အရင်းအနှီးများ ကူညီထောက်ပံ့မှုများလည်းရတတ်ပါ သည်။ အချစ်ရေးတွင် မထင်မှတ်သူနှင့် ချစ်သူအဖြစ်သမုတ်ခံရတတ်ပါသည်။ အိမ်ထောင်ရှိလျှင် စီးပွားရေးအတွက် ကြိုးစားနေရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အသည်းတွင်ဖြစ်သော ဝေဒနာ အစာအိမ်နှင့်ပတ်သက်သောဝေဒနာတို့ သတိထားရတတ်ပါသည်။

**ယတြာ။ သံဃာတော်အားဝိနည်းစာအုပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် သိုသိုသိပ်သိပ်နှင့် အောင်မြင်မှုများရရှိနေရတတ်သည်။ ဥယျာဉ်ခြံမြေ စိုက်ပျိုးရေး နှင့်ပတ်သက်သောစီးပွားရေးအထူးအောင်မြင်လိမ့်မည်။ အရာရာကို သံသယထားတတ်၊ ဆုံးဖြတ်ချက်ချမည်ဆိုလျှင် မပြတ်သားခြင်းတို့ကြောင့် ယုံကြည်ချက် အားနည်းလာတတ်သည်။ အချစ်ရေးတွင် ချစ်သူပေါ်သော်လည်း သိပ်အကောင်းကြီးတော့မဟုတ်ပါ။ အိမ်ထောင်ရေးမှာတစ်ယောက်တစ်မျိုးစီဖြစ်နေတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်နှင့် အနေအထိုင်ကို ဆင်ခြင်သင့်ပါ သည်။ ထူးကဲသောဝေဒနာများ မရှိပါ။

**ယတြာ။ သံဃာတော်အား ထီး၊ ဖိနပ်လှူပါ။**

# နယ်စပ်စခန်းများမှ သစ်သီးဝလံ ပုံမှန်တင်သွင်းသလို ပုံမှန်တင်ပို့လျက်ရှိ

သစ်သီးဝလံပေါ်များတဲ့ မိုးတွင်းကာလဖြစ်လို့ နယ်စပ်စခန်းအသီးသီးမှ တင်ပို့တဲ့ သစ်သီးဝလံတွေရှိသလို တင်သွင်းလာတဲ့ သစ်သီးတွေလည်းရှိနေကြပါတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကနေ တရုတ်ပြည်ကို ကန်ဒေါ်လာ ၇၇၂၅၇ တန်ဖိုးရှိတဲ့ ဖရဲသီး ၇၄၅ တန်နဲ့ ကန်ဒေါ်လာ ၇၉၁၆၈ တန်ဖိုးရှိတဲ့ နာနတ်သီး ၄၅၂ တန်ခွဲ တင်ပို့နိုင်ခဲ့သလို တရုတ်ပြည်ကနေ ပန်းသီး၊ ပန်းသစ်တော်နဲ့ လိမ္မော်သီး ၄၇၅၀ တန်ကို ကန်ဒေါ်လာ ၂ ဒသမ ၀၁၉ သန်းဖိုး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၁၆၁၂၃၀ တန်ဖိုးရှိပန်းသီး၊ လိမ္မော်သီး၊ နာနတ်သီး၊ စပျစ်သီး၊ ပန်းသစ်တော်သီး၊ နဂါးမောက်သီး၊ ရေငန်းသီး၊ နန်းမြားသီး၊ ကြက်မောက်သီး၊ မန်ကျည်းသီးအချို့နဲ့ အစေ့လွတ် မာလကာသီးတို့ကို တန်ချိန် ၇၀၀ ကျော်ထိ တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

# စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးရာသီပေါ်မျှစ်များကြောင့် ဒေသခံတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ယခုကဲ့သို့ မိုးရာသီမှာ မျှစ်များလှိုင်လှိုင်ပေါ်ပြီဖြစ်၍ မျှစ်များပေါက်ရာ စပယ်၊ နံ့သာ၊ ဇင်း၊ ဘော၊ ဂါးထာ၊ လွှဲဆိပ်အစရှိတဲ့ရွာများ ပတ်ဝန်းကျင် ဝါးတောများမှာ ဒေသခံများ သွားရောက်မျှစ်ချိုးကြရာ တစ်ရက်တစ်ဦးလျှင် မျှစ်အချိန် ၁၀ မှ အချိန် ၂၀ အထိ ရရှိနေပါတယ်။

ပေါ်ကာစ မျှစ်အစို တစ်ပိဿာလျှင် လက်လီဈေး ၂၀၀၀ ကျပ်အထိ ရောင်းချကြရပြီး၊ ယခုအချိန် မျှစ်လှိုင်လှိုင် ပေါ်ပြီဖြစ်လို့ မျှစ်အစို တစ်ပိဿာ ၃၅၀ ကျပ်ဈေးဖြင့် ဖောက်သည်ဈေးသွင်းကြရပါတယ်။ လက်လီဈေးကတော့ ၅၀၀ ကျပ်ဈေးအထိကျဆင်းလာပါတယ်။ မျှစ်ပြုတ်တစ်ပိဿာကတော့ ၆၀၀ ကျပ်ဈေးရှိပါတယ်။ မျှစ်လှိုင်လှိုင်ပေါ်ချိန် မျှစ်အစိုများကိုပြုတ်ပြီး ပါးပါးလှီး၍ အခြောက်လှမ်းရင် မျှစ်အစိုတစ်ပိဿာကို မျှစ်အခြောက် တစ်ဆယ်ကျပ်သား ကျော်ကျော်ရပါတယ်။ မျှစ်အခြောက်တစ်ပိဿာကိုတော့ ၄၀၀၀ ကျပ်ဈေးခန့် ပေါက်ဈေးရှိပါတယ်။

မျှစ်အစိုများ ရှားပါးသွားချိန်မှာ မျှစ်ခြောက်ဈေးကောင်းလာတတ်စမြဲမို့ ပွဲရုံများမှ မျှစ်ခြောက်များကိုလည်း တွင်တွင်ကျယ်ကျယ် ဝယ်ယူလျက်ရှိပါတယ်။ မျှစ်ခြောက်ကို အသားတစ်မျိုးမျိုးနဲ့ ရောနှောချက်ပြုတ်စားသောက်ပါ တယ်။

ကန့်ဘလူဒေသသို့ အလည်အပတ်လာရောက်သူများ ကန့်ဘလူရောက် အမှတ်တရ အိမ်အပြန် လက်ဆောင်ဒေသအစားအစာ မျှစ်ခြောက်ကို ဝယ်ယူသွားတတ်ကြပါတယ်။ အကြောင်းကား ကန့်ဘလူမျှစ်က လုံးဝခါးသက်ခြင်းမရှိဘဲ အခြားဒေသထွက် မျှစ်များနဲ့မတူအောင် အချိုအစိမ့်ဓာတ်ပါဝင်သောကြောင့်ဖြစ်ပါတယ်။ အချို့ကန့်ဘလူမျှစ်ကို ခံတွင်းတွေ့ကြသဖြင့် တစ်နှစ်စာ ဝယ်ယူသွားကြကြောင်းလည်း သိရပါတယ်။

**စောမောင်-ကန့်ဘလူ**

# ယင်းမာပင်ရဲ့ အသား၊ ငါးဈေးကွက်

လူသားတို့၏ စားသောက်ရပ်တည်မှုအတွက် အသား၊ ငါး၊ ပဲ၊ ဟင်းသီးဟင်းရွက် အစရှိသည်တို့သည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အလျောက် ဈေးကွက်သည်မည်သည့်အချိန်မှ ကွယ်ပျောက်သွားမည်မဟုတ်ဘဲ နေ့စဉ်ဖြစ်ပေါ်နေမှာ သေချာပြီး ဒေသမတူတဲ့အတွက် ဈေးနှုန်းကလည်း ပြောင်းလဲမှု အနည်းငယ်ရှိနေနိုင်မှာဖြစ်လို့ ယင်းမာပင်မြို့ရဲ့ အသား၊ ငါးဈေးကွက်ကို ဖော်ပြလိုက်ပါတယ်။

ယင်းမာပင်မှာ မြို့ပေါ်မှာအမဲသတ်ခြင်းမလုပ်ရဘဲ ကျေးရွာတွေမှာသာပြုလုပ်ခွင့်ရပါတယ်။ ယခုအခါ ကြက်၊ ဝက်၊ ဆိတ်၊ ငါး အရောင်းသွက်လျက်ရှိပြီး စီပီကြက်သား တစ်ပိဿာ ၆၀၀၀ ကျပ်၊ အိမ်ကြက် အကောင်လိုက် တစ်ပိဿာ ၆၀၀၀ ကျပ်၊ ခြေ၊ ခေါင်းဖြတ် ၊ကလီဆာထုတ်အသား တစ်ပိဿာ ၈၀၀၀ ကျပ်၊ ဝက်သား တစ်ပိဿာ ၈၀၀၀ ကျပ်-၁၀၀၀၀ ကျပ်၊ ဆိတ်သားတစ်ပိဿာ ၁၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်ဖောက်ကား လျက်ရှိပါသည်။

ယင်းမာပင်ခရိုင်အတွင်းမှာ တောင်ယမားချောင်း၊ မြောက်ယမားချောင်း ဖြတ်သန်းစီးဆင်းနေပေမဲ့ လည်း ချောင်းကရှိတဲ့ ငါးများ ငါးရံ့၊ ငါးခူ၊ ငါးသေးများ အရောင်းအဝယ်နည်းပါးလျက်ရှိပြီး ငါးကြင်း၊ ငါးမြင်း၊ ငါးမုတ် စတဲ့ ငါးကြီးတွေသာ ရန်ကုန်မှ မှာယူကာ အများအပြားရောင်းချလျက်ရှိပါတယ်။ ဖော်ပြပါငါးတွေကို လက်လီဈေး တစ်ပိဿာ ၄၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိပြီး တစ်မိုက်ခန့်ရှိ ငါးရံ့ကလေးများကတော့ တစ်ပိဿာ ၄၀၀၀ ကျပ်နှင့် ခေါင်းဖြတ်ပြီး ၄၈၀၀ ကျပ်လို့ သိရပါတယ်။

**စွမ်းရည်-ယင်းမာပင်**

# ရွှေ့ပြောင်းပျားမွေးမြူရေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် ဆီးစိုက်တောင်သူများစွာရှိပြီး တစ်မြို့နယ်လုံး ဆီးစိုက်ဧက ၆၈၇၃ ရှိတဲ့အတွက် ဆီးတစ်ပင်ပျမ်းမျှ ၅ တင်းနှုန်း တစ်ဧကဆီးအပင်ရေ ၁၀၈ ပင်ကို ပျမ်းမျှတင်း ၅၀၀ ထွက်ရှိပါတယ်။

ဆီးသီးမှည့်ရာသီချိန်တွင် ဆီးသီးကောက်နေလှမ်းလုပ်သားစရိတ် ကြီးမြင့်တာကြောင့် ဆီးသီး တစ်ပိဿာ တန်ဖိုး ၁၀၀ ကျပ်အောက်ဈေးရှိလျှင် ဆီးတောင်သူများ အရှုံးပေါ်တတ်ပါတယ်။

ယခင်တစ်ပတ်ကဆီးတစ်ပိဿာ ၆၀ ကျပ်သာရှိတာကြောင့် တောင်သူများအရှုံးခံရောင်းချရပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ ဆီးတစ်ပိဿာ ၁၁၀ ကျပ်ရှိသဖြင့် ဆီးတောင်သူများ တက်ဈေးမျှော်ရင်း လက်ကျန်ရောင်းချနေကြောင်း သိရှိရပါတယ်။

ပြောင်းရွှေ့ပျားမွေးမြူရေးသမားများကလည်း ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်တွေမှာ နွေနှမ်း၊ မိုးနှမ်းတွေ ရိတ်သိမ်းပြီးတာကြောင့် ဆီးပန်းတွေ ပွင့်ချိန်ရောက်သည့်အတွက် ကနီမြို့နယ်သို့ ပျားမွေးမြူရေးလုပ်ငန်း ပြောင်းရွှေ့လုပ်ကိုင်နေကြပါတယ်။

ယခုပျားရည်ပေါက်ဈေးကတော့ ၄၀ကျပ်သားဝင်ပျားရည်တစ်ပုလင်းကို ၂၅၀၀ ကျပ်နှင့် တစ်ပိဿာခန့်ဝင် ပျားရည်တစ်ဘူးကို ၄၅၀၀ ကျပ်ဖြင့် ရောင်းချကြောင်း သိရှိရပါတယ်။ ပျားမွေးမြူကြသူများ စီးပွားရေးအဆင်ပြေသော်လည်း ဆီးစိုက်တောင်သူများ ပျားများလျှင် အထွက်နည်းကြောင်း ပြောပြကြပါတယ်။

**သန်းပို- ယင်းမာပင်**



# မြို့ကြီးများ၏ ၇-၉-၂၀၁၅ မှ ၁၁-၉-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၇-၉-၂၀၁၅) | အင်္ဂါ(၈-၉-၂၀၁၅) | ဗုဒ္ဓဟူး(၉-၉-၂၀၁၅) | ကြာသပတေး(၁၀-၉-၂၀၁၅) | သောကြာ(၁၁-၉-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၆°C/၉၅°F | တိမ်အသင့်အတင့် ၃၆°C/၉၅°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်ထူထပ် ၃၆°C/၉၅°F | ၃၀% ၃၅°C/၉၄°F |
| မြစ်ကြီးနား | ၉၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| လားရှိုး | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၇၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| လွိုင်ကော် | ၄၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၄၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၆၀% ၂၅°C/၇၇°F | ၆၀% ၂၄°C/၇၅°F | ၈၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၇၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| ဘားအံ | ၇၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| တောင်ငူ | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| မုံရွာ | ၄၀% ၃၃°C/၉၁°F | ၄၀% ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၂°C/၉၀°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မြိတ် | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| စစ်တွေ | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F |
| ဖလမ်း | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၂°F |

## အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား၊ လူရှစ်သိန်းကျော် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရ

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လူ ၂၁ ဦးသေဆုံးခဲ့ရကြောင်း၊ ဒေသခံပြည်သူ ရှစ်သိန်းကျော်မှာ ရေလွှမ်းမိုးမှုများကြောင့် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ဒေးလီးစတားသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ဂူရတ်တီပြည်နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများသို့ လူပေါင်း ငါးသောင်းကျော်ခန့်ရောက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဂူရတ်တီပြည်နယ်မှ တာဝန်ရှိသူများအနေဖြင့် ကယ်ဆယ်ရေးစခန်းပေါင်း ၁၆၈ခုကိုဖွင့်လှစ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုအဆိုးရွားဆုံးဖြစ်ပွားသည့်ကျေးရွာများမှာ ဗြဟ္မပုတ္တရမြစ်နှင့်နီးသည့် ကျေးရွာများ၊ အဆိုပါမြစ်အတွင်းသို့ စီးဝင်သည့်မြစ်ချောင်းအနီးရှိ ကျေးရွာများဖြစ်ပြီး ကျေးရွာပေါင်း ၁၈၀၀ ကျော်မှာ ရေလွှမ်းမိုးမှုကို ခံစားခဲ့ရကြောင်းဖြင့် ဖော်ပြထားသည်။

အဆိုပါ ဗြဟ္မပုတ္တရမြစ်အတွင်းရှိ ကမ္ဘာ့အကြီးဆုံးသောသောင်ဖြစ်သည့် မာဂျူလီသောင်ပေါ်တွင် နေထိုင်ကြသည့် လူဦးရေပေါင်း ၁၂၀၀၀၀ကျော်မှာ ရေလွှမ်းမိုးမှုကို ခံစားခဲ့ရကြောင်း၊ ထို့အပြင် အဆိုပါသောင်ပေါ်တွင်ရှိသည့် Kaziranga အမျိုးသားဥယျာဉ်အတွင်းမှ သားရဲတိရစ္ဆာန်များလည်း ရေလွှမ်းမိုးမှုကို ခံစားခဲ့ရကြောင်း၊ ဆင်၊ ကြံ့၊ ရေမြင်း၊ ကျွဲ၊ သမင်နှင့် အခြားအန္တရာယ်ရှိ တိရစ္ဆာန်ပေါင်း ၂၈၀၀ ကျော်မှာ ဥယျာဉ်အတွင်းမှလွတ်မြောက်လျက်ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်တို့၏ကြားတွင် တည်ရှိပြီး နှစ်စဉ် ဇွန်လမှစက်တင်ဘာလအထိသည် မုတ်သုံရာသီကာလဖြစ်ပြီး မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလေ့ရှိသည့်ဒေသများဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**



## တောမီးများလောင်ကျွမ်းမှုကြောင့် စူမားတြားကျွန်းပေါ်တွင် မီးခိုးငွေ့များ ဖုံးလွှမ်းလျက်ရှိ

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးများ လောင်ကျွမ်းလျက်ရှိရာ အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့များသည် စူမားတြားကျွန်းပေါ်သို့ ရောက်ရှိလာခဲ့ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ မီးခိုးငွေ့များသည် စူမားတြားကျွန်းတောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများ၊ ဂျန်ဘီ၊ မီဒန်၊ Riau နှင့် Aceh ဒေသများသို့ ပျံ့နှံ့ရောက်ရှိနေကြောင်း၊ မီးခိုးငွေ့များ ထူထပ်စွာကျရောက်နေမှုကြောင့် ဒေသခံပြည်သူများ၏ကျန်းမာရေးထိခိုက်လာမည်ကို စိုးရိမ်လျက်ရှိနေကြောင်း၊ ထို့ပြင် အဆိုပါဒေသများရှိ လေယာဉ်ကွင်းများကိုလည်း ပိတ်ထားရသဖြင့် များစွာနစ်နာလျက်ရှိနေကြောင်းဖြင့် ပီကန်ဘာရု မိုးလေဝသ၊ ရာသီဥတုနှင့် ပထဝီအချက်အလက်များဆိုင်ရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပီကန်ဘာရုတွင် မီးခိုးငွေ့များကြောင့် မီတာ ၇၀၀ခန့်အကွာအဝေးကိုသာ သဲသဲကွဲကွဲမြင်ရကြောင်း၊ မီးခိုးငွေ့များကြောင့် အဆိုပါဒေသများတွင် နေထိုင်ကြသည့်ပြည်သူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို ခံစားနေရကြောင်း၊ ယင်းမီးခိုးငွေ့များသည် စူမားတြားနှင့် ပတ်ဝန်းကျင်ဒေသများသို့ပင် ရောက်ရှိသွားနိုင်ကြောင်း၊ အထူးသဖြင့် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အထိပင် ပျံ့နှံ့ရောက်ရှိနိုင်ကြောင်းဖြင့် အဆိုပါအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် ကောင်းကင်ယံတစ်ခုလုံးတွင် မီးခိုးငွေ့များ ထူထပ်စွာကျရောက်နေမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများစွာလျော့ကျခဲ့ရပြီး နိုင်ငံ၏ဝင်ငွေကိုပါ ထိခိုက်ခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကပင် ဖုံးလွှမ်းခဲ့သည့် မီးခိုးငွေ့များကြောင့် စူမားတြားလေဆိပ်ကိုပိတ်ထားခဲ့ရသည့်အတွက် အင်ဒိုနီးရှားရူပြား သန်းပေါင်း ၁၄၀ ခန့်(အမေရိကန်ဒေါ်လာ ၁၀၀၀၀) နစ်နာခဲ့ရသည်ဟု ဆိုသည်။

စူမားတြားကျွန်းလေယာဉ်ကွင်းတွင် နေ့စဉ်နိုင်ငံခြားလေယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် နေ့စဉ် ရူပြား လေးသန်းခန့် ဝင်ငွေများရရှိလျက်ရှိသော်လည်း မီးခိုးငွေ့များကြောင့် အဆိုပါငွေများ နစ်နာဆုံးရှုံးခဲ့ရကြောင်းဖြင့် ဆူဝါစိုပြည်နယ်မှ အကြီးအကဲတစ်ဦးက ပြောကြားခဲ့သည်။

မီးခိုးငွေ့များကြောင့် စက်တင်ဘာလ ၃ ရက်နေ့က လေယာဉ်အစင်း ၂၀ ခန့်ကို ဖျက်သိမ်းခဲ့ရကြောင်း၊ ပြည်သူများအားလည်း အိမ်အပြင်သို့ ထွက်ပါက Mask များ တပ်ဆင်ကြရန် နှိုးဆော်ထားကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.34 Monday September 7 2015

# အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် အပြီးသတ်လူစာရင်းထုတ်ပြန်

၂၀၁၆ အိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏အပြီးသတ် လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ နန်ကျင်းတွင် လေ့ကျင့်ခြေစမ်းရန် စက်တင်ဘာ ၁ ရက်နေ့က ထွက်ခွာသွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် နန်ကျင်းတွင် စက်တင်ဘာလ ၈ ရက်နေ့အထိ နေထိုင်လေ့ကျင့်ကြမည်ဖြစ်ပြီး စက်တင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

အိုလံပစ်အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းတွင် စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦးက တာဝန်ယူမည်ဖြစ်ပြီး နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊လက်ထောက်နည်းပြအဖြစ် ဒေါ်စန်းစန်းသိန်းနှင့် ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်တို့က တာဝန်ယူကြမည်ဖြစ်သည်။

ကစားသမားများအဖြစ် (ဂိုး) မြဖူးငုံ၊ ခင်သီတာအေး၊ သန္တာဦး၊ (နောက်) ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ဇင်မာထွန်း၊ ဇာခြည်ဦး၊ လီလီလှိုင်၊ အေးအေးမိုး၊ (လယ်) စန်းစန်းမော်၊ သန်းသန်းထွေး၊ နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ အေးမျိုးမြတ်၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ (ရှေ့) ရီရီဦး၊ဝင်းသီဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်း၊ နီလာဝင်းတို့ဖြစ်ကြသည်။




မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဂျော်ဒန်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ထိုင်း၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဗီယက်နမ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် တရုတ်(တိုင်ပေ) အသင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါပွဲတွင် အုပ်စုပထမရရှိမှသာ နောက်တစ်ဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

## စိုးရိမ်စိတ်များနေ၍ ဂိုးမသွင်းနိုင်ခြင်းဖြစ်သည်ဟုဆို

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ကူဝိတ်အသင်းကို ဂိုးပြတ် ရှုံးနိမ့်ခဲ့ရပြီးနောက် ပွဲအပြီးပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် မြန်မာကစားသမားများအနေဖြင့် စိုးရိမ်စိတ်များနေ၍ ဂိုးမသွင်းနိုင်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

"ကူဝိတ်အသင်းရဲ့ နိုင်ပွဲအတွက် ဂုဏ်ပြုပါတယ်။ ကျွန်တော်တို့ ကြိုးစားခဲ့ပေမယ့် အရှေ့အလယ်ပိုင်းအသင်းတွေနဲ့ ကွာဟနေဆဲပါပဲ။ ကျွန်တော်စင်ကာပူအသင်းကို တာဝန်ယူခဲ့စဉ်ကလည်း အိုမန်ကို ခုနစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ဖူးပါတယ်။ ဒီနေ့ပွဲရလဒ်အတွက်တော့ စိတ်မကောင်းပါဘူး။ ကူဝိတ်အသင်းဟာ ဘောလုံးပေးပို့မှုတွေကအစ ကောင်းမွန်သလို ရတဲ့အခွင့်အရေးတိုင်းကိုလည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့လည်း အခွင့်အရေးသုံးကြိမ် သေချာပေါက် ဂိုးရဖို့ဖြစ်ခဲ့ပေမယ့် ကစားသမားတွေ စိုးရိမ်စိတ်များနေလို့ တစ် ဂိုးမှမရခဲ့ပါဘူး။သေချာပေါက်အေးအေး ဆေးဆေး ဂိုးသွင်းရမယ့်အချိန်မှာ စိုးရိမ်စိတ်များနေတဲ့အတွက် ကစားသမားတွေ ဂိုးမသွင်းနိုင်တာပါ။ ရာသီဥတုကတော့ ကူဝိတ်ရော မြန်မာအတွက်ပါ အတူတူပါပဲ။ ရာသီဥတုအတွက် ဘာမှ ပြောစရာမရှိပါဘူး"ဟု နည်းပြချုပ်မိုဇစ်က ပြောကြားခဲ့သည်။



# ကမ္ဘာ့ဖလားခြေစစ်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်း ကူဝိတ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်

ကာတာနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပွဲဦးထွက်ပွဲစဉ်အဖြစ် ကူဝိတ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ကူဝိတ်အသင်းက ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အဆိုပါပွဲတွင် အဓိကကစားသမားများကို ပွဲထုတ်၍ ယှဉ်ပြိုင်ကစားခဲ့သော်လည်း နောက်တန်း အားနည်းချက်များကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပထမပိုင်းကစားစဉ်ကတည်းကပင် သုံးဂိုးပြတ် ရှုံးနိမ့်နေခဲ့ပြီး ဒုတိယပိုင်းတွင် ကူဝိတ်အသင်းကသာ ဦးဆောင်ပြီးကစားသွားခဲ့သဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ် သည်။ ကူဝိတ်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်း၏ နောက်တန်းအားနည်းမှုကို အခွင့်ကောင်းယူကာ တန်ပြန်တိုက်စစ်များဖြင့် ကစားသွားခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၆၈ မိနစ်တွင် အောင်ဇော် ဖျက်ထုတ်ပုံကြမ်းတမ်းသည့်အတွက် တိုက်ရိုက်အနီကတ်ပြကာ အထုတ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နည်းပြအေဗရာမိုဗစ်ချ်လက်ထက်တွင် နိုင်ပွဲမရရှိသေးသည့်အပြင် ယခုပွဲတွင်လည်း ဂိုးပြတ်အရှုံးပေးခဲ့ရသဖြင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ်အုပ်စု(ဆ)တွင် ကူဝိတ်၊ တောင်ကိုရီးယား၊ လက်ဘနွန်၊ လာအိုအသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်နေပြီး သုံးပွဲကစားထားပြီးဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု(ဆ)တွင် သုံးပွဲကစား တစ်ပွဲသရေ နှစ်ပွဲရှုံးဖြင့် ရမှတ်တစ်မှတ်သာရရှိထားသေးသဖြင့် အုပ်စုမှတက်နိုင်မည့် အခွင့်အရေးကို လက်လွတ်ရမည့်အခြေအနေတွင်ရှိနေသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်အာရှဖလားပြိုင်ပွဲအတွက်လည်း ခြေစစ်ပွဲဝင်ရမည့်အခြေအနေသို့ ဆိုက်ရောက်နေကြောင်း သိရသည်။

## သိန်းနိုင်ဦးနှင့် ချစ်လှအောင်တို့ကို ကမ္ဘောဇအသင်း စာချုပ်များဖျက်သိမ်း

ကမ္ဘောဇအသင်းသည် အသင်းမှ ကစားသမားနှစ်ဦးဖြစ်သည့် သိန်းနိုင်ဦး နှင့်ချစ်လှအောင်တို့ကို စာချုပ်များဖျက်သိမ်းလိုက်ကြောင်း အသင်း၏ တရားဝင်ဖေ့စ်ဘုတ်ပေ့ချ်မှ သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် "ကမ္ဘောဇဘောလုံးအသင်းအနေဖြင့် အသင်းမှချမှတ်ထားသည့် စည်းကမ်းချက်များ (Code of Conduct) ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့သည့်အပြင် လုပ်ငန်းသဘောတူစာချုပ်ပါသတ်မှတ်ချက်များကို မျှတသောအကြောင်းပြချက်မရှိဘဲ ဖောက်ဖျက်ကျူးလွန် (Just Cause) ခဲ့သည့် ဘောလုံးသမားနှစ်ဦးအား ဩဂုတ် ၃၀ ရက်နေ့ ညနေပိုင်းမှစတင်၍ တစ်ဖက်သတ်စာချုပ်ဖျက်သိမ်းကာ အသင်းမှ ထုတ်ပယ်လိုက်သည်"ဟု ဖော်ပြထားသည်။

"ကျွန်တော်တို့အနေနဲ့ သူတို့ကို ဘာကြောင့် စာချုပ်ဖျက်သိမ်းရတယ်ဆိုတာကိုတော့ အသင်းမှာရှိတဲ့ကစားသမားတွေကိုတော့ အားလုံးပြောပြထားပြီးပါပြီ။ အပြင်ကိုတော့ ထုတ်ပြောမှာ မဟုတ်ပါဘူး"ဟု ကမ္ဘောဇအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

သိန်းနိုင်ဦးသည် ၂၀၁၅ ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် မြန်မာယူ-၂၃ အသင်းတွင် ပါဝင်ကစားခဲ့သူတစ်ဦးဖြစ်ပြီး ချစ်လှအောင်သည် မြန်မာယူ-၁၉ အသင်း၏ကစားသမားဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘောလုံးအသင်းအနေဖြင့် အဆိုပါကစားသမားနှစ်ဦးအား စာချုပ်ဖျက်သိမ်းရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ တရားဝင် အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

## AYA Bank အလွတ်တန်း ဖူဆယ်ပြိုင်ပွဲတွင် MIC အသင်း ဗိုလ်စွဲ




AYA Bank အလွတ်တန်းဖူဆယ်ပြိုင်ပွဲ AYA Bank Futsal Open Cup 2015) တွင် MIC အသင်းက ခေတ္တရာအသင်းကို အပြတ်အသတ်အနိုင်ယူကာ အလွတ်တန်း ဖူဆယ်ချန်ပီယံအဖြစ် သရဖူဆောင်းနိုင်ခဲ့ကြောင်း သိရသည်။

AYA Bank အလွတ်တန်း ဖူဆယ်ပြိုင်ပွဲ၏နောက်ဆုံး ဗိုလ်လုပွဲကို စက်တင်ဘာလ ၁ရက်နေ့က သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံအမှတ်(၁)တွင်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် MIC အသင်းက ခေတ္တရာအသင်းကို ၁၀ ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်သွင်းယူကာ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင်ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အလွတ်တန်း ဖူဆယ်ချန်ပီယံ MIC အသင်းအား ဆုဖလားနှင့်အတူ တစ်ဦးချင်း ရွှေတံဆိပ်နှင့်ဆုကြေးငွေကျပ်သိန်း ၃၀ ကို ချီးမြှင့်ခဲ့သည်။

ဒုတိယရရှိသည့် ခေတ္တရာအသင်းသည် တစ်ဦးချင်းငွေတံဆိပ်ဆုနှင့်ဆု ကြေးကျပ်သိန်း ၂၀ကိုလည်းကောင်း၊ တတိယရရှိသည့် Winner အသင်းသည် တစ်ဦးချင်းကြေးတံဆိပ်ဆုနှင့်ဆုကြေးကျပ် ၁၅ သိန်းကိုလည်းကောင်း စတုတ္ထရရှိသည့် VUC အသင်းသည် ဆုကြေးငွေကျပ် ၁၀သိန်းကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးအသင်းအဖြစ် သတ်မှတ်ခြင်း ခံရသည့် VUC အသင်းအား ဆုကြေး ကျပ်ငါးသိန်း ချီးမြှင့်ခဲ့ကြောင်းသိရသည်။

တစ်ဦးချင်းဆုများအဖြစ် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမား ဆုရရှိခဲ့သည့် Winner အသင်းမှ နံပါတ်(၁၂) ကျော်ထက်အောင်အား ကျပ်သုံးသိန်း ချီးမြှင့်ခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခြင်းခံရသည့် Winner အသင်းမှ နံပါတ်(၁၁)ငြိမ်းမင်းစိုးအား ကျပ်သုံးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။




## ယူအက်စ်အိုးပင်းပြိုင်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် ခြေထောက်ဒဏ်ရာကြောင့် ရှာရာပိုဗာနုတ်ထွက်

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ယူအက်စ်အိုးပင်းပြိုင်ပွဲမစမီ တစ်ရက်အလိုတွင် ညာဘက်ခြေထောက် ဒဏ်ရာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ရသည်။ ဆီရီနာဝီလျံနှင့်ဆီမိုနာဟာလက်တို့၏ နောက်မှ နိုင်ခြေအဆင့် သုံးအဖြစ် သတ်မှတ်ခံထားရသော ရှာရာပိုဗာသည် စက်တင်ဘာ ၁ ရက်နေ့တွင် ကစားရမည့် ဂါဘရီလိုဘာနှင့် ပထမအဆင့်ပွဲစဉ်မတိုင်မီ တစ်ရက်တွင် နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

ရှာရာပိုဗာသည် ပြိုင်ပွဲဝင်ရန်အတွက် နယူးယောက်သို့ပင် ရောက်ရှိနေပြီး ဩဂုတ်၂၉ ရက်နေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သေးသည်။

သို့သော်၎င်း၏လူမှုကွန်ရက် ဝက်ဘ်ဆိုက်မှတစ်ဆင့် ရှာရာပိုဗာက ‘ကံမကောင်းစွာနဲ့ဘဲယူအက်စ်အိုပင်းကို လွဲချော်ခဲ့ရပါပြီ။ ဒီပွဲကိုဝင်ပြိုင်နိုင်ဖို့ ကြိုးစားလေ့ကျင့်လုပ်ဆောင်ခဲ့ပေမယ့် ဖြစ်မလာခဲ့ပါဘူး။ အခုတော့ ရာသီလက်ကျန်ပြိုင်ပွဲတွေမှာ ကျန်းမာကြံ့ခိုင် စွာနဲ့ယှဉ်ပြိုင်နိုင်ဖို့ကိုပဲ အာရုံစိုက်တော့မှာပါ’ဟု ပရိသတ်များအား အသိပေးခဲ့ သည်။

၂၀၀၆ ယူအက်စ်အိုးပင်းပြိုင်ပွဲ ချန်ပီယံ ရှာရာပိုဗာအတွက် ယခုတစ်ကြိမ်နုတ်ထွက်ခဲ့ခြင်းသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ နောက်ဆုံးသုံးကြိမ်တွင် ဒုတိယအကြိမ် နုတ်ထွက်ခဲ့ရခြင်းလည်းဖြစ်သည်။

ရှာရာပိုဗာသည် ဝင်ဘယ်ဒန်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် ဆီရီနာဝီလျံကို ရှုံးနိမ့်ပြီးကတည်းက အနားယူနေရခြင်းဖြစ်သည်။

## ၂၀၁၆ခုနှစ်တွင် လက်ဝှေ့ပွဲတစ်ကြိမ်ထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဟု ပက်ကွီအို ဆို လာမည့်ရွေးကောက်ပွဲတွင် သမ္မတဖြစ်လာရန် ရည်မှန်းချက်ထား



ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုက ၂၀၁၆ခုနှစ်အတွင်း လက်ဝှေ့ပွဲတစ်ကြိမ်ယှဉ်ပြိုင်ထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ပြီး ၂၀၁၆ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူ ဘော့ပ်အာရမ်က ပြောကြားခဲ့သည်။

“ပက်ကွီအိုဟာ လာမယ့်နှစ်မှာ တစ်ကြိမ်ယှဉ်ပြိုင်ထိုးသတ်မှာပါ။ အဲဒီတစ်ကြိမ် ပြီးသွားရင်တော့ လက်ဝှေ့ကြိုးဝိုင်းကို စွန့်ခွာတော့မယ်လို့ ကျွန်တော့ကိုပြောပါတယ်။ သူဟာ လာမယ့်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံပြီး အနိုင်ရဖို့အထိ မျှော်မှန်းထားပါတယ်။ သူဟာ ဖိလစ်ပိုင် သမ္မတဖြစ်လာဖို့အထိ ရည်မှန်းထားတယ်လို့ ကျွန်တော့်ကို ပြောပါတယ်”ဟု ဘော့ပ်အာရမ်က TMZ သို့ ပြောကြားခဲ့သည်။

ပက်ကွီအိုသည် လာမည့်စက်တင်ဘာလ ၁၂ရက်နေ့တွင် ဗြိတိန်လက်ဝှေ့ကျော် အေမီယာခန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ပက်ကွီအိုသည် ပြီးခဲ့သည့်မေလအတွင်းက မေဝဲသားနှင့်ထိုးသတ်ခဲ့သည့်ပွဲတွင် ရှုံးနိမ့်ခဲ့မှုကြောင့် ဝေဖန်မှုများစွာနှင့်ရင်ဆိုင်ခဲ့ရသည်။ ထိုပွဲတွင် ပက်ကွီအိုသည် ၎င်းတွင်ရရှိထားသည့် ဒဏ်ရာကိုအကြောင်းပြကာ ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

အဆိုပါပွဲတွင် ရှုံးနိမ့်ခဲ့ရသော်လည်း အမိနိုင်ငံသို့ပြန်လာသည့် ပက်ကွီအိုအား ဖိလစ်ပိုင်နိုင်ငံသူ နိုင်ငံသားများက အောင်ပွဲရသည့်ပမာ ကြိုဆိုခဲ့ကြသည်။

အသက်၁၄နှစ်အရွယ်ကတည်းက လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့သည့် ပက်ကွီအိုသည် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံရေးလောကသို့ ၂၀၀၇ ခုနှစ်မှ စတင်ခြေချခဲ့သည်။

၎င်းသည် လစ်ဘရယ်ပါတီဝင်တစ်ဦးဖြစ်ပြီး ၎င်း၏ မွေးရပ်မြေမှ ဝင် ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ဘက် အန်န်ပီစီပါတီမှ အန်တိုနီယိုကို ရှုံးနိမ့်ခဲ့သည်။ ထိုစဉ်က ရွေးကောက်ပွဲသို့ဝင်ရောက်ရန် ကြိုတင်ပြင်ဆင်မှုမရှိခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

၂၀၁၀ခုနှစ်တွင်ကျင်းပသည့်ရွေးကောက်ပွဲတွင် ပက်ကွီအိုသည် ကြိုတင်ပြင်ဆင်ခဲ့သဖြင့် ပြိုင်ဘက်ဝါရင့်နိုင်ငံရေးသမားများကို ကျော်ဖြတ်ကာ အနိုင်ရရှိခဲ့သည်။ ၂၀၁၃ခုနှစ်အတွင်းကျင်းပသည့် ရွေးကောက်ပွဲတွင်လည်း ပက်ကွီအို အနိုင်ရရှိခဲ့သည်။

ပက်ကွီအိုသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတစ်ဦးဖြစ်ပြီး ပြည်သူများ၏ လေးစားမှုကိုပါ ခံယူထားသူဖြစ်သဖြင့် ၂၀၁၆ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး သမ္မတအဖြစ်ရွေးချယ်ခံရန် စိတ်ကူးထားခြင်းဖြစ်ကြောင်း ဘော့ပ်အာရမ်က ပြောကြားခဲ့သည်။

## ၂၀၁၅ခုနှစ်အတွင်း ပြောင်းရွှေ့စရိတ်အသုံးစွဲဆုံး လိဂ်ပြိုင်ပွဲအဖြစ် ပရီးမီးယားလိဂ် စံချိန်သစ်တင်

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် ဘောလုံးအသင်းများသည် ယခုနှစ်နွေ ရာသီအပြောင်းအရွှေ့ ကာလတွင် ပြောင်း ရွှေ့စရိတ်များကိုစံချိန်တင်လောက်အောင် သုံးစွဲခဲ့ကြကြောင်းဖြင့် ပြင်သစ်စီးပွားရေးမဂ္ဂဇင်း Deloitte က ထုတ်ဖော်ရေးသားခဲ့သည်။

အင်္ဂလန်ကလပ်အသင်းများသည် ယခုနှစ်နွေရာသီတွင် ပြောင်းရွှေ့စရိတ်အဖြစ် ပေါင်သန်းပေါင်း ၈၇၀ အထိသုံးစွဲခဲ့ကြောင်း၊ အဆိုပါအသုံးစရိတ်သည် ယမန်နှစ်ကသုံးစွဲခဲ့သည့် ပေါင်သန်း ပေါင်း ၈၃၅ သန်းထက် ကျော်လွန်နေသဖြင့် စံချိန်တင်ထားရမည့် အသုံးစရိတ်ပင်ဖြစ်သည်ဟု အဆိုပါမဂ္ဂဇင်းက ထုတ်ဖော်ရေးသားခဲ့သည်။

ပရီးမီးယားလိဂ်ကလပ်အသင်းများအနက် မန်ချက်စတာ စီးတီးအသင်းသည် အပြောင်းအရွှေ့စရိတ်အဖြစ် ပေါင်သန်း ပေါင်း ၁၅၅ ဒသမ ၂သန်းသုံးစွဲခဲ့သဖြင့် အများဆုံးသုံးစွဲခဲ့သည့် ကလပ်အသင်း တစ်သင်းဖြစ်ခဲ့ကြောင်း သိရသည်။ဥရောပဘောလုံးရာသီ၏ အပြောင်းအရွှေ့ကာလကို ဇူလိုင်လ ၁ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၃၁ ရက်နေ့ ည ၁၂နာရီတွင် ပိတ်ခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် အသင်းအတွက် လိုအပ်နေသည့်ကစားသမား ငါးဦးကိုသာ ခေါ်ယူခဲ့ပြီးအဆိုပါကစားသမားငါးဦးအတွက် ပေါင် ၁၅၅ ဒသမ ၂သန်းသုံးစွဲခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ဂျာမန်လိဂ် ဝုဖ်ဘတ်ဂ်အသင်းမှ လူငယ်ကစားသမား ကီဗင်ဒီဘရူနီကို ပေါင် ၅၅သန်းဖြင့် ခေါ်ယူခဲ့သည်။

‘ဒီနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ရဲ့ အသုံးစရိတ်ကတော့စံချိန်တင်သွားပါတယ်။ လာမယ့်နှစ် ဇန်နဝါရီလရဲ့အပြောင်းအရွှေ့ဈေးကွက်ကိုပါ ထည့်သွင်းတွက်ချက်မယ်ဆိုရင် ပေါင် တစ်ဘီလီယံကျော်သွားပါလိမ့်မယ်။ ဒီပမာဏဟာ ငါးနှစ်အတွင်း စံချိန်တင်ရောက်ရှိခဲ့တဲ့ပမာဏ ဖြစ်ပါတယ်”ဟု စီးပွားရေးမဂ္ဂဇင်း Deloitte ၏ အားကစားစီးပွားရေးလုပ်ငန်းအုပ်စုမှ အဲလက်စ်သော့ပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပေါင် ၁၁၂ ဒသမ ၃သန်းဖြင့် ဒုတိယနေရာတွင်ရှိနေပြီး လီဗာပူးက ပေါင် ၁၁၀ ဒသမ ၉ သန်းဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ ချဲလ်ဆီးအသင်းက ပေါင် ၆၉ ဒသမ ၃သန်းဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသော်လည်း အာဆင်နယ်အသင်းမှာမူ ပြောင်းရွှေ့စရိတ် ၁၀ သန်းသာ သုံးစွဲခဲ့ကြောင်း သိရသည်။



## ပေကျင်းကမ္ဘာ့ချန်ပီယံရှစ်တွင် ကင်ညာအသင်း နိုင်ငံအလိုက်ဗိုလ်စွဲ၊ IAAF အလံအား လန်ဒန်မြို့လွှဲယူ



ပြီးခဲ့သည့် ဩဂုတ်လ ၃၀ရက်က ကျင်းပပြီးစီးခဲ့သည့် ၂၀၁၅ ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကင်ညာအသင်းက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ်သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၆ ခုဖြင့် နိုင်ငံအလိုက် ဗိုလ်စွဲသွားခဲ့သည်။

တာလတ်နှင့် တာဝေးအပြေးပြိုင်ပွဲများကိုလွှမ်းမိုးခဲ့သော ကင်ညာအသင်းမှာ နိုင်ငံအလိုက် ပထမနေရာအတွက် ဂျမေကာ၊ အမေရိကန်တို့နှင့် အပြိုင်ဖြစ်နေခဲ့ပြီး နောက်ဆုံးနေ့ပွဲစဉ်တွင် အစ္စဘယ်ကစ်ရော့က မီတာ ၁၅၀၀ ပွဲစဉ်၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သဖြင့် ဗိုလ်စွဲနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အူစိန်ဘို့သ်တစ်ဦးတည်းကပင် ရွှေတံဆိပ်သုံးခု ဆွတ်ခူးပေးခဲ့သော ဂျမေကာအသင်းမှာမူ ကင်ညာကဲ့သို့ ရွှေတံဆိပ်ခုနစ်ခု ရရှိခဲ့သော်လည်း ငွေတံဆိပ်နည်းခဲ့သဖြင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပြိုင်ပွဲသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးဖြစ်သည့် အမေရိကန်အသင်းမှာမူ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခြောက်ခုဖြင့် တတိယသာရရှိခဲ့ပြီး ယခုလို ဆုတံဆိပ် ၁၈ ခုသာ ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၂၀၀၃ ခုနှစ်နောက်ပိုင်း အနည်းဆုံးအရေအတွက်ဖြစ်ခဲ့သည်။ ရွှေတံဆိပ်လေးခုရခဲ့သည့် ဗြိတိန်အသင်းက စတုတ္ထနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

နောက်ဆုံးနေ့ပွဲစဉ်များအပြီးတွင် ငှက်သိုက် အားကစားကွင်းကြီးထဲ၌ပင် ပိတ်ပွဲအခမ်းအနားကို လှပခမ်းနားစွာ ကျင်းပခဲ့သည်။ အခမ်းအနားအပြီးတွင် ၂၀၁၇ ပြိုင်ပွဲ အိမ်ရှင်ဖြစ်သည့် လန်ဒန်မြို့တော်မှတာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့ချုပ်အလံကို လွှဲပြောင်းရယူခဲ့သည်။ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။

# ကမ္ဘာသုံး ISO စံချိန်စံညွှန်းများ

| ဒေါက်တာသစ်သစ်လွင် |




အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ ISO ၏ သမိုင်းကြောင်းမှာ ၁၉၄၆-ခုနှစ်မှ စတင်ခဲ့ပြီး တည်ထောင်ချိန်က အဖွဲ့ဝင် နိုင်ငံအသီးသီးတွင် အသုံးပြုနေသည့်အမျိုးမျိုးသော စံချိန်စံညွှန်းများကို တစ်ဦးနှင့်တစ်ဦး ဖလှယ်၍သုံးစွဲခြင်း စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၅၁-ခုနှစ်မှစ၍ ISO ၏ အပြည်ပြည်ဆိုင်ရာ မူပိုင်စံချိန်စံညွှန်းများကို ပြောင်းလဲရေးဆွဲလာခဲ့ ရာ ယခုအခါ စံချိန်စံညွှန်းပေါင်း ၂၀,၀၀၀ ကျော်အထိ ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာစံများ ရေးဆွဲခြင်းအားဖြင့် နည်းပညာများကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်သည့်အပြင် မိမိ စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်မှုလုပ်ငန်းတွင် အတည်ပြုသုံးစွဲနေပြီးမှ ထိုစံချိန်စံညွှန်းများကို အခြားထုတ်လုပ်သည့် နိုင်ငံများမှ သဘောမတူသောကြောင့် ပြန်လည်ပြင်ဆင်ညှိနှိုင်းရသဖြင့် ဖြစ်ပေါ် နိုင်သည့် နည်းပညာအခက်အခဲနှင့် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပါသည်။ ထို့ကြောင့်ကုမ္ပဏီတစ်ခုချင်း၊ နိုင်ငံတစ်နိုင်ငံချင်း၏ ကိုယ်ပိုင်စံချိန်စံညွှန်းများကို ရေးဆွဲမည့်အစား ကုမ္ပဏီများ နှင့် နိုင်ငံများမှ ပညာရှင်ကိုယ်စားလှယ်များကို ISO သို့စေလွှတ်ပါဝင်စေပြီးနောက် နိုင်ငံတကာမှ လက်ခံသည့် စံချိန်စံညွှန်းအဖြစ် အတည်ပြုချက် ရရှိစေရန်ကြိုးပမ်းပြီးမှ အတည်ပြုပြီးသော စံများကိုသာ မိမိနိုင်ငံ၏ အမျိုးသားစံအဖြစ် လက်ခံကျင့်သုံးခြင်း၊ ကိုးကားခြင်းတို့ ပြုလုပ်လာခဲ့ကြပါသည်။ နည်းပညာမဖွံ့ဖြိုးသော အဖွဲ့ဝင်နိုင်ငံများသည်လည်း စံချိန်စံညွှန်းအသစ်များကို သုတေသနပြု၍ ရေးဆွဲနေရန် မလိုအပ်တော့ဘဲ အတည်ပြုပြီးဖြစ်သော စံများကိုသာ အမျိုးသားစံအဖြစ် လက်ခံကျင့်သုံး ကိုးကားကူးယူခြင်းဖြင့် လွယ်ကူလျင်မြန်စွာ နည်းပညာရရှိနိုင်ပါသည်။

ထို့ကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စံချိန်စံညွှန်းများ သဟ ဇာတဖြစ်အောင် ညှိနှိုင်းရာတွင် လွယ်ကူပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံစံသတ်မှတ်ချက်များ တူညီသဖြင့် ကုန်သွယ်ရေး အတားအဆီးများကို လျှော့ချနိုင်ခဲ့ ပါသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာသဖြင့် ကမ္ဘာ့စီးပွားရေးမှာ နှစ်စဉ်တိုးတက်နေသည်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ လေ့လာချက်အရ သိရှိကြရပါသည်။ ထို့ကြောင့် ကုန်သွယ်မှုပိုမိုတိုးတက်လာစေရန် လွတ်လပ်သောကုန်သွယ်မှု ဒေသများ ထူထောင်လာကြပါသည်။ ထိုဒေသများတွင် ကုန်သွယ် ရေးဆိုင်ရာ မလိုအပ်သော အတားအဆီးများကို ဖယ်ရှားကြရန် ညှိနှိုင်းကြိုးပမ်းကြပါသည်။ ထို့ကြောင့် ကုန်သွယ်မှု ဒေသ တွင်းနိုင်ငံများ ပါဝင်သည့် အဖွဲ့မှ ရေးဆွဲထားသည့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများကို တူညီသည့်သတ်မှတ်စံနှုန်းအဖြစ် လက်ခံလာပြီး၊ ထိုစံနှုန်းနှင့် ညီ၊ မညီ စစ်ဆေးသည့် အဖွဲ့ကိုလည်း ဒေသတွင်းနိုင်ငံများ ပါဝင်သည့် အဖွဲ့မှ အကဲဖြတ်အသိအမှတ်ပြု လက်ခံလာပါသည်။

ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံ ၁၆၀ ကျော်ပါဝင်သည့် ISO က နှစ်ပေါင်းများစွာ အစဉ်တစိုက်ရေးဆွဲခဲ့သောထုတ်ကုန်ပစ္စည်း ဆိုင်ရာ စံချိန်စံညွှန်းများသည် သက်ဆိုင်ရာထုတ်ကုန်လုပ်ငန်း နယ်ပယ်အသီးသီးအတွက် အကျိုးရှိအောင်မြင်ခဲ့ပြီး စက်မှုလုပ်ငန်း နယ်ပယ်တွင် ကျော်ကြားခဲ့ပါသည်။

၂၀၀၀၀ နီးပါးမျှရှိသော ထုတ်ကုန်ဆိုင်ရာစံချိန်စံညွှန်းများသည် ကုန်သွယ်ရေးတွင် နည်းပညာအတားအဆီး ဖယ်ရှားရန်အတွက် အကျိုးကျေးဇူးများပြားသော်လည်း သက်ဆိုင်ရာထုတ်လုပ်မှုနယ်ပယ်တွင်သာ တွင်ကျယ်စွာ အသုံးပြုနိုင်ပြီး စားသုံးသူ နယ်ပယ်တွင် ထိုမျှများပြားလှသော နည်းပညာ စံချိန်စံညွှန်းများကို တိုက်ရိုက်အသုံးပြုနိုင်ခြင်း၊ မှတ်မိသိရှိခြင်းမရှိကြပေ။ ထို့ကြောင့် လက်ရှိကမ္ဘာတွင် အများပြည်သူများ နေ့စဉ်တိုက်ရိုက်ထိတွေ့သုံးစွဲနေရသည့် ISO ၏ စံချိန်စံညွှန်းအချို့ကို ဖော်ပြလိုက်ရပါသည်။

## ဆက်သွယ်ရေးနယ်ပယ်ရှိ စံချိန်စံညွှန်းများ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍတွင် အသုံးပြုနေသည့် Image coding (JPEG)၊ Video coding နှင့် Multimedia Framework (MPEG) မှသည် IT security နှင့် biometrics အထိ ISO က သတ်မှတ်အတည်ပြုပြီး တစ်ကမ္ဘာလုံး တစ်ပြေးညီသုံးစွဲလျက်ရှိပါသည် ။

## ခရက်ဒစ်ကတ် စံချိန်စံညွှန်းများ

တစ်ကမ္ဘာလုံးသုံးစွဲနေသည့် ခရက်ဒစ်ကတ်များ၊ အေတီအမ်ကတ်များ၊ ဖုန်းကတ်များ၏ အရွယ်အစားနှင့် အထူအပါးကို တစ်ပြေးညီ သတ်မှတ်ထားသဖြင့် ကမ္ဘာတစ်ဝန်း မည်သည့်နေရာတွင် မည်သည့်ကုမ္ပဏီမှထုတ်လုပ်သည့် စက်နှင့်မဆို ထည့်သွင်း အသုံးပြုနိုင်ခြင်းဖြစ်ပါသည်။

## ဝက်အူရစ်မူလီစံချိန်စံညွှန်းများ

မည်သည့်စက်ကိရိယာများတွင်မဆို တွင်ကျယ်စွာ အသုံးပြုနေရသည့် ဝက်အူရစ်မူလီများကို စက်မှုလုပ်ငန်းများက အရွယ်အစား အမျိုးမျိုးထုတ်လုပ်သုံးစွဲခဲ့ရာ စက်တစ်မျိုးနှင့်တစ်မျိုး ချိတ်ဆက်သုံးစွဲရန် ခက်ခဲသဖြင့် ယနေ့ကာလတွင် ဝက်အူရစ် ISO စံသတ်မှတ်ချက်များ တိကျစွာထုတ်ပြန်ထားနိုင်သဖြင့် မည်သည့်ကုမ္ပဏီမှ ထုတ်လုပ်သည့် စက်တွင်မဆို သတ်မှတ်ထားသည့် ဝက်အူရစ်ဆိုဒ်အတိုင်း တိကျအံဝင်စွာ တပ်ဆင်နိုင်ကြခြင်း၊ ဖြုတ်ယူနိုင်ကြခြင်း ဖြစ်ပါသည်။

## Pallet အရွယ်အစား စံချိန်စံညွှန်းများ

ကမ္ဘာတစ်လွှား ကုန်ပစ္စည်းများသယ်မရာတွင် အသုံးပြုသည့် Pallet များကို နေ့စဉ်ထောင်ပေါင်းများစွာ သုံးစွဲနေရပါသည်။ ယင်းတို့ကို ယခင်က အလျဉ်းသင့်သလို ထုတ်လုပ်သုံးစွဲကြရာ အရွယ်အစားမျိုးစုံ ပေါ်ပေါက်ခဲ့သဖြင့် သယ်ယူသည့် စက်ကိရိယာများနှင့် မကိုက်ညီသောကြောင့် နိုင်ငံအသီးသီးမှ ပညာရှင်များက ISO အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်း၍ အရွယ်အစားခြောက်မျိုးသာ တစ်ပြေးညီသတ်မှတ်လိုက်ရာ အဆင်ပြေလွယ်ကူသွားပါသည်။

## စက္ကူအရွယ်အစားစံချိန်စံညွှန်းများ

ယနေ့ စာပုံနှိပ်လုပ်ငန်း၊ ရုံးလုပ်ငန်းများတွင် နေရာတိုင်း အသုံးပြုနေသည့် စက္ကူအရွယ်အစား သတ်မှတ်ချက်များကို (A0,A1,A2,----) စသည်ဖြင့် တစ်ပြေးညီ သတ်မှတ်နိုင်သဖြင့် မည်သည့်ကုမ္ပဏီမှ ထုတ်လုပ်သည့် Printer၊ မိတ္တူကူးစက်၊ စာကူးစက်၊ ပုံနှိပ်စက်နှင့်မဆို ထည့်သွင်းအသုံးပြုနိုင်ခြင်း ဖြစ်ပါသည်။

## နိုင်ငံအမည်အတိုကောက်အခေါ်အဝေါ် Country Code များ

နိုင်ငံအသီးသီး၏ အမည်များကို အတိုကောက်အမှတ် အသားဖြင့် ခေါ်ဝေါ်မှတ်သားခြင်းဖြင့် နိုင်ငံတကာ ပြိုင်ပွဲများ၊ အင်တာနက်ဝက်ဘ်ဆိုက်များ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် လွယ်ကူစွာအသုံးပြုနိုင်ကြခြင်း ဖြစ်ပါသည်။ (ဥပမာ - Burma (BU) ကို ၁၉၈၉ ခုနှစ်တွင် Myanmar (MM) ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါသည်)

## ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းဘေးကင်းရေး စံချိန်စံညွှန်းများ

မော်တော်ကားများတွင် ရုပ်ပုံပြအမှတ်အသားများ သတ်မှတ်အသုံးပြုခြင်းနှင့် အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်များ၊ ကုန်စည်ပို့ဆောင်ရေးတွင်သုံးသည့် ကိရိယာများ ဘေးကင်းစိတ်ချရရေး ISO လမ်းညွှန်များ အတိုင်း အသုံးပြုနိုင်ခြင်း ဖြစ်ပါသည်။

## လူသားတို့ဘေးကင်းရေးသင်္ကေတများနှင့် စံချိန်စံညွှန်းများ

မီးအန္တရာယ်၊ လျှပ်စစ်အန္တရာယ် စသည့် သတိပေး သင်္ကေတများကို လုပ်ငန်းခွင်၊ အဆောက်အအုံများတွင် အသုံးပြုရာ၌ တစ်ပြေးညီဖြစ်စေရန် ညှိနှိုင်းသတ်မှတ်ပေးပါသည်။ ထို့အပြင် ကလေးသူငယ်များအတွက် အသုံးအဆောင်များ၊ အရုပ်များ၊ စက်ကိရိယာအသုံးပြုသည့်လုပ်ငန်းခွင်များ၊ ယာဉ်ရထားဖြင့် ခရီးသွားခြင်းများတွင် ဘေးကင်းစေသည့် စံချိန်စံညွှန်းများကို သတ်မှတ်ထားပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစံချိန်စံညွှန်းများ

ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ကိရိယာများ၊ ခွဲစိတ်ကိရိယာများ၊ ကျန်းမာရေး ဓါတ်ခွဲစမ်းသပ်ခန်းများဆိုင်ရာ လိုက်နာရမည့် စံချိန်စံညွှန်းများကို ISO က သတ်မှတ်ထားပါသည်။

## အစားအသောက်ဘေးကင်းရေးစံချိန်စံညွှန်းများ

အစားအသောက် ထုတ်လုပ်ရောင်းချသည့် ကွင်းဆက် တစ်လျှောက်တွင် မှားယွင်းချွတ်ချော်ပျက်စီးမှုသည် ဘေးအန္တရာယ်များပြီး ကုန်ကျစရိတ်ဆုံးရှုံးမှု များပြားသဖြင့် ISO က ရေးဆွဲပေးသည့် အစားအသောက်ဘေးကင်းရေး စံချိန်စံညွှန်းများသည် လူသုံးများသည့် စံချိန်စံညွှန်းများ ဖြစ်ပါသည်။

## စီမံခန့်ခွဲမှုစနစ်စံချိန်စံညွှန်းများ

အများပိုင်နှင့် ပုဂ္ဂလိကပိုင် အဖွဲ့အစည်းအားလုံး ကျင့်သုံးနိုင်သည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ ISO စံချိန်စံညွှန်းများသည်လည်း နေ့စဉ်တွေ့ကြုံ သိရှိရသည့် စံချိန်စံညွှန်းများ ဖြစ်သကဲ့သို့ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို သက်ဆိုင်ရာ စံချိန်စံညွှန်းနှင့် ညီ၊မညီ စစ်ဆေးရာတွင် ဓါတ်ခွဲခန်းများနှင့် ထောက်ခံချက်ပေးသည့် အဖွဲ့များသည် နိုင်ငံတကာလက်ခံသည့် သတ်မှတ်ချက်နှင့်အညီ လိုက်နာစစ်ဆေးရမည်ဖြစ်ရာ ယင်းတို့လိုက်နာရမည့် ISO စံချိန်စံညွှန်းများကိုလည်း ရေးဆွဲထားပြီး ကမ္ဘာတစ်ဝန်းသုံးစွဲနေကြပါ ကြောင်း ပညာရှင်များ၏ ကြိုးပမ်းမှုရလဒ်ကို လက်တွေ့ဘဝများနှင့် ဆက်စပ်အသုံးချနေမှုကို အများပြည်သူတို့ သတိပြုမိပါရန် ဥပမာ အချို့ကို ဖော်ထုတ်တင်ပြလိုက်ရပါသည်။

# ထီးချိုင့်မြို့နယ်တွင် ကြံနှင့်ကြံထွက်ပစ္စည်း တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီးအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှကြီးမှူးပြီး ကသာခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီး ဌာနက စီစဉ် ကျင်းပပြုလုပ်တဲ့ ကြံနှင့်ကြံထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်းကို ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာရှိ မြတောင်သားသကြားစက်၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ ၀၉း၀၀ အချိန်ဖွင့် လှစ်ခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ ထီးချိုင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေနဲ့စက်မှုသီးနှံဖွံ့ဖြိုး ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးခင်မောင်ညွန့်တို့ကအမှာ စကားပြောကြားပြီး ထီးချိုင့်ကြံဇုန်မှ ၅၀ ဦး၊ ရွှေလီ ကြံဇုန်မှ ၁၂ ဦး၊ ကသာခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ၁၀ ဦး စုစုပေါင်း သင်တန်းသား ၇၂ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းမှာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ကြံနှင့် ကြံထွက်ပစ္စည်းအသင်း၊ SMIDB၊ စိုက်ပျိုးရေး၊ မြေစာ ရင်းနှင့် စားသုံးသူကာကွယ်ရေးသင်ခန်းစာများပို့ချခြင်း၊ မေးမြန်းဖြေကြားခြင်းတို့ပြုလုပ်ခဲ့ပြီး ဩဂုတ်လ ၂၆ ရက်နေ့ ညနေ ၄နာရီအချိန်မှာ သင်တန်းဆင်းပွဲကိုအောင်မြင်စွာကျင်းပခဲ့ပါတယ်၊ သင်တန်းဆင်းပွဲမှာ တိုင်းဒေသကြီးလွှတ်တော် ထီးချိုင့်မြို့နယ်ကိုယ်စားလှယ် ဦးစန်းမောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြှင့်တင်/စားသုံး ခရိုင်ဦးစီးမှူး ဦးကျော်အုန်းတို့ က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါတယ်။ အခုလို ကြံနည်းပညာပေး သင်တန်းဖွင့်လှစ်ပို့ချခြင်းကြောင့် ကြံတောင်သူများ နည်းပညာများရရှိကြလို့ ကျေးဇူးတင်ကြပြီး ယခုနှစ် ကြံရာသီမှာ ကြံအထွက်တိုးမျိုးများမှာယူပြီး သိပ္ပံနည်းကျစိုက်ပျိုးကြမှာဖြစ်တဲ့အတွက် ကသာခရိုင်အတွင်း ကြံစိုက်ပျိုးမှုအရှိန်အဟုန်တိုးတက်ပြီး ကြံများပိုမိုထွက်ရှိမှာဖြစ်လို့ ကြံတောင်သူများ လူမှုစီးပွားဘ၀ တိုးတက်လာတော့မှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

**ကျော်အုန်း-ကသာ**

# ထိုင်း-မြန်မာ (ပရာကျွတ်ခရိုင်နှင့်မြိတ်ခရိုင်) နှစ်နိုင်ငံဈေးရောင်း ပွဲတော်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ Hotel Grand Jade တွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ထိုင်း-မြန်မာ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ တနင်္သာရီ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီး ဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ မြိတ် ကူးသန်းရောင်းဝယ်ရေးစခန်းတာဝန် ခံ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနများ၊ ကုန်သည်လုပ်ငန်းရှင် ၃၅ ဦးနှင့် ထိုင်းနိုင်ငံဘက်မှ ပရာကျွတ်ခရိုင်ဝန်၊ ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် အပါအဝင် ကုန်သည်လုပ်ငန်းရှင် ၃၀ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ဆွေး နွေးပွဲတွင် ကုန်သွယ်မှုနှင့်ခရီးသွားလုပ် ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ဆင်ခွန်ဂိတ်အား အထူးယာယီဂိတ်မှ အမြဲတမ်းဂိတ်ဖွင့်ရေးကိစ္စနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စများ ဆွေးနွေးခဲ့ ကြပါသည်။

အဆိုပါဆွေးနွေးပွဲနှင့်တစ်ဆက် တည်း ထိုင်း-မြန်မာ (ပရာကျွတ်ခရိုင်နှင့် မြိတ်ခရိုင်) နှစ်နိုင်ငံ ဈေးရောင်းပွဲတော်ကို မြိတ်ခရိုင်ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းနှင့် ထိုင်းနိုင်ငံ ပရာကျွတ်ခရိုင်ကုန်သည်အသင်းတို့ ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်မြို့၊ ကမ်းနားလမ်း ရှိShopping Mall Center တွင် ဩဂုတ်လ ၂ ရက်နေ့ နေ့လည် ၁၅: ၀၀ နာရီ၌ ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့်ပရာကျွတ်ခရိုင်ဝန်တို့မှ အခမ်းအနား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါဈေးရောင်းပွဲတော် တွင် မြန်မာနိုင်ငံဘက်မှ ပြခန်း ၈၀ ခန်းဖြင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ထိုင်းနိုင်ငံဘက်မှ ပြခန်း ၈၀ ကျော်ဖြင့် ထိုင်းနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများ၊ အစားအသောက်နှင့် လက်ဆောင်ပစ္စည်းများ စသည်ဖြင့် ဝေဝေဆာဆာ ခင်းကျင်း ပြသရောင်းချခဲ့ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# မုံရွာကုန်စည်ဒိုင်တွင် IKBZ Insurance မှ ကုန်စည် ပို့ဆောင်ရေးအာမခံလုပ်ငန်းအကြောင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် KBZ Group ၏လုပ်ငန်းခွဲ တစ်ခုဖြစ်သည့် IKBZ Insurance မှ ကုန်စည်ပို့ဆောင်ရေး အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် ယုံကြည်အားထား IKBZ အာမခံစွမ်းအားအကြောင်းအရာများကို IKBZ Insurance အထွေထွေမန်နေဂျာ၊ အထက်မြန်မာပြည်ရုံးခွဲတာဝန်ခံ ဈေးကွက်မန်နေဂျာတို့က ဆွေးနွေးခဲ့ပြီး၊ ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ ကုန်သည်ပွဲစားလုပ်ငန်းရှင်များ စုစုပေါင်း(၆၀) ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း အမျိုးအစားပေါင်း ၄၇ ခုရှိပြီး၊ အာမခံလုပ်ငန်းပြုလုပ်ခွင့် လိုင်စင်ကို ၂၀၁၃ ခုနှစ်မှ စတင်ခွင့်ပြုခဲ့ကြောင်းသိရှိရပြီး၊ IKBZ Insurance မှ ယခုအချိန်တွင် အာမခံလုပ်ငန်းအမျိုး အစားပေါင်း ၁၁ ခု လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရပါတယ်။

မုံရွာကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်သည့် ပဲမျိုးစုံ၊ ဂျုံ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံကို မုံရွာမှ ရန်ကုန်သို့ ကုန်းကြောင်း၊ ရေကြောင်းလမ်းဖြင့် ကုန်စည်ပို့ဆောင်မှုအင်အားကြီးမားသဖြင့် ကုန်သည်များ အာမခံ လုပ်ငန်း ဆောင်ရွက်နိုင်ရန် ကုန်းလမ်းကုန်ပစ္စည်းအာမခံ၊ ရေကြောင်းပို့ကုန် ကုန်ပစ္စည်းအာမခံအကြောင်း အရာများ သိကောင်းစရာများကို အထူးရှင်းလင်း ပြောကြားခဲ့ကြောင်းသိရပါတယ်။

ကုန်စည်ပို့ဆောင်ရေးအာမခံစနစ်တွင် ကုန်စည်သယ်ယူပို့ဆောင်ရေး အာမခံ အမျိုးအစားများအကြောင်း၊ လုံးဝဆုံးရှုံးမှုအကာအကွယ်၊ အာမခံတန်ဖိုး၊ အကာအကွယ်အမျိုးအစားများအကြောင်းကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ ကုန်လမ်းကုန်ပစ္စည်းအာမခံစနစ်တွင် သတ်မှတ်ချက်စည်းကမ်း ၁၂ ချက်၊ ရေကြောင်းပို့ကုန်ပစ္စည်းအာမခံစနစ်တွင် သတ်မှတ်ချက်စည်းကမ်း ၁၁ ချက် သတ်မှတ်ထားပြီး၊ လျော်ကြေး အကျုံးမဝင်သော အချက်များမှာ ၅ ချက်ရှိကြောင်း ဆွေးနွေးပွဲမှသိရှိရပါတယ်။

**အောင်မင်း-တန့်ဆည်**

# EDNA Myanmar မှ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားမြစ်ကြီးနားတွင် ကျင်းပပြုလုပ်

စွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်မှုနည်းပညာနှင့် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးစီမံကိန်း (EDNA Myanmar) မှ စီစဉ်ကျင်းပသည့် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးနေ့ အခမ်းအနားကို ဩဂုတ်လ ၂၉ ရက်နေ့တွင် မြစ်ကြီးနား မြို့၊ သီတာရပ်ကွက်ရှိ သီတာခန်းမတွင် နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ ကျင်းပပြုလုပ်ခဲ့ရာ EDNA Myanmar မှ ဖွင့်လှစ်ပို့ချနေသည့် တစ်ပိုင်တစ်နိုင်နဲ့ အသေးစားစီးပွားရေးနည်းပညာဖွံ့ဖြိုးမှုသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ၊ ကုန်သည်များ၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၃၅ ဦး တက်ရောက်ခဲ့ပါတယ်။အဆိုပါအခမ်းအနားမှာ မုန့်ကြော်လုပ်ငန်းရှင်နဲ့ ကချင်ရိုးရာ အထည်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက မိမိတို့ ဖြတ်သန်းခဲ့ရတဲ့ လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲစိန်ခေါ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို မျှဝေဆွေးနွေးခဲ့ကြပြီး စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လွယ်ကူလျှင်မြန်စွာဆောင်ရွက်နိုင်ရန် လိုင်စင်ကိစ္စ ဖြေလျှော့ပေးနေမှုများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ပို့ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် မိမိဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများ၊ ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ၊ စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဥပဒေနဲ့ လက်ရှိကွင်းဆင်းဆောင်ရွက်နေသည့် ပညာပေးလုပ်ငန်းများအကြောင်းကို ကချင် ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်မြင့်က ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မောင်မောင်ခိုင်-မြစ်ကြီးနား**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး
၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်)
ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့)
အောင်မြေသာရပ်ကွက်၊ ပိုလန့်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ်
စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး
အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း)
အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း)
အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ်
ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး
ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ်
အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ်
(၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ်
အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး
သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Organizations News
Vol: 15, No.34 Monday September 7 2015

# အာဆီယံ ခရီးသွားလုပ်ငန်းတစ်ခုလုံး တိုးတက်အောင်ဆောင်ရွက်ဖို့ စီမံကိန်းသစ်ချမှတ်

ကမ္ဘာ့ဈေးကွက်အတွင်း အာဆီယံခရီးသွားလုပ်ငန်းများ ပိုမိုဝင်ရောက်နိုင်ရေးနဲ့ အာဆီယံဒေသတွင်း ခရီးသွားလာမှု ပိုမိုတိုးမြင့်လာရေးတို့အတွက် အာဆီယံခရီးသွားလုပ်ငန်းအသင်း (Asean Tourism Association- ASEAN TA) က ၂၀၁၆-၂၀၂၅ ခုနှစ် မဟာဗျူဟာစီမံကိန်းသစ်တစ်ခုကို ရေးဆွဲလျက်ရှိပါတယ်။

အာဆီယံဒေသရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍက အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာစီမံကိန်း (Asean Tourism Strategic Plan- ATSP 2010-2015) ကို အကောင်အထည်ဖော်လျက်ရှိတဲ့ နည်းတူ ၂၀၁၆-၂၀၂၅ ခုနှစ်အတွက် နောက်ထပ် စီမံကိန်းတစ်ခုကိုလည်း ရေးဆွဲဖို့ ဆောင်ရွက်လျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ အိုင်လင်းကလီမန်တီရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

"ကျွန်ကမ္ဘာ့ဈေးကွက်ထဲမှာ အာဆီယံဒေသကြီးတစ်ခုလုံးကို တစ်ခုတည်းသောဈေးကွက်အဖြစ် ဖန်တီးဖို့ ကျွန်တော်တို့ရည်မှန်းထားပါတယ်"လို့ သူကပြောပါတယ်။

အာဆီယံစီးပွားရေးလုပ်ငန်း မဟာဗျူဟာစီမံကိန်းသစ်ရဲ့ အရေးပါတဲ့အချက်တွေက အာဆီယံလွတ်လပ်တဲ့ မိုးကောင်းကင်သစ် သဘောတူစာချုပ် (Asean Open Skies Agreement) ကို အကောင်အထည်ဖော်ဖို့ ဒေသတွင်းရှိနယ်နိမိတ်တွေကိုလွယ်ကူစွာဖြတ်ကျော်ဖို့နဲ့ ဒေသကြီးတစ်ခုလုံးအတိုင်းအတာနဲ့ ဈေးကွက်လှုပ်ရှားမှုတွေကောင်းမွန်စွာဖော်ထုတ်ဖို့ဖြစ်ပါတယ်။

အာဆီယံခရီးသွားလုပ်ငန်းမှာ အဖွဲ့ဝင်နိုင်ငံအားလုံးမှာရှိတဲ့ ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်နေတဲ့ အဖွဲ့အစည်းတွေအားလုံးပါဝင်ပြီး အမျိုးသားခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ အမျိုးသားအဆင့် ခရီးသွားလုပ်ငန်း အေဂျင်စီများ၊ အမျိုးသားဟိုတယ်များနဲ့ စားသောက်ဆိုင်အသင်းများနဲ့ လေဆိပ်များပါဝင်ပါတယ်။ ဒေသတစ်ခုလုံးရှိ ခရီးသွားလုပ်ငန်း တိုးတက်ကောင်းမွန်ရေးကို ရည်ရွယ်ပြီး အာဆီယံ+၃ အစီအစဉ်တစ်ရပ်ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အာဆီယံနိုင်ငံများအပါအဝင် တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယား ခရီးသွားလုပ်ငန်းဝန်ကြီးတို့က ကြေညာခဲ့ပါတယ်။

# မကြာသေးမီကဖြစ်ပွားခဲ့တဲ့ ဈေးကွက်မတည်ငြိမ်မှု ဖိတ်လျှံအကျိုးသက်ရောက်မှုတွေ အိုင်အမ်အက်ဖ်က သတိပေးပြောကြား

ကမ္ဘာ့ငွေကြေးဈေးကွက်တွေမှာ မကြာသေးမီကဖြစ်ပေါ်ခဲ့တဲ့ မတည်ငြိမ်မှု တွေကြောင့် ဖိတ်လျှံအကျိုးသက်ရောက်မှုတွေက တစ်နိုင်ငံမှတစ်နိုင်ငံ လျင်မြန်စွာကူးစက်ခဲ့တာကို တွေ့ခဲ့ရကြောင်းအပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ညွှန်ကြားရေးမှူးချုပ် ခရစ္စတင်းလားဂတ်က ဂျကာတာမြို့မှာ စက်တင်ဘာ ၂ ရက်နေ့ကပြောပါတယ်။

"လွန်ခဲ့တဲ့ရက်သတ္တပတ်များအတွင်း ဖြစ်ပွားခဲ့တဲ့အဖြစ်အပျက်တွေက ကမ္ဘာ့စီးပွားရေးမှာ အာရှဒေသက ဗဟို အချက်အချာမှာ ရောက်ရှိနေကြောင်းနဲ့ အာရှဈေးကွက်တစ်ခုမှာ ကသောင်းကနင်းဖြစ်ရင် ဒီအဖြစ်အပျက်က ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ တခြားဒေသတွေကိုလည်း ဖိတ်လျှံအကျိုးသက်ရောက်မှုဖြစ်စေနိုင်ကြောင်း ပြသလျက်ရှိတယ်လို့ ခရစ္စတင်းလားဂတ်က အင်ဒိုနီးရှားမြို့တော် ဂျကာတာမှာပြုလုပ်တဲ့ကွန်ဖရင့်မှာ ပြောပါတယ်။

တရုတ်နိုင်ငံက နိုင်ငံသုံးငွေကြေးကိုတန်ဖိုးချဖို့ ယခင်လအတွင်းက ဆုံးဖြတ်ပြီးနောက်ပိုင်း ကမ္ဘာ့စတော့ဈေးကွက်တွေနဲ့ ထွန်းသစ်စဈေးကွက်တွေမှာရှိတဲ့ ငွေကြေးတွေရဲ့ အတက်အကျ ပြင်းထန်ခဲ့တာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးချိန်သား ပြန်လည်ကိုက်ညီမှု၊ ဂျပန်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးမှု၊ ကုန်စည်ဈေးနှုန်းတွေကျဆင်းမှုနဲ့ အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကိစ္စ စတဲ့အကြောင်းတွေကြောင့် ကမ္ဘာစီးပွားရေးကအခက်အခဲနဲ့ ရင်ဆိုင်နေရကြောင်း လားဂတ်ကပြောပါတယ်။



# သံမဏိတင်သွင်းမှု စံနှုန်းသတ်မှတ်ချက်နဲ့ ပတ်သက်ပြီး ဒဗလျူတီအိုအဖွဲ့ဝင် နိုင်ငံများရဲ့ သဘောထားကို အိန္ဒိယနိုင်ငံကတောင်းခံ

အိန္ဒိယနိုင်ငံအတွင်း ရောင်းချလျက်ရှိတဲ့ သံမဏိအချို့ကို အိန္ဒိယ စံသတ်မှတ်ရေးဗျူရို (Bureau of Indian Standards-BIS) ရဲ့ အရည်အသွေး သတ်မှတ်ချက်အသိအမှတ်ပြု လက်မှတ်ရယူဖို့ အိန္ဒိယသံမဏိဝန်ကြီးဌာနက အဆိုပြုချက် တင်သွင်းထားပါတယ်။ ဒီအဆိုပြုချက်နဲ့ပတ်သက်ပြီး အိန္ဒိယအစိုးရက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီ အို) ထံမှ သဘောထားဝေဖန်ချက်များကို တောင်းခံထားကြောင်း ဘီဇနက်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

"ဒီလိုဆောင်ရွက်မှုကြောင့် သွင်းကုန်တွေ နှေးကွေးကျဆင်းမယ့် အလားအလာရှိတဲ့ အပြင် တင်သွင်းလာတဲ့ သံမဏိတွေရဲ့ အရည်အသွေးကို လည်း ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် တင်ပို့တဲ့ နိုင်ငံတွေကို လည်းသူတို့ရဲ့သဘောထားတွေကို မှတ်ချက်ပြုပေးဖို့နဲ့ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကိုလည်း ထိန်းချုပ်ခြင်း ရှိ၊ မရှိ လေ့လာသိရှိဖို့ အခွင့်အရေးပေးဖို့ အရေးကြီးပါတယ်" လို့ အစိုးရအရာရှိတစ်ဦးက ဘီဇနက်လိုင်းသတင်းဌာနကို ပြောပါတယ်။

အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ နှစ်လအတွင်း အကျိုးအကြောင်း ပြန်ကြားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ယခုအချိန်ထိ အတည်ပြုဖို့ ဆုံးဖြတ်ချက်မချရသေးပါဘူး။

အဆိုပြုချက်အရ သတ်မှတ်ထားတဲ့ သံမဏိထုတ်ကုန်တွေကို ထုတ်လုပ်တဲ့အခါ ကုန်ထုတ်လုပ်ငန်းတွေက ခွင့်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဒီကုန်ပစ္စည်းတွေထဲမှာ လူသုံးကုန်ပစ္စည်းတွေနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေ အများဆုံးပါဝင်ပြီး ဒီလိုပစ္စည်းတွေထုတ်လုပ်မယ်ဆိုရင် လုပ်ငန်းမစတင်မီ BSI ရဲ့ ခွင့်ပြုချက်လိုင်စင်ရယူဖို့ လိုအပ်ပါတယ်။

# ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စီးပွားရေးဥပဒေများကို လေ့လာဖို့လိုအပ်

ဗီယက်နမ် စီးပွားရေးလုပ်ငန်းအများစုက အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းဥပဒေများကို ရှင်းလင်းပြတ်သားစွာနားလည်မှုမရှိသေးကြောင်းနဲ့ ဒီလိုနားမလည်တဲ့အတွက် ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်မှုစာချုပ် (Trans Pacific Partnership-TPP) အရပေးထားတဲ့ အခွင့်အရေးတွေကို ဆုံးရှုံးမှုရှိနိုင်ကြောင်း ကျွမ်းကျင်သူတွေရဲ့ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့ဈေးကွက်ရဲ့ စည်းမျဉ်းဥပဒေတွေကိုပြည်တွင်းကုမ္ပဏီတွေက နားလည်ဖို့လိုအပ်ကြောင်း ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးခုံရုံး (VietNam International Arbitration Centre) မှ ခုံသမာဓိ ရှေ့နေချောဟိုင်ကွမ်က ပြောပါတယ်။

"ဒီလိုမှ နားမလည်ဘူးဆိုရင်တော့ သူတို့တွေပြည်တွင်းဈေးကွက်ထဲကထွက်နိုင်မှာမဟုတ်ဘူး"လို့ သူကပြောပါတယ်။



ဟိုချီမင်းစီတီးမြို့မှာ ဩဂုတ်လ ၂၈ ရက်က ကျင်းပတဲ့ ၂၀၁၅ ခုနှစ် ထိပ်တန်း စီးပွားရေးလုပ်ငန်း ၁၀၀ ဆုပေးပွဲ (Top 100 Business Style Awards 2015) ဖွင့်ပွဲအခမ်းအနားမှာ ကွမ်က ယခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုအခမ်းအနားမျိုးကို ဟန္နွိုင်းနဲ့ နာထရန်မြို့တို့မှာ ကျင်းပပြီးနောက် ဟိုချီမင်းစီးတီးမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကို ကြီးမားတဲ့ အထောက်အကူ များပေးပြီး လုပ်ငန်း ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုဖြစ်စေခဲ့တဲ့ ထူးချွန် တဲ့ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီဆုတွေကို ဖန်တီးခဲ့တာ ဖြစ်ပါတယ်။

TPP မှာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဗီယက်နမ်ရဲ့ စီးပွားရေးတည်ဆောက်ပုံ ပြန်လည်ပြင်ဆင်မှုကို အထောက်အကူ ဖြစ်စေနိုင်ကြောင်း Hoa Sen Group ဥက္ကဋ္ဌလေဖောင်ဗူက အမှာစကားပြောကြားရာမှာ ထည့်သွင်းပြောကြားပါတယ်။

ဗီယက်နမ်ကုမ္ပဏီတွေက ပြိုင်ဆိုင်မှုမြင့်မားတဲ့ ဈေးကွက်အတွက် ကောင်းမွန်စွာပြင်ဆင်ထားဖို့ လိုအပ်ကြောင်း ဗူကပြောပါတယ်။ ဒီလိုပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် စီးပွားရေးဆိုင်ရာအတွေးအမြင်တွေကို ပြောင်းလဲရမယ်လို့ သူကပြောပါတယ်။ ဈေးကွက်ပြောင်းလဲမှုတွေကို အမီလိုက်နိုင်အောင် စီးပွားရေးလုပ်ငန်းတွေကပြောင်းလွယ်ပြင်လွယ်တဲ့ အခြေအနေရှိဖို့ ပိုမိုလိုအပ်ကြောင်း သူပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## စီးပွားရေး နည်းဥပဒေတွေကို အလျင်အမြန်ပြင်ဆင်ဖို့ ဂျိုကိုဝီ အမိန့်ပေး

အင်ဒိုနီးရှားမှာ ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အထောက်အကူမဖြစ်နိုင်တဲ့ စည်းမျဉ်းဥပဒေပေါင်း ၁၀၀ ကျော်ကို သမ္မတဂျိုကိုဝီဒိုဒိုက စစ်ဆေးတွေ့ရှိထားကြောင်း အင်တာရာ သတင်းမှာဖော်ပြထားပါတယ်။

ဒီစည်းမျဉ်းဥပဒေတွေကို အခုရက်သတ္တပတ်အတွင်းအပြီးသတ်ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ကြောင်း စက်တင်ဘာ ၂ ရက်က ကျင်းပတဲ့ ဝန်ကြီးအဖွဲ့အစည်းအဝေးမှာ သဘာပတိအဖြစ်ဆောင်ရွက်စဉ် သမ္မတဂျိုကိုဝီဒိုဒိုက ပြောပါတယ်။ စီးပွားရေး လုပ်ငန်းတွေအတွက် အခက်အခဲဖြစ်စေတဲ့ နည်းဥပဒေများနဲ့ ပတ်သက်တဲ့အချက်အလက်တွေကိုသိရှိနိုင်ဖို့အတွက် အင်ဒိုနီးရှားကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းနဲ့ တခြားစီးပွားရေးအသင်းတွေ တွေ့ဆုံပြီး အစည်းအဝေးကျင်းပဖို့ပြင်ဆင်ထားပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းမထားဘူးဆိုရင် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲဖြစ်စေနိုင်တယ်လို့ သူကပြောပါတယ်။

စီးပွားရေး လုပ်ငန်းသမားတွေ အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အခက်အခဲတွေ့မယ်ဆိုရင် နိုင်ငံပြင်ပကနေ အင်ဒိုနီးရှားနိုင်ငံအတွင်းကို မတည်ငွေရင်းစီးဝင်မှုတွေကို အဟန့်အတားဖြစ်စေနိုင်ကြောင်း ဂျိုကိုဝီက ပြောပါတယ်။

ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဝယ်ယူဖြည့်တင်းရေး အပါအဝင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်မှာ စည်းမျဉ်းဥပဒေတွေက အဟန့်အတား မဖြစ်စေဖို့အတွက် ဒီဥပဒေတွေကို အလျင်အမြန်ပြင်ဆင်သွားဖို့ သမ္မတက ညွှန်ကြားထားပါတယ်။ အလားတူ စီးပွားရေးဝန်းကျင်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ကိုလည်း သမ္မတက တိုက်တွန်းထားပါတယ်။

"ဥပဒေသစ်တွေ ရေးဆွဲမယ့်လုပ်ငန်းက အချိန်ယူဆောင်ရွက်ရမယ်ဆိုတာကို ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းကို အပင်ပန်းခံပြီး ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု သူကပြောသည်။

# ဗီယက်နမ်နိုင်ငံမှာ ကလေးသုံးပစ္စည်းအရောင်းမြင့်တက်

မြို့ပြလူနေမှု လျင်မြန်စွာကြီးထွားလာခြင်း၊ လူလတ်တန်းစားဦးရေကြီးထွားလာခြင်းနဲ့ လုပ်သားအင်အားအတွင်းသို့ အမျိုးသမီးများတိုးတက်ပါဝင်လာမှု စတဲ့အချက်တွေကြောင့် ကမ္ဘာ့ဈေးကွက်မှာ ကလေးအစားအစာနဲ့ ကလေးအနှီးပိတ် စတဲ့ ကလေးသုံးပစ္စည်းတွေရဲ့ရောင်းအားတွေ မြင့်တက်လာကြောင်း ကမ္ဘာ့သုတေသနအဖွဲ့ နီးလ်ဆင်းရဲ့ အစီရင်ခံစာကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါ တယ်။

စားသုံးသူ ၁၀ ဦးအနက်တစ်ဦးရဲ့ အိမ်ထောင်စုထဲမှာ အသက်တစ်နှစ်အောက်ကလေး တစ်ဦးရှိကြောင်းနဲ့ ဤအရေအတွက်မှာ ဒေသတွင်းအဆင့်မှာအမြင့်ဆုံးဖြစ်ပြီး ကမ္ဘာ့ပျမ်းမျှနှုန်းရဲ့ နှစ်ဆရှိကြောင်း ၂၀၁၅ ခုနှစ် နီးလ်ဆင်းကမ္ဘာ့ကလေးသူငယ် စောင့်ရှောက်ရေးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မိသားစုထဲမှာ တစ်နှစ်မှနှစ်နှစ်အတွင်း ကလေးသူငယ်ရှိတဲ့ မိသားစုက ၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် ကမ္ဘာ့ပျမ်းမျှအချိုးအစားဖြစ်တဲ့ ၉ ရာခိုင်နှုန်းအထက်မှာ ရှိနေပါတယ်။

ကလေးအစားအစာကို ဝယ်ယူဖို့ဆုံးဖြတ်တဲ့အခါ အာဟာရပြည့်ဝဖို့ က အရေးအကြီးဆုံးဖြစ်ကြောင်း စစ်တမ်းမှာ ပါဝင်တဲ့ ဗီယက်နမ်လူမျိုး ထက်ဝက်ခန့်ကပြောပါတယ်။

ဈေးနှုန်း/တန်ဖိုး မျှတမှုနဲ့ ကုန်အမှတ်တံဆိပ်ကို ယုံကြည်အားထားမှုကလည်း အရေးကြီးတယ်လို့ ယူဆတဲ့စားသုံးသူက သုံးပုံတစ်ပုံ (၃၈ ရာခိုင်နှုန်း)နဲ့ ပါဝင်ပစ္စည်းနဲ့ ပြုပြင်မှုနည်းစဉ်ကို အလေးထားသူက ၃၆ ရာခိုင်နှုန်းနဲ့ အနံ့အရသာကို ဦးစားပေးသူက ၃၂ ရာခိုင်နှုန်းရှိပါ တယ်။

အော်ဂဲနစ်နဲ့ သဘာဝပစ္စည်းဖြစ်တဲ့ အစားအစာတွေကို အလေးပေးသူက ဗီယက်နမ်စားသုံးသူရဲ့ ၂၇ ရာခိုင်နှုန်းရှိပါတယ်။

"ကလေးသူငယ်တွေကို ပြုစုပျိုးထောင်ဖို့ စဉ်းစားဆောင်ရွက်တဲ့နေရာမှာ မိဘတွေက ကလေးတွေကို ကျွေးတဲ့ စားစရာကအစပြုပြီး သူတို့ကိုယ်မှာ အသုံးပြုတဲ့အနှီးပိတ်စ အဆုံးအားလုံးကို ဂရုတစိုက်နဲ့ ရွေးချယ်ကြပါတယ်။ သူတို့အားလုံးက အရည်အသွေးကောင်းတာရမယ်ဆိုရင် ငွေကို သုံးဝန်ဖို့ဝန်မလေး ကြပါဘူး"လို့ နီးလ်ဆင်းရဲ့ အရှေ့ တောင်အာရှ၊ မြောက်အာရှနဲ့ ပစိဖိတ်ဒေသတာဝန်ခံ ကန်နီချန်းက ပြောပါတယ်။

ကျန်းမာရေးနဲ့ အာဟာရပြည့်ဝမှုကို စားသုံးသူတွေက အထူးအလေးထားကြတဲ့အတွက် သဘာဝအစားအစာနဲ့ ပြုပြင်ဖန်တီးမှုနည်းတဲ့ အစားအစာကို စားသုံးသူတွေက ရွေးချယ်ကြပါတယ်။

သူတို့ ကလေးငယ်တွေနဲ့ ပတ်သက်လာရင် ချေးများတယ်လို့ ဆိုပါတယ်။

# ဖိလစ်ပိုင်နိုင်ငံမှာ အခြေခံလူသုံးကုန်ပစ္စည်းများ ရောင်းချတဲ့စတိုးဆိုင်များ ထွန်းကားလာ

ဖိလစ်ပိုင်နိုင်ငံမှာ မြို့ပြလူနေမှု ထွန်းကားလာတာနဲ့အမျှ အခြေခံလူသုံးကုန်ပစ္စည်းတွေရောင်းချတဲ့စတိုးဆိုင်များ ထွန်းကားလာပြီး နှစ်အကုန်မှာ အနည်းဆုံး ဆိုင်သစ် ၁၀၀ ကျော် တိုးတက်လာမယ်လို့ ခန့်မှန်းကြောင်း "Asean Corporate Insight" ဆိုတဲ့ ခေါင်းစဉ်နဲ့ တင်ပြထားတဲ့ Maybank ရဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

အခြေခံ လူသုံးကုန်ပစ္စည်းတွေ ရောင်းချတဲ့စတိုးဆိုင်များရဲ့ သဘာဝအရ ပိတ်ရက်မရှိဘဲ နေ့စဉ်၂၄ နာရီ အပြည့် ရောင်းချသွားမှာဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။




ဒီလုပ်ငန်းနယ်ပယ်မှာ 7-eleven ဆိုင်များကိုဖွင့်လှစ်ဆောင်ရွက်နေတဲ့ Philippine Seven Corp က ဆိုင်ခွဲပေါင်း ၁၂၈၂ နဲ့ ဦးဆောင်လျက်ရှိပြီး ၂၀၁၄ ခုနှစ်က စုစုပေါင်းဝင်ငွေ ပီဆို ၁၇ ဒသမ ၁ ဘီလီယံရှိခဲ့ပါတယ်။

"ကုမ္ပဏီကဆိုင်ခွဲတွေတိုးမြှင့်ဖွင့်လှစ်လျက်ရှိပါတယ်။ ဒီနှစ်ကုန်မှာ ဆိုင်ခွဲ ၁၆၀၀ နဲ့ ၂၀၂၄ ခုနှစ်အကုန် မှာ စတိုးဆိုင်ပေါင်း တစ်သောင်းအထိ ဖွင့်လှစ်ဖို့ ရည်မှန်းထားပါတယ်။

ဆိုင်တွေ ချဲ့ထွင်ဖွင့်လှစ်ရာမှာ မနီလာမြို့တော်တွင်သာမက ပြည်နယ်များမှာပါ ဖွင့်လှစ်သွားဖို့ ရှိပါတယ်။ မနီလာမြို့ပြင်ပမှာ ဆိုင်ခွဲတွေဖွင့်လှစ်တာက ၂၀၁၀ ပြည့်နှစ်မှာ ၄၁ ဒသမ ၇၄ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၅၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်"လို့ Myabank က ပြောပါတယ်။

7-eleven ပြီးရင် ရော်ဘင်ဆင် လက်လီရောင်းဝယ်ရေးဦးပိုင်လုပ်ငန်း (RRHI) က ဆောင်ရွက်နေတဲ့ Minishop က အကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်အကုန်စာရင်းအရ စတိုးဆိုင်ပေါင်း ၄၅၀ ဖွင့်လှစ်ထားပါ တယ်။ RRHI က နှစ်စဉ်ဆိုင်ခွဲပေါင်း ၇၀ မှ ၁၀၀ အကြား ဖွင့်လှစ်ဖို့ ရည်မှန်းထားပါတယ်။

ဒီလို အခြေခံလူသုံးကုန်ပစ္စည်းတွေရောင်းချတဲ့ စတိုးဆိုင်မျိုးတွေဖွင့်လှစ်မယ့်သူတွေအများအပြားရှိနေတဲ့အတွက် ပြိုင်ဆိုင်မှုတွေကပြင်းထန်လာမယ်လို့ ဆိုပါ တယ်။

# စင်ကာပူနိုင်ငံရဲ့ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို စီးပွားရေးပညာရှင်တို့ လျှော့ချခန့်မှန်း

စင်ကာပူနိုင်ငံရဲ့ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကို ပုဂ္ဂလိကကဏ္ဍ စီးပွားရေးပညာရှင်တွေက လျှော့ချခန့်မှန်းခဲ့ပြီး ကဏ္ဍအမြောက်အမြားမှာလည်း ဖွံ့ဖြိုးတိုးတက်မှုအတန်အသင့်ရှိလာမယ်လို့စက်တင်ဘာ ၂ရက်ကထုတ်ပြန်တဲ့ စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့က သုံးလတစ်ကြိမ်ထုတ်ဝေတဲ့ စစ်တမ်းမှာ ဖော်ပြထားတာကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးက ယခုနှစ်မှာ ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မယ်လို့ ခန့်မှန်းခဲ့ရာ ဇွန်လ အတွင်းကကောက်ယူခဲ့တဲ့ စစ်တမ်းအရ ခန့်မှန်းထားတဲ့ ၂ ဒသမ ၇ ရာခိုင်နှုန်းအောက်ကို လျှော့ကျတာတွေ့ရကြောင်း စစ်တမ်းကောက်ယူခဲ့တဲ့ စီးပွားရေး ပညာရှင်များက ပြောပါတယ်။

စင်ကာပူရဲ့ကုန်ချောထုတ်လုပ်မှုကဏ္ဍက ယခင်စစ်တမ်းအရ ယခုနှစ်မှာ သုည ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းခဲ့ပေမယ့် ယခုစစ်တမ်း အရ ၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

ငွေကြေးနဲ့ အာမခံလုပ်ငန်းကဏ္ဍက ယခင် စစ်တမ်းအရခန့်မှန်းချက်ဖြစ်တဲ့ ၇ ရာခိုင်နှုန်းအောက် ကျဆင်းပြီး ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မယ်။ ဆောက်လုပ်ရေးကဏ္ဍက ယခင်ခန့်မှန်းချက် ၃ ဒသမ ၃ ရာခိုင်နှုန်းအောက်ကျဆင်းပြီး ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မယ်။ တည်ခိုခန်းနဲ့ အစားအသောက်လုပ်ငန်းက ၁ ရာခိုင်နှုန်းတိုးတက်မယ်လို့ ခန့်မှန်းထားရာမှ သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထား ပါ တယ်။

ဒါပေမယ့် လက်လီလက်ကား ကုန်သွယ်မှုကဏ္ဍက အတက်ဘက်မှာရှိနေမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီကဏ္ဍက ဇွန်လစစ်တမ်းအရ ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားပေမယ့် ယခုအခါ ၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်လို့ ပြင်ဆင်ခန့်မှန်းထားပါတယ်။

၂၀၁၅ ခုနှစ် တတိယသုံးလပတ်မှာ စင်ကာပူရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)က ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဇွန်လစစ်တမ်းအရ ခန့်မှန်းခဲ့တဲ့ ၂ ဒသမ ၉ ရာခိုင်နှုန်း နဲ့နှိုင်းယှဉ်ရင် ကျဆင်းနေတာကိုတွေ့ရပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Vol: 15, No.34 Monday September 7 2015

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ကွာလာလမ်ပူ

လျှပ်စစ်နဲ့ အီလက်ထရွန်းနစ် ကုန်ပစ္စည်းများဝယ်လိုအား အထူးသဖြင့်တရုတ်နိုင်ငံမှ ဝယ်လိုအား မြင့်တက်မှုနဲ့ ရင်းဂစ်ငွေကြေးတန်ဖိုး မြင့်တက်မှုကြောင့် မလေးရှားနိုင်ငံရဲ့ ဇူလိုင်လပို့ကုန်က ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စက်တင်ဘာ ၄ ရက်ကထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းများကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

ဖိလစ်ပိုင်နိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ရဲ့ ၃၅ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ပေးနေတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများအနေနဲ့ ချေးငွေရရှိရေးအတွက် ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းများကိုသာ မှီခိုနေရဆဲဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းယှဉ်ပါက နောက်ကျနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ဗန်ကောက်မြို့ ဗုံးပေါက်ကွဲမှု၊ ထိုင်းစတော့အိတ်ချိန်း အညွှန်းကိန်းကျဆင်းမှုနဲ့တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုတို့ကြောင့် ထိုင်းစားသုံးသူယုံကြည်မှုမှာ ထိုင်းနိုင်ငံကုန်သည်ကြီးများ တက္ကသိုလ်က တစ်နိုင်ငံလုံးမှာ ကောက်ယူတဲ့ စစ်တမ်းအရ ဇူလိုင်မှာ ၇၃ ဒသမ ၄ ရှိရာမှ ဩဂုတ်လမှာ ၇၂ ဒသမ ၃ အထိ ကျဆင်းခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးမူဝါဒများမှာ တရုတ်နိုင်ငံရဲ့ ငွေကြေးလျှော့ချမှုကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုကို သင့်တော်တဲ့ကာကွယ်မှုတွေ ပြုလုပ်နိုင်ရန်အတွက် အနီးကပ်လေ့လာစောင့်ကြည့်ဖို့ အမျိုးသားဘဏ္ဍာရေးကြီးကြပ်မှုကော်မရှင် (NFSC) က အဆိုပြုထားကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

## USA

# အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုဆက်လက်မြင့်တက်

ဇူလိုင်လမှ ဩဂုတ်လလယ်ထိ စစ်တမ်းကောက်ယူခဲ့တဲ့ နယ်မြေနဲ့ လုပ်ငန်းကဏ္ဍအများစုတွင် အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေကြောင်း အမေရိကန်ဗဟိုဘဏ်ရဲ့ စစ်တမ်းကို ကိုးကားပြီး ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။

ခရိုင် ၁၂ ခုရဲ့ စီးပွားရေးအခြေအနေကို လေ့လာသုံးသပ်ထားတဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ စစ်တမ်းဖြစ်တဲ့ Beige Book အရ ခရိုင်ခြောက်ခုမှာ အလယ်အလတ်အဆင့်ဖွံ့ဖြိုးမှု၊ ခရိုင် ၅ ခုမှာ အတန်အသင့်ဖွံ့ဖြိုးမှုရှိပြီး ကလိဗ်လင်းခရိုင်တစ်ခုသာ အနည်းငယ်တိုးတက်မှုရှိတယ်လို့ ဖော်ပြထားပါတယ်။

တန်ဖိုးခိုင်မာလာတဲ့ အမေရိကန်ဒေါ်လာ၊ နှေးကွေးကျဆင်းနေတဲ့ ကမ္ဘာ့ဝယ်လိုအားနဲ့ ဆက်လက်ကျဆင်းနေတဲ့ ရေနံဈေးနှုန်းတွေက အမေရိကန်ပြည်ထောင်စုရဲ့ ကုန်ချောထုတ်လုပ်မှုနဲ့ ပို့ကုန်တွေအပေါ်မှာ ဂယက်ရိုက်ခတ်မှုရှိနိုင်ကြောင်း စက်တင်ဘာ ၂ ရက်က ထုတ်ပြန်တဲ့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒေါ်လာတန်ဖိုး မြင့်တက်မှုနဲ့ အာရှဒေသမှာ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးနေတာတွေကြောင့် ဝယ်လိုအားကျဆင်းစေခဲ့ကြောင်း တချို့ခရိုင်တွေကပြောကြားသလို ရေနံဈေးနှုန်းကျဆင်းမှုတွေကြောင့် တချို့ခရိုင်တွေမှာ စက်ယန္တရားနဲ့ သတ္တုတွေရဲ့ ဝယ်လိုအား ကျဆင်းစေခဲ့ပါတယ်။

လက်လီ ရောင်းချမှုမှရရှိတဲ့ ဝင်ငွေတွေက တချို့ခရိုင်တွေမှာ ဆက်လက်မြင့်တက်နေပြီး တချို့ခရိုင်တွေမှာ လက်လီရောင်းချမှုတွေက ခန့်မှန်းထားသလောက်တိုးတက်မှု မရှိဘူးလို့ပြောပါတယ်။

ခရိုင်အများစုမှာ ဇူလိုင်နောက်ပိုင်းကစပြီး အလုပ်အကိုင် ရရှိမှုမြင့်တက်ပြီး လုပ်ခလစာတည်ငြိမ်မှု ရှိနေတယ်လို့ ပြောပါတယ်။

## EU

# ကမ္ဘာ့စီးပွားရေးမရေရာမှုများကြောင့် အီးစီဘီက အရေးယူဆောင်ရွက်မှုများတိုးမြှင့်



မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့ဈေးကွက်နဲ့ စီးပွားရေးမရေရာမှုတွေက ယူရိုဇုန်ကို ဂယက်ရိုက်ခတ်လာတဲ့အတွက် သမိုင်းတင်လောက်အောင် နိမ့်ကျနေပြီဖြစ်တဲ့ အတိုးနှုန်းတွေကို ယခုအတိုင်း ဆက်လက်ထားရှိမှာဖြစ်ကြောင်း ဥရောပဗဟိုဘဏ် (European Central Bank) က စက်တင်ဘာ ၃ ရက်မှာကြေညာခဲ့ပါတယ်။

အဖွဲ့ဝင် ၂၅ ဦး ပါဝင်တဲ့ အီးစီဘီအဖွဲ့အနေနဲ့ အီးစီဘီရဲ့အခြေခံစံထားနှုန်းကို ပြောင်းလဲခြင်းမပြုဘဲ သုည ဒသမ ဝ၅ ရာခိုင်နှုန်း အတိုင်း ဆက်လက် ထားရှိမှာဖြစ်ကြောင်း လေ့လာဆန်းစစ် ရေးမျှုးတွေက ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ငွေကြေးဖောင်းပွမှု ကျဆင်းခြင်း၊ စီးပွားရေးနဲ့ ဈေးကွက်တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေခြင်းစတဲ့ အချက်များကြောင့် ယူရိုဇုန် စီးပွားရေးကို ကျားကန်ပေးရန်နဲ့ ငွေတန်ဖိုးကျဆင်းမှု ဖြစ်ပေါ်လာတဲ့ ခြိမ်းခြောက်မှုများကို ရှောင်ရှားရန်အတွက် အရေးယူဆောင်ရွက်နိုင်ဖို့ အီးစီဘီက ထပ်မံဆောင်ရွက်စဉ်းစားရတော့မှာ ဖြစ်ပါတယ်။

ယခုရက်သတ္တပတ်မှာ ထုတ်ပြန်ခဲ့တဲ့ ကိန်းဂဏန်းအချက်အလက်များအရငွေကြေးဖောင်းပွမှုနှုန်းမှာ ဩဂုတ်လက သုည ဒသမ ၂ ရာခိုင်နှုန်းသာရှိပါတယ်။ တရုတ်စတော့ဈေးကွက်ကျဆင်းလာတာကြောင့်လည်း ကမ္ဘာ့ငွေကြေးဈေးကွက်မှာ ကသောင်းကနင်း ဖြစ်မှုတွေကြုံတွေ့ခဲ့ရပါတယ်။ အီးစီဘီက ရည်မှန်းထားတဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းအောက်ရောက်ရှိရေးအတွက်အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေက ထုတ်ဝေထားတဲ့ ယူရို ၁ ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ) တန်ဖိုးရှိတဲ့ဘွန်းစာချုပ်တွေကို ဝယ်ယူ သွားရန် ဗဟိုဘဏ်က အသင့်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အီးစီဘီ စီးပွားရေးပညာရှင်အကြီးအကဲ ပီတာပရာအက်က ပြောပါတယ်။

## East Asia

# နေစွမ်းအင်သုံးလျှပ်စစ် စွမ်းအားဖြန့်ဖြူးမှုက ဂျပန်နိုင်ငံနွေရာသီသုံး လျှပ်စစ်စွမ်းအားရဲ့ ၁၀ ရာခိုင်နှုန်းကိုဖြည့်ဆည်း

ဂျပန်နိုင်ငံရဲ့ နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ချိမှု က ဂျပန်နိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီကြီးကိုးခုရဲ့ နွေရာသီအမြင့်ဆုံးဖြန့်ဖြူးမှုရဲ့ ၁၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပေးလျက်ရှိကြောင်း စက်တင်ဘာ ၃ ရက်နေ့ထုတ် အဆာဟိသတင်းမှာပါရှိပါတယ်။ ဂျပန်နိုင်ငံကုမ္ပဏီကြီးကိုးခုရဲ့ ထုတ်လုပ်မှုမှာလည်း နျူကလီးယားဓာတ်ပေါင်းဖိုများမှ ထုတ်လုပ်မှုရဲ့ ၁၀ ရာခိုင်နှုန်းရှိကြောင်း သတင်းမှာ ဖော်ပြပါတယ်။

နေစွမ်းအင်မှ ထုတ်လုပ်တဲ့ လျှပ်စစ်စွမ်းအားက တစ်နှစ်အတွင်း ထုတ်လုပ်တဲ့ လျှပ်စစ်စွမ်းအားအရင်းအမြစ် စုစုပေါင်း ၂ ရာခိုင်နှုန်းခန့်သာရှိပေမယ့် နွေရာသီမှာ နေရဲ့အလင်းရောင် ရရှိတဲ့အခြေအနေကောင်းမွန်တဲ့အတွက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို ပိုမိုမြင့်တက်စေခဲ့ပါတယ်။ ဒါကြောင့် နေစွမ်းအင်ကနေ လျှပ်စစ်စွမ်းအားထုတ်လုပ်မှုက ဩဂုတ်လဆန်းပိုင်းမှာ ၁၅ ဂီဂါဝပ်အထိ ရောက်ရှိခဲ့ကြောင်း သတင်းစာမှာ ဖော်ပြပါတယ်။

ကမ္ဘာမှာ စီးပွားရေးအရ တတိယအကြီးမားဆုံးဖြစ်တဲ့ ဂျပန်နိုင်ငံက ၂၀၁၁ ခုနှစ် မတ်လက ဖူကူရှီးမား ဘေးအန္တရာယ် ကြုံတွေ့ပြီးနောက်ပိုင်း နျူကလီးလျှပ်စွမ်းအားအပေါ် မှီခိုနေရတဲ့အခြေအနေမှ ပြောင်းလဲဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်မှာ သန့်ရှင်းတဲ့ စွမ်းအင်ထုတ်လုပ်ရေးအတွက် ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပါတယ်။

## South Asia

# အိန္ဒိယနိုင်ငံရဲ့ ဩဂုတ်လ ကုန်ထုတ်လုပ်မှု တိုးတက်မှုနှုန်းနှေးကွေး

ခြောက်နှစ်ကျော် ကာလအတွင်း အလျင်အမြန်ဆုံးနှုန်းဖြင့် ဈေးနှုန်းများကိုလျှော့ချပြီး ရောင်းချခဲ့ရတဲ့ တိုင်အောင် ကုန်အမှာစာများ မှာယူတဲ့နှုန်း ကျဆင်းလာတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးနှုန်းက ဩဂုတ်လမှာ နှေးကွေးကျဆင်းလျက်ရှိကြောင်း စက်တင်ဘာ ၁ ရက်ကထုတ်ပြန်တဲ့ မားကစ်စီးပွားရေးစစ်တမ်းကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားတဲ့အတွက် စက်ရုံအရောက် ရောင်းဈေးက ဇူလိုင်လမှာ ၃ ဒသမ ၇၈ ရာခိုင်နှုန်း ကျဆင်းပြီး စံချိန်တင်နှုန်းကို ရောက်ရှိခဲ့ပါတယ်။ ယခုလို အခြေအနေမျိုးတွေကြောင့် အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းကို ထပ်မံလျှော့ချရမယ့် အခြေအနေမျိုးဖြစ်ရာ ယခုလအတွင်း လျှော့ချရမယ့် အနေအထား ရှိနေပါတယ်။

စက်တင်ဘာ ၂၉ ရက်နေ့မှာ ပြုလုပ်မယ့် အိန္ဒိယဗဟိုဘဏ် အစည်းအဝေးမှာ ငွေကြေးမူဝါဒလျှော့ချဖို့ အလားအလာက ၆၀ ရာခိုင်နှုန်းရှိမယ်လို့ စီးပွားရေးပညာရှင်များက ပြောကြောင်း ဩဂုတ်လ ၂၈ ရက်ကပြုလုပ်တဲ့ ရိုက်တာသတင်းဌာနရဲ့ စစ်တမ်းအရ သိရပါတယ်။

မားကစ်စစ်တမ်း ကောက်ယူရေးအဖွဲ့ရဲ့ ကုန်ချောထုတ်လုပ်မှုဝယ်ယူရေးမန်နေဂျာများရဲ့ အညွှန်းကိန်းက ဇူလိုင်လမှာ ၅၂ ဒသမ ၇ ရာခိုင်နှုန်း ရှိရာမှ ဩဂုတ်လမှာ ၅၂ ဒသမ ၃ ရာခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။

ကုန်ထုတ်လုပ်မှုနဲ့ အမှာစာတွေ ဆက်လက်တိုးတက်နေပေမယ့် တိုးတက်မှုနှုန်းက နှေးကွေးနေတာကိုတွေ့ရပါတယ်။

ပြည်တွင်းပြည်ပ နှစ်ခုစလုံးမှာ ဝယ်လိုအားတွေ ကျဆင်းနေတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ကုန်ချောထုတ်လုပ်မှုတိုးတက်နှုန်းက ဩဂုတ်လမှာ ကျဆင်းနေပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဩဂုတ်လအတွင်းမှာ အလုပ်အကိုင်ရရှိမှုအခြေအနေက အပြောင်းအလဲမရှိတာကိုတွေ့ရပါတယ်လို့ မားကစ် စစ်တမ်းကောက်ယူရေးအေဂျင်စီမှ စီးပွားရေးပညာရှင် ပိုလီယန်နာ ဒီလီမာက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်နိုင်ငံအလုပ်အကိုင်နဲ့ ပတ်သက်တဲ့ကိန်းဂဏန်းတွေထုတ်ပြန်တဲ့အခါ ဗဟိုဘဏ်က ယခုလထဲမှာ အတိုးနှုန်းတွေ တိုးမြှင့်ပေးမယ့် အလားအလာတွေတွေ့ရမလားဆိုတဲ့ အတွေးကြောင့် ရင်းနှီးမြှုပ်နှံသူတွေက သတိထား ဆောင်ရွက်လာကြတဲ့အတွက် စက်တင်ဘာ ၄ ရက်နေ့ မှာ အာရှငွေကြေးအများစု တန်ဖိုးကျဆင်းခဲ့ပြီး ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင်လည်း တန်ဖိုးကျဆင်းမယ့် အရိပ်အယောင်တွေကိုတွေ့မြင်နေရပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့်ဖြစ်ပေါ်တဲ့ စိုးရိမ်မှုတွေ လျော့ပါးစေမယ့်အကြောင်းတရားတွေလည်း ရှိနေတယ်လို့ ဆိုပါတယ်။ ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယခုလအတွင်းမှာ အတိုးနှုန်းတွေမြှင့်တင်ပေးမယ် ဆိုရင် အလုပ်အကိုင်ရရှိမှုအခြေအနေတွေက အတော်များများ ပိုမိုတိုးတက် ကောင်းမွန်ဖို့ လိုမှာဖြစ်ကြောင်း အချို့စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

ပို့ကုန် သွင်းကုန်တွေ ဆက်လက်ကျဆင်းနေတဲ့အတွက် တရုတ်နိုင်ငံရဲ့ စီးပွားရေးကိန်းဂဏန်းတွေကလည်းဆက်လက်ပြီးနှေးကွေးကျဆင်းမယ့်လက္ခဏာတွေ ပြသနေပါတယ်။ တရုတ်နိုင်ငံက အာရှနိုင်ငံအများစုရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံက အောက်တိုဘာလကစပြီး ငွေကြေးရောင်းဝယ်မှု စည်းမျဉ်းတွေကို တင်းကျပ်တော့မှာဖြစ်ကြောင်း ဒီလုပ်ငန်းနဲ့ နီးစပ်သူတွေက ရိုက်တာသတင်းဌာနကို ပြောပါတယ်။ ယွမ်ငွေကြေးတန်ဖိုးကျဆင်းနေတာကို ထိန်းချုပ်ဖို့ တရုတ်အာဏာပိုင်တွေ ဝင်ရောက်စွက်ဖက်လိမ့်မယ်လို့ ကုန်သည်တွေက ပြောပါတယ်။

**တရုတ်ယွမ်**

စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်ကို ဆောင်ရွက်ခြင်းသို့မဟုတ် ငွေကြေးတန်ဖိုးထပ်မံလျှော့ချခြင်းဖြင့် တရုတ်အာဏာပိုင်တွေက စီးပွားရေးနှေးကွေးကျဆင်းမှုကို တွန်းတင်ဖို့ကြိုးပမ်းကြလိမ့်မယ်လို့ ယူဆကြတဲ့အတွက် တရုတ်ယွမ်ငွေကြေးတန်ဖိုးက ၁၂ လအတွင်းထပ်မံကျဆင်းမယ်လို့ ခန့်မှန်းကြပါတယ်။

ယွမ်ငွေကြေးတန်ဖိုးက စက်တင်ဘာ ၄ ရက်နေ့မှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၃၅ ယွမ်ဝန်းကျင်ရှိနေရာမှ ၁၂ လအတွင်းမှာ တစ်ဒေါ်လာကို ၆ ဒသမ ၈၀ ယွမ်နှုန်းထိကျဆင်းမယ်လို့ စစ်တမ်းကောက်ယူချက်အရ သိရပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယ ပို့ကုန်လုပ်ငန်းတွေနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာကို ပြန်လည် ရောင်းချလာတဲ့အတွက် စက်တင်ဘာ ၄ ရက်နေ့ နံနက်ပိုင်းဈေးကွက်မှာ ရူပီး တန်ဖိုးက သုညဒသမ ၄ ရူပီးနှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၁၀ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ဘဏ်အချင်းချင်းဖလှယ်တဲ့ဈေးကွက်မှာ စက်တင်ဘာ ၃ ရက်နေ့က သုည ဒသမ ၀၅ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၂၄ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်ပဈေးကွက်မှာ အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းပြီး ရူပီးငွေကြေးအပေါ် ယုံကြည်မှုကို မြင့်တက်စေတယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒါပေမယ့် ပြည်တွင်းရှယ်ယာတွေဈေးကျတာက ရူပီးတန်ဖိုးမြင့်တက်မှုကို အထိန်းချုပ်ဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးမှုကို ဆက်လက်စိုးရိမ်နေရတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက ပိုမိုလုံခြုံစိတ်ချရတဲ့ Asset တွေဘက်ကို ဦးလှည့်လာတဲ့အတွက် စက်တင်ဘာ ၄ ရက်နေ့မှာ ယန်းငွေတန်ဖိုးခိုင်မာလာတာကိုတွေ့ရပါတယ်။

ငွေကြေးဖလှယ်နှုန်းတွေကိုကြည့်ရင် ဒေါ်လာနဲ့ ယန်း ဖလှယ်နှုန်းက စက်တင်ဘာ ၃ ရက်နေ့က နယူးယောက်ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၂၀ ဒသမ ၀၁ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၁၉ ဒသမ ၃၄ ယန်းနှုန်းဖြင့် ယန်းတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ အလားတူယူရိုနဲ့ ဖလှယ်ရာမှာလည်း တစ်ယူရိုကို ၁၃၃ ဒသမ ၅၃ ယန်းမှ ၁၃၂ ဒသမ ၉၁ ယန်းဖြင့် ယန်းငွေ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းဂစ်ငွေကြေးကို ဝယ်ယူမှုကျဆင်းတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ငွေကြေးဖလှယ်နှုန်းက စက်တင်ဘာ ၃ ရက်နေ့က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၄၃၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၅၇၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အမေရိကန် ပြည်ထောင်စုက အလုပ်အကိုင် ကိန်းဂဏန်းတွေထုတ်ပြန်ရင် ယခုနှစ်အတွင်း ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်ဖို့ ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်ကို အဟန့်အတားဖြစ်စေမယ့် အလားအလာတွေကို တွေ့မြင်နေရပြီး ပြည်တွင်းငွေကြေးအဖွဲ့အစည်းတွေက ရှယ်ယာတွေကို ပြန်ထုတ်လာတဲ့အတွက် တောင်ကိုရီးယားရှယ်ယာတန်ဖိုးတွေ ကျဆင်းခဲ့ပါတယ်။

ငွေကြေးဈေးကွက်မှာ ဝမ်ငွေကြေးရဲ့ဖလှယ်နှုန်းက စက်တင်ဘာ ၃ ရက်နေ့ ဈေးပိတ်ချိန်ကထက် ၃ ဒသမ ၁ ဝမ်နှုန်း ပိုမိုမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၉၃ ဒသမ ၄၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်း ဘတ်ငွေကြေးအပေါ် စားသုံးသူတွေရဲ့ ယုံကြည်မှုက ဩဂုတ်လအတွင်း ရှစ်လမြောက်အဖြစ်ဆက်တိုက်ကျဆင်းခဲ့တဲ့အတွက် ဘတ်ငွေတန်ဖိုးက စက်တင်ဘာ ၄ ရက်နေ့မှာ ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ဘတ်ငွေကြေးတို့ရဲ့ ဖလှယ်နှုန်းက စက်တင်ဘာ ၄ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၅ ဒသမ ၈၄ ဘတ်နှုန်း ရှိခဲ့တဲ့အတွက် နေ့အလိုက် နှိုင်းယှဉ်ရင် သုည ဒသမ ၀၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပေမယ့် ယခုနှစ်အတွင်းမှာ ၈ ဒသမ ၁၉ ရာခိုင်နှုန်း ကျဆင်းပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်မှာကို စိုးရိမ်မှုကြောင့် တရုတ်ယွမ်တန်ဖိုးမြင့်တက်

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်ရဲ့ ရည်ညွှန်းနှုန်းကို ပိုမိုမြှင့်တင်လိုက်ပြီး နောက်ပိုင်းဩဂုတ်လ ၃၁ ရက်နေ့မှာ တရုတ်ယွမ်ငွေကြေးခိုင်မာလာခဲ့ပါတယ်။ တရုတ်နိုင်ငံငွေကြေးကို အထောက်အကူရစေဖို့အတွက် နိုင်ငံပိုင်ဘဏ်များကို ဆက်လက်အသုံးပြုနေကြတယ်လို့ ယူဆရကြောင်း ကုန်သည်တွေရဲ့ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဩဂုတ် ၁၁ ရက်နေ့မှာ ယွမ်ငွေတန်ဖိုးကို ၂ ရာခိုင်နှုန်းနီးပါး လျှော့ချပေးခြင်းဖြင့် တရုတ်ဗဟိုဘဏ်က ဈေးကွက်တွေကို ရုတ်တရက်အငိုက်မိအောင် ဆောင်ရွက်ခဲ့တဲ့အတွက် ငွေကြေးတန်ဖိုးကျဆင်းခဲ့ တာဖြစ်ပါတယ်။

“ဒီကနေ့ (ဩဂုတ် ၃၁ ရက်) မနက်မှာ နိုင်ငံပိုင်ဘဏ်တွေက ယွမ်ငွေကြေးအမြောက်အများကိုဝယ်ယူခဲ့ပါတယ်”လို့ ရှန်ဟဲမှာရှိတဲ့ဘဏ်တစ်ခုရဲ့ ကုန်သည်တစ်ဦးကပြောပါတယ်။

ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၆ ဒသမ ၃၈ ယွမ်ဝန်းကျင်မှာ ထိန်းထားနိုင်ဖို့အတွက် နိုင်ငံပိုင်ဘဏ်ကြီးတွေက ဗဟိုဘဏ်ကိုယ်စား ဝင်ရောက်စွက်ဖက်လိမ့်မယ်လို့ ကုန်သည်အများအပြားကပြောကြားပါတယ်။ ဈေးကွက်မဖွင့်မီမှာ ဗဟိုဘဏ်ဖလှယ်နှုန်း ပျမ်းမျှ တစ်ဒေါ်လာကို ၆ ဒသမ ၃၈၉၃ ယွမ်နှုန်း သတ်မှတ်ပေးလိုက်တဲ့အတွက် ယခင်နေ့ကရှိခဲ့တဲ့ တစ်ဒေါ်လာကို ၆ ဒသမ ၃၉၈၆ ယွမ်နှုန်းနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၁၅ ရာခိုင်နှုန်းကျဆင်းတာကို တွေ့ရပါတယ်။

ဩဂုတ် ၁၁ ရက်မှာ ယွမ်တန်ဖိုးချပြီးနောက် ကမ္ဘာ့ဈေးကွက်ရဲ့တုံ့ပြန်မှုကြောင့် ငွေကြေးစစ်ပွဲဖြစ်ပွားမှုကို စိုးရိမ်တဲ့အတွက်တရုတ်အစိုးရက ယွမ်ငွေကြေးတန်ဖိုးကိုဆက်လက်ထိန်းသိမ်းခဲ့ပါတယ်။

## အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းမြှင့်တင်မှုဂယက်ကိုရင်ဆိုင်ဖို့ ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များအသင့်ဖြစ်

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်လိုက်ပါက ဖြစ်ပေါ်လာမည့်အကျိုးဆက်ကို ရင်ဆိုင်ဖို့အသင့်ဖြစ်ကြောင်းနဲ့ အမေရိကန်ဗဟိုဘဏ်က သူရဲ့အတိုးနှုန်းကိစ္စကိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ကသောင်းကနင်းမဖြစ်အောင်ဆောင်ရွက်နိုင်ပါက ပိုမိုသဘောကျကြောင်း ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ဒေါ်လာတန်ဖိုးက တစ်နှစ်ကြာမြင့်တက်ခဲ့ပြီးနောက်ပိုင်း အမေရိကန်ဗဟိုဘဏ်က ငွေကြေးမူဝါဒတင်းကျပ်မှုတွေ ပြုလုပ်ထားပြီးဖြစ်ကြောင်းနဲ့ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်ကလည်း တတ်နိုင်သလောက် အသင့်ဖြစ်အောင်ဆောင်ရွက်ထားကြောင်း ဂျက်ကဆင်ဟိုးမှာ ကျင်းပတဲ့ကမ္ဘာတစ်ဝန်းရှိဗဟိုဘဏ်လုပ်ငန်းရှင်များရဲ့ ကွန်ဖရင့်မှာ ပြောကြားပါတယ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ မက္ကဆီကိုနိုင်ငံမှာလည်း စိန်ခေါ်မှုတွေရှိနေပေမယ့် အိမ်နီးချင်းအမေရိကန်နိုင်ငံက အတိုးနှုန်းမြှင့်တင်လိုက်ပါက မက္ကဆီကို စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားပေးရာရောက်လိမ့်မယ်လို့ ယုံကြည်ကြကြောင်း မက္ကဆီကိုရှိ ထိပ်တန်းဗဟိုဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ အာဂတ်စတင်ကာစတင်းက ပြောပါတယ်။

ငွေကြေးဖောင်ပွနှုန်း မြင့်တက်လာပြီး အလုပ်လက်မဲ့နှုန်း ကျဆင်းမယ်။ စီးပွားရေး နာလန်ထူပြီလို့ ယုံကြည်မယ်ဆိုရင် အမေရိကန်ပြည်ထောင်စုက ငွေကြေးမူဝါဒကို တင်းကျပ်တော့မှာဖြစ်ကြောင်း ရိုက်တာသတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ကာစတင်းက ပြောပါတယ်။

Vol: 15, No.34 Monday September 7 2015

# အိန်ဂျလီနာဂျိုလီနဲ့ ခွဲမရအောင်တူလာလို့ နာမည်ကြီးလာတဲ့ ချဲလ်ဆီးမားရ်

စကော့တလန်နိုင်ငံရဲ့ တက္ကသိုလ်ကျောင်းသူလေး တစ်ဦးဖြစ်တဲ့ ချဲလ်ဆီးမားရ်ဟာ ဟောလိဝုဒ်ရဲ့နာမည်ကြီးမင်းသမီးတစ်ဦးဖြစ်တဲ့ အိန်ဂျလီနာဂျိုလီနဲ့ ခွဲမရအောင်တူနေတာကို အင်တာနက်စာမျက်နှာများပေါ်မှာပျံ့လွင့်ခဲ့ပါတယ်။ ချဲလ်ဆီးမားရ်ဟာ အသက် ၂၄ နှစ်အရွယ်သာရှိသေးပေမယ့် အသက် ၄၀ အရွယ်ရှိနေတဲ့ ဂျိုလီနဲ့ ခွဲမရအောင်တူနေတဲ့အတွက် သူငယ်ချင်းတွေကနောက်ပြောင်ပြီး သူ့ကိုမက်ခ်ဂျိုလီလို့ ခေါ်ဝေါ်ခဲ့ကြတာပါ။

ချဲလ်ဆီးမားရ်ရဲ့သူငယ်ချင်းတွေက သူငယ်ချင်းဖြစ်သူရဲ့ဓာတ်ပုံကို မြင်တွေ့ခဲ့ပြီး ဖေ့စ်ဘုတ်ပေါ်မှာ တင်ခဲ့ရာက အစပြုပြီး လူသိများလာခဲ့တာဖြစ်ပါတယ်။

သူဟာ အရှက်အကြောက်ကြီးသူ တစ်ယောက်ဖြစ်တာကြောင့် သူ့ရဲ့ စတိုင်ကျကျ ရိုက်ကူးထားတဲ့ အထူးသဖြင့် ဂျိုလီရဲ့စတိုင်အတိုင်း ရိုက်ကူးထားတဲ့ပုံတွေကို ဖေ့စ်ဘုတ်ပေါ်မှာ တင်ပေးခဲ့တာပါ။ သူငယ်ချင်းတွေဟာ သူတို့ရဲ့ဖေ့စ်ဘုတ်ကနေတစ်ဆင့် မားရ်ရဲ့ Instagram ပေါ်ကို တင်ပေးခဲ့ကြတာဖြစ်ပါတယ်။ အဲဒါကြောင့် သူ့ရဲ့ Instagram မှာ Follower ပေါင်း ၅၆၀၀၀ ကျော်ရရှိသွားခဲ့ပါတယ်။

ဒုတိယဂျိုလီလို့အပြောခံရတဲ့ မားရ်က သူဟာ မော်ဒယ်တစ်ယောက်မဟုတ်ဘဲ ရေနံနဲ့သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းက ဝန်ထမ်းတစ်ဦးသာဖြစ်တဲ့အကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။

သူ့ကို မော်ဒယ် ဘာကြောင့်မလုပ်သလဲလို့ မေးတဲ့အခါ သူ့ရဲ့အရပ်က ငါးပေနဲ့ နှစ်လက်မသာရှိပြီး ဂျိုလီရဲ့အရပ်က ငါးပေနဲ့ ခုနစ်လက်မရှိလို့ ဂျိုလီ့ကို မမှီနိုင်ပါဘူးလို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။





## ၃၄ ပြည့်နှစ်မွေးနေ့ပွဲကို ကျင်းပခဲ့တဲ့

# ဘီယွန်နဲ့စ်

အမေရိကန် ရက်ပါအဆိုတော်မလေး ဘီယွန်နဲ့စ်ဟာ သူ့ရဲ့၃၄နှစ်ပြည့်မွေးနေ့ကို ဖီလာဒဲလ်ဖီးယားမှာရှိတဲ့စား သောက်ဆိုင်တစ်ဆိုင်မှာ ကျင်းပခဲ့ပါတယ်။ စက်တင်ဘာ ၄ ရက်မှာကျရောက်ခဲ့တဲ့ ဘီယွန်နဲ့စ်ရဲ့ ၃၄နှစ်ပြည့်မွေးနေ့ပွဲကို သူ့ရဲ့ခင်ပွန်းဖြစ်တဲ့ဂျေးဇီက သမီးလေး ကြည်ပြာရောင်ပင်စိမ်းနွယ် (Blue Ivy) လေးရဲ့လက်ကိုဆွဲပြီး ရောက်လာခဲ့ပါတယ်။

ဖခင်တစ်ဦးရဲ့ တာဝန်ဝတ္တရားတွေကို ပြုလုပ်ပေးရမှာဖြစ်လို့ သမီးကို သူ့ရဲ့မိခင်ဖြစ်သူဆီကို ခေါ်လာရတာပါလို့ ဂျေးဇီက ပြောကြားခဲ့ပါတယ်။

ဘီယွန်နဲ့စ်ဟာ သူ့ရဲ့မွေးနေ့ပွဲကို သူ့ရဲ့သူငယ်ချင်း အနည်းအကျဉ်းကိုသာ ဖိတ်ကြားခဲ့ပေမယ့် သူ့ရဲ့ Instagram ပေါ်မှာတော့ သူ့ကို မွေးနေ့ဆုတောင်းပေးသူတွေနဲ့ ပြည့်နှက်နေပါတယ်။ အဲဒီမွေးနေ့ဆုတောင်းပေးသူတွေထဲမှာ အမေရိကန်သမ္မတ အိုဘားမားရဲ့ဇနီးချော မီရှယ်အိုဘားမားလည်း ပါဝင်ခဲ့ပါတယ်။

ဘီယွန်နဲ့စ်ရဲ့သမီးဖြစ်တဲ့ ကြည်ပြာရောင်ပင်စိမ်းနွယ်လေးက သူ့ရဲ့မိခင်ဖြစ်သူကို 'ဟက်ပီးဘတ်ဒေး မမ်'လို့ ကားချပ်လေးတစ်ခုရေးဆွဲပြီး ပေးပို့ခဲ့ပါတယ်။ ဘီယွန်နဲ့စ်ဟာ သူ့ရဲ့မွေးနေ့ပွဲကို Bey Day လို့ အမည်ပေးပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။

## မီးသတ်သမားကို ကျေးဇူးတင်ခဲ့တဲ့

# ပဲရစ်စ်ဟီလ်တန်



အမေရိကန်ရုပ်ရှင်မင်းသမီး ပဲရစ်ဟီလ်တန်ဟာ ပိုလန်နိုင်ငံရဲ့ လေဆိပ်မှာ သူ့ရဲ့အမေရိကန်သုံးသိန်းခွဲတန်ကြေးရှိတဲ့ စိန်လက်စွပ်တစ်ကွင်း ကျပျောက်ခဲ့ပါတယ်။ ပိုလန်နိုင်ငံ၊ လော့ဒ်လေဆိပ်မှာ သူ့ရဲ့ကိုယ်ပိုင်ဂျက်လေယာဉ်ကိုစောင့်ရင်း သူ့ရဲ့စိန်လက်စွပ်ပျောက်သွားလို့ စိုးရိမ်ပူပန်မှုတွေဖြစ်ခဲ့ရပါတယ်။

လေဆိပ်ကို ကမူးရှူးထိုးရောက်လာခဲ့ပြီး လေဆိပ်အဝင်လမ်းမှာ အဲဒီစိန်လက်စွပ် ကျပျောက်ခဲ့တာဖြစ်မယ်လို့ ယူဆခဲ့ပါတယ်။ သူဟာ လေဆိပ်ရဲ့ဧည့်ခန်းမဆောင်မှာ သူမရဲ့ကိုယ်ပိုင်ဂျက်လေယာဉ်ကို ထိုင်စောင့်နေပေမယ့် မောပန်းနွမ်းနယ်နေတာကြောင့် လက်စွပ်ကို သတိမထားမိခဲ့ပါဘူး။ ပဲရစ်စ်ဟာ အမေရိကန်ကိုပြန်ရောက်မှပဲ သူ့ရဲ့လက်စွပ်ပျောက်နေတာကို သတိရမိခဲ့ပါတယ်။

အမေရိကန်ကို ပြန်ရောက်ပြီး နှစ်ရက်အကြာမှာ ပဲရစ်ဆီကို ပိုလန်လေဆိပ်ရဲ့တာဝန်ရှိသူတစ်ဦးက ဖုန်းဆက်ပြီး စိန်လက်စွပ်ကိုတွေ့ပြီလို့ အကြောင်းကြားခဲ့တာပါ။ အဲဒီစိန်လက်စွပ်ကို မီးသတ်ဝန်ထမ်းတစ်ဦးက လေဆိပ်ကြိုပို့ယာဉ်ရဲ့ ကြမ်းပြင်ပေါ်မှာ ကျနေတာကို တွေ့ရှိခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ပဲရစ်ဟာ သူ့ရဲ့စိန်လက်စွပ်ပျောက်သွားတယ်ဆိုတာကို ဘယ်သူ့ကိုမှ ပြောပြမထားပေမယ့် လေဆိပ်ရဲ့တာဝန်ကျ မီးသတ်ဝန်ထမ်းက ဒါဟာ ပဲရစ်ရဲ့စိန်လက်စွပ်ဖြစ်မယ်လို့ ပြောတဲ့အတွက် လေဆိပ်တာဝန်ရှိသူတွေက သူ့ထံကို အကြောင်းကြားခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

## အဖေ့ရဲ့ခြေရာအတိုင်း ထပ်တူနင်းနိုင်တဲ့

# သားတော်မောင် ဘက်ခ်ဟမ်

ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းရဲ့သားကြီး ဘရွတ်ကလင်းဘက်ခမ်းဟာ ဖခင်ဖြစ်သူရဲ့ခြေရာကိုတစ်ထပ်တည်းကျအောင် နင်းနိုင်မယ့် အဖေတူသားတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဘရွတ်ကလင်းဟာ ပြီးခဲ့တဲ့ရက်အတွင်းက ပြင်သစ်နိုင်ငံရဲ့ ထင်ရှားကျော်ကြားတဲ့ မဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ Miss Vogue မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ဓာတ်ပုံရိုက်ကူးခဲ့တာပဲဖြစ်ပါတယ်။ ဘရွတ်ကလင်းဟာ အသက် ၁၆ နှစ်အရွယ်သာရှိသေးပြီး အောက်တိုဘာလမှာ ထုတ်ဝေမယ့် Miss Vogue မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် မော်ဒယ်တစ်ဦးနဲ့အတူ ပါဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။




ဘရွတ်ကလင်းဟာ အမေရိကန်နိုင်ငံရဲ့ အခက်အခဲဆုံး စာမေးပွဲတစ်ခုဖြစ်တဲ့ GCSEs A Level ကို ဖြေဆိုအောင်မြင်ပြီးဖြစ်တာကြောင့် သူငယ်ချင်းတွေကြားမှာလည်း ရေပန်းစားနေသူတစ်ဦး ဖြစ်ပါတယ်။

သူ့ကို အဲဒီမဂ္ဂဇင်းက အင်တာဗျူးထားရာမှာတော့ "ကျွန်တော်ဘောလုံးကိုပဲ ချစ်ပါတယ်။ ဒါပေမယ့် ဓာတ်ပုံရိုက်ကူးတာနဲ့ ရုပ်ရှင်ရိုက်တာကိုလည်း တော်တော်လေး ကြိုက်ပါတယ်။ အခု ကျွန်တော်ရတဲ့ အခွင့်အရေး အပြည့်အဝအသုံးချထားတာပါ"လို့ ပြောကြားခဲ့ပါတယ်။

ဘရွတ်ကလင်းရဲ့ဖခင်ဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းနဲ့မိခင်ဖြစ်တဲ့ ဗစ်တိုးရီးယားတို့ဟာလည်း ၂၀၀၃ ခုနှစ်စက်တင်ဘာလထုတ် American Vogue မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခွင့်ရခဲ့ပြီး လူသိပိုများခဲ့တာဖြစ်ပါတယ်။

# Bright Time Trading Co., Ltd

နံနက် (၆)နာရီမှ ညနေ(၆)နာရီအထိ ဖွင့်လှစ်ဖြန့်ဖြူးရောင်းချပေးလျှက်ရှိပြီး
စက်သုံးဆီထည့်ရန် စတီးပေပါများ(ဖိုက်ဗာ) ပလပ်စတစ်ပုံးခွံ ဆိုဒ်မျိုးစုံ
ဝယ်ယူအားပေးနိုင်ပါသည်။







ပါလှံ့ (၃)လမ်းဆုံနှင့် မိုလ်ချုပ်လမ်းထောင့်၊ ရန်အောင်မြေရပ်ကွက်၊
တာချီလိတ်မြို့နှင့် မိုလ်ချုပ်လမ်းဈေးကြီးထောင့်၊ အမှတ်(၁)ရပ်ကွက်၊ ကျိုင်းတုံ။
ဖုန်း – ၀၈၄–၅၁၃၉၂ (တာချီလိတ်)၊ ၀၈၄– ၂၁၀၁၈(ကျိုင်းတုံ)




# ဂျပန်စားသောက်ကုန်လုပ်ငန်းများက ဆန်နို့ကို အမြောက်အမြားထုတ်လုပ်

ချိုပြီးအာဟာရပြည့်ဝတဲ့ ဆန်နို့ (Rice Milk) ကို လူကြိုက်များကျော်ကြားလာတဲ့အတွက် ဂျပန်အစားအစာထုတ်လုပ်ရေးကုမ္ပဏီများက ဈေးကွက်အတွင်း ဆန်နို့များကို အမြောက်အမြား တင်သွင်းလာကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။

"ဆန်နို့ဈေးကွက်က ယန်းတစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၈ ဒသမ ၃၈ သန်း) ဖိုးအထိ ထွန်းကားလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဆန်စားသုံးမှုက ကျဆင်းနေတဲ့အတွက် ဆန်ကိုအချိုရည်ထုတ်လုပ်တဲ့လုပ်ငန်းမှာအသုံးပြုဖို့ ကျွန်တော် အများကြီးမျှော်လင့်ချက်ထားပြီး ဆောင်ရွက်နေပါတယ်"လို့ ဆန်နို့ (Okome no Milk) ကို ဈေးကွက်တင်နိုင်ဖို့ ကြိုးစားနေတဲ့ အမျိုးသားလယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းချုပ် (National Federation of Agricultural Co-operative Association) ရဲ့ အရာရှိတစ်ဦးက ပြောပါတယ်။




ဆန်ကနေထုတ်လုပ်ပြီး နို့နဲ့တူတဲ့ အချိုရည်ကို ဂျပန်လူမျိုးစားသုံးသူတွေကြားမှာ လူကြိုက်မများသေးပါဘူး။ ဒီအချို ရည်မျိုးကို အဓိကအားဖြင့် ပြည်ပမှတင်သွင်းပြီး စူပါ မားကက်တွေမှာသာ ရောင်းချလေ့ရှိပါတယ်။

ဒါပေမယ့် ယခင်နှစ်ဇူလိုင်လအတွင်းက ဖူကူအိအခြေစိုက် KST World Corp က Gen-My ဆိုတဲ့အချိုရည်ကို ပြည်တွင်းမှာ ထုတ်လုပ်ပြီး ဖြန့်ချိခဲ့ပါတယ်။ အဆိုပါကုမ္ပဏီကထုတ်လုပ်တဲ့ ဆန်နို့ကို စူပါမားကတ်တွေနဲ့ တခြားစတိုးဆိုင်တွေမှာတင်ပြီး တစ်ဘူးကို ၂၇၅ ယန်းနဲ့ ရောင်းချခဲ့ပြီး ဈေးကွက်မှာ လူသိများလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မတ်လမှာ ဟင်းခတ်အချိုမှုန့်ထုတ်လုပ်တဲ့ ကီကိုမန်ကော်ပိုရေးရှင်းက လုံးတီးဆန်ကထုတ်လုပ်တဲ့ ဆန်နို့ကို ဈေးကွက်မှာ တင်ပြီးယန်း ၂၀၀ နှုန်းနဲ့ ရောင်းချခဲ့ပါတယ်။

အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကလည်း အလားတူ ဆန်နို့ကို အရသာတစ်မျိုးနဲ့ ထုတ်လုပ်ပြီး ဈေးကွက်ကို ခါတော်မီအဖြစ် ဝင်ရောက်ခဲ့ပါတယ်။

ယေဘုယျအားဖြင့် ဆန်နို့ကိုထုတ်လုပ်ရာမှာ ဆန်ကို ထမင်းချက်ပြီးရလာတဲ့ ကစီဓာတ်ကနေ သကြားဓာတ်ရအောင် ထုတ်လုပ်တာဖြစ်ပါတယ်။

ထုတ်လုပ်ရရှိတဲ့ ထုတ်ကုန်က သကြား မထည့်ရဘဲ ချိုတဲ့အရသာရှိပါတယ်။ ဂျပန်မှာ လူကြိုက်နည်းပေမယ့် အမေရိကန်ပြည်ထောင်စု၊ ဥရောပနဲ့ တချို့သက်သတ်လွတ်သမားတွေက နွားနို့ထက်ဆန်နို့ကို ပိုကြိုက်ကြပါတယ်။

**UNT**

## စင်ကာပူလုပ်သားတို့က အကြံဉာဏ်တောင်းဖို့ ဝန်လေး

စင်ကာပူ ဝန်ထမ်းများအနေနဲ့ သူတို့ရဲ့ နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရာမှာ လုပ်ငန်းစွမ်းရည် တိုးတက်ကောင်းမွန်ဖို့အတွက် သတင်းအချက်အလက်သစ်တွေ သင်ယူဖို့ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ ဒါပေမယ့် သူတို့က အကြံဉာဏ်တောင်းခံဖို့ ဝန်လေးကြပါတယ်။

မသိတာရှိလို့ မေးရင် သူတို့ကို အရည်အသွေးမပြည့်ဝဘူးလို့ ထင်မှာစိုးတဲ့အတွက် အကြံဉာဏ်တောင်းဖို့ ဝန်လေးတတ်ကြကြောင်း ဟားဗတ်စီးပွားရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ အလစ်ဆင်ဝုဒ်ဘရွတ်က ပြောပါ တယ်။

တကယ်တော့ သူတစ်ပါးဆီကအကြံဉာဏ်တောင်းတတ်သူတွေက အကြံဉာဏ်မတောင်းသူတွေနဲ့ နှိုင်းယှဉ်ရင်ပိုမိုပြီး စွမ်းရည်ထက်မြက်တယ်လို့ မကြာမီက တင်သွင်းခဲ့တဲ့ အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။

"အဖွဲ့အစည်းတွေမှာ သတင်းအချက်အလက်ဖလှယ်တာက အလွန်အရေးပါ ပါတယ်။ လူတွေက တစ်သီးတခြားနဲ့ တစ်ကိုယ်တော်ဇာတ်ကျင့်နေကြရင် တစ်ဦးနဲ့တစ်ဦး ဘယ်တော့မှ အဆက်အသွယ်လုပ်ဖြစ်မှာ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက်ဆီကလည်း ဘာကိုမှသင်ယူကြမှာ မဟုတ်ပါဘူး။ အကြံဉာဏ်တွေကို တောင်းခံတာ မရှိဘူးဆိုရင် ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေဆီကနေသင်ယူနိုင်တဲ့ အခွင့်အလမ်းကြီးတွေကို လက်လွတ်ဆုံးရှုံးကြမှာဖြစ်ပါတယ်"လို့ သုတေသီတွေက သုံးသပ်ပါတယ်။

ယခုသုံးသပ်ချက်ကို သုတေသီတွေက ထုတ်ပြန်နိုင်ဖို့အတွက် ဆောင်ရွက်ရာမှာ ကောလိပ်ကျောင်းသားတွေနဲ့ အရွယ်ရောက်ပြီးဖြစ်တဲ့ အလုပ်သမားတွေကိုစစ်တမ်း ကောက်ယူပြီး သူတို့ရဲ့တုံ့ပြန်ချက်တွေကို မူတည်ပြီးလေ့လာသုံးသပ်ခဲ့တာ ဖြစ်ပါတယ်။

**UNT**

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< August And September Sailing Schedule >>

DATE : 7th SEPTEMBER 2015
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | MYANMAR YANGON | THAILAND LAEM CHABANG |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 15.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။